# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**ရာဂသည် ဖောက်ဝင်နိုင်၏**

အိမ်ကို မကောင်းသဖြင့် မိုးအပ်သည်ရှိသော် မိုးရေသည် ဖောက်ဝင်နိုင်သကဲ့သို့ စိတ်ကို (သမထ၊ ဝိပဿနာတို့ဖြင့်) ကောင်းစွာ မပွားထုံအပ်သည်ရှိသော် ရာဂသည် ဖောက်ဝင်နိုင်၏။

ယမကဝဂ်(ဓမ္မပဒ-၁၃)


၁၃၈၃ ခုနှစ်၊ တန်ခူးလပြည့်ကျော် ၆ ရက်    ၂၀၂၁ ခုနှစ်၊ မေ ၂ ရက်၊ တနင်္ဂနွေနေ့    အတွဲ (၆၀)၊ အမှတ် (၂၁၁)


# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

**၂၀၂၁ ခုနှစ်၊ မေလ ၁ ရက်**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်နှင့် ကျွန်းလှမြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းစစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | စစ်ကိုင်းတိုင်းဒေသကြီး တန့်ဆည်မြို့နယ် မဲရုံ ၁၁၆ ရုံ | ၁၄၆၄၉၈ | ၁၄၁၇၂၉ | ၄၄၆၃ | ၃၈၂ | ၁၀၃၁၄ |
| ၂ | စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ် မဲရုံ ၉၁ ရုံ | ၇၇၁၆၄ | ၅၁၀၅၉ | ၄၃၁၇ | ၃၂၃ | ၆၄၀၄ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ စစ်ကိုင်းတိုင်းဒေသကြီး၊တန့်ဆည်မြို့နယ်နှင့် ကျွန်းလှမြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကို သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ သက်ဆိုင်ရာမြို့နယ်များရှိ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၏ရှေ့မှောက်တွင် မြေပြင်ဖွင့်ဖောက် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၂၀၇ ရုံ၊ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၂၅၁၇၀၉ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၇၄၆၁၄၊ ကျန်ရှိရမည့်အရေအတွက်မှာ ၇၇၀၉၅၊ မြေပြင်လက်ကျန် ၇၄၉၆၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၃၆၀၇ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၁၄၈၁ ဖြစ်သည်။


*စာမျက်နှာ ၁၀ ကော်လံ ၁* ◆


## ယနေ့မာတိကာ


**အိန္ဒိယမှလာသည့် ခရီးသွားများကို အမေရိကန်သို့ ဝင်ရောက်ခွင့် ကန့်သတ်ထားမည်ဖြစ်**

*နိုင်ငံတကာ၊ စာမျက်နှာ - ၁၃*

**ကိုဗစ် - ၁၉ ကူးစက်မှု မြင့်တက်နေသည့် အိန္ဒိယကို နိုင်ငံတကာအသိုင်းအဝိုင်းက ဆက်လက်ကူညီသွားမည်**

*နိုင်ငံတကာရေးရာ စာမျက်နှာ - ၁၄*

**လက်ရှိ စည်းကြပ် ကောက်ခံလျက်ရှိသည့် အခွန်အကောက် အမျိုးအစားများ**

*ဆောင်းပါး၊ စာမျက်နှာ - ၂၇*




# ကိုဗစ် - ၁၉ ရောဂါ ဖြစ်ပွားမှုများကြောင့် အခွန်ကောက်ခံမှုများ လျော့နည်းနိုင်သော်လည်း ကောက်ခံရန်ရှိသည့်အခွန်များကို အပြည့်အဝကောက်ခံရရှိရေး ကြိုးစားဆောင်ရွက်

**ရန်ကုန် မေ ၁**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ရှိ အကောက်ခွန်ဦးစီးဌာန (ရုံးချုပ်)၌ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ထင်က ဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာ ကိစ္စရပ်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံ့ဝန်ထမ်းများသည် မိမိတို့၏ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျင့်ကြံနေထိုင်သွားရန်၊ ရသင့်ရထိုက်သော အခွန်အခများရရှိရေး ကြိုးပမ်းဆောင်ရွက်သွားရန်နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁၉ ရောဂါများ တစ်ကျော့ပြန်လည်ဖြစ်ပွားမှုများ မြင့်တက်လာနေသည့်အတွက် ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုအား ထိန်းချုပ်ကာကွယ်နိုင်ရေးအတွက် ဝန်ထမ်းတစ်ဦးချင်းမှစ၍ ကျန်းမာရေးကို အထူးဂရုပြုနေထိုင်စားသောက်ကြရန်၊ ထို့ပြင် လုံခြုံရေးအထူးဂရုပြုဆောင်ရွက်ရန်၊ ပြည်ထောင်စု


*စာမျက်နှာ ၃ ကော်လံ ၄* ●

# သတင်းသမားနှင့် လွတ်လပ်ခွင့်

သတင်းလွတ်လပ်ခွင့်ဟူသည် သတင်းသမား၊ မီဒီယာသမားတို့ အလိုလားအတောင့်တဆုံးသော အခွင့်အရေးဖြစ်သည်။ လွတ်လပ်စွာ သတင်းအချက်အလက်ရယူပိုင်ခွင့်၊ လွတ်လပ်စွာ သတင်းရေးသားဖော်ပြခွင့်၊ လွတ်လပ်စွာ ဝေဖန်သုံးသပ်ခွင့်စသည့်အခွင့်အရေးများက သတင်းလွတ်လပ်ခွင့်တွင် ပါဝင်သည်။ ကမ္ဘာ့နိုင်ငံအသီးသီးတွင် သတင်းလွတ်လပ်ခွင့်ကို ထိန်းချုပ်သည့်နိုင်ငံများ၊ အကန့်အသတ်ဖြင့် ခွင့်ပြုသည့်နိုင်ငံများ၊ လွတ်လပ်ခွင့် မြင့်မြင့်မားမား ပေးထားသည့်နိုင်ငံများစသည်ဖြင့် ရှိနေကြသည်။ မည်သို့ပင်ဆိုစေ သတင်းလွတ်လပ်ခွင့်နှင့် အစိုးရများဟူသည် ချဉ်သီးနှင့် ဆားပမာ။

သို့ရာတွင် သတင်းသမားတို့အပေါ် အမြင်မကြည်လင်သူ၊ အမျက်သိုသူတို့တွင် အစိုးရပိုင်းမှ တာဝန်ရှိသူများ၊ လွှတ်တော်အမတ်များသာမဟုတ်။ မူးယစ်ရာဇာများ၊ ရာဇဝတ်ဂိုဏ်းများ၊ စစ်ပွဲဆင်နွှဲနေကြသည့် ဘက်နှစ်ဖက်မှ လက်နက်ကိုင်အဖွဲ့အစည်းများ စသည်တို့အပြင် တစ်သီးပုဂ္ဂလများလည်း ပါဝင်နေနိုင်သည်။ ထို့အတွက်ကြောင့်ပင် သတင်းသမားတို့အနေဖြင့် မိမိတို့၏ အသက်မွေးဝမ်းကျောင်းဖြစ်သော သတင်းလိုက်ခြင်း၊ သတင်းရယူခြင်း၊ သတင်းရေးခြင်း၊ သတင်းတည်းဖြတ်ခြင်း၊ ထုတ်ဝေထုတ်လွှင့်ခြင်းတို့ပြုလုပ်ခြင်းကို အကြောင်းပြု၍ တရားစွဲခံရ၊ အကျဉ်းချခံရ၊ ခြိမ်းခြောက်ခံရ၊ သတ်ဖြတ်ခံရခြင်းတို့ ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ်ကြုံတွေ့ကြရသည်။

ကမ္ဘာ့နံပါတ်တစ် ဒီမိုကရေစီနိုင်ငံကြီးဖြစ်သည့် အမေရိကန်ပြည်ထောင်စုမှာပင် သမ္မတဒေါ်နယ်ထရမ့်လက်ထက် သတင်းဌာနများ၊ သတင်းစာများနှင့် အပြန်အလှန်၊ အချီအချဖြစ်ခဲ့သည့် လူမှုကွန်ရက်များပေါ်မှ ဖြစ်ရပ်များမှာ သတင်းလောကတွင် ပြောစမှတ် တွင်စရာဖြစ်ခဲ့သည်။ ထရမ့်က သမ္မတဘဝအစမှာပင် စီအင်န်အင်န်နှင့် ထိပ်တိုက်တွေ့ခဲ့ပြီး စီအင်န်အင်န်သည် သတင်းမှားများ ထုတ်လွှင့်နေကြောင်း တွစ်တာတွင် ရေးသားခဲ့သည်။ ၎င်းနှင့်ပတ်သက်သည့် သတင်းများလွဲမှားမှုတိုင်းကို ကြက်ခေါင်းဆိတ်မခံ တုံ့ပြန်ခဲ့ပြီး နယူးယောက်တိုင်းမ်၊ အင်န်ဘီစီ၊ အေဘီစီ၊ စီဘီအက်စ်၊ စီအင်န်အင်န် စသည့် သတင်းစာနှင့် သတင်းဌာနများသည် အမေရိကန်ပြည်သူများ၏ ရန်သူများဖြစ်သည်ဟူ၍ပင် ဆိုခဲ့သည်။

သတင်းလွတ်လပ်ခွင့်ထိပ်တန်းတိုင်းပြည်ဖြစ်သည့် အမေရိကန်၌ပင် သတင်းစာကို မကျေနပ်၍ သတင်းခန်းအတွင်းဝင်ကာ သေနတ်ဖြင့် ပစ်ခတ်ခြင်းကြောင့် သတင်းထောက်နှင့် သတင်းစာဝန်ထမ်းစုစုပေါင်း ငါးဦးတို့ သေဆုံးခဲ့ရမှု ၂၀၁၈ ခုနှစ် ဇွန်လအတွင်းက ဖြစ်ပွားခဲ့သည်။ မေရီလန်းပြည်နယ်ရှိ ကက်ပီတယ်ဂေဇက်သတင်းစာတိုက်အတွင်း ဝင်ရောက်ပစ်ခတ်သတ်ဖြတ်ခဲ့သူမှာ ၎င်းအပေါ် ပုဂ္ဂိုလ်ရေး အရေးအသားနှင့် ပတ်သက်ပြီး သတင်းစာတိုက်နှင့် နှစ်ရှည်လများ တရားယှဉ်ပြိုင်ခဲ့ပြီး ကမ္ဘာ့ရန်ဖြစ်ခဲ့သူဖြစ်ရာ သတင်းလွတ်လပ်ခွင့်က သာမန်ပြည်သူတစ်ဦးကို ထိပါးခဲ့ခြင်းမှ အစပြုခဲ့ခြင်းပင်ဖြစ်သည်။ မိမိတို့နိုင်ငံတွင် အရပ်သားအစိုးရစစ်စစ်ဟူ၍ ဆိုကြသည့် ပြီးခဲ့သည့်အစိုးရလက်ထက်တွင် သတင်းလွတ်လပ်ခွင့်အခြေအနေသည် ပိုမိုဆိုးရွားခဲ့ကြောင်း သတင်းလောကသားတို့က မှတ်ချက်ပြုခဲ့ကြ ပြီး အစိုးရဘက်ကလည်း မိမိတို့နိုင်ငံ၏ အကဲဆတ်သောအခြေအနေနှင့် သတင်းသမားတို့အနေဖြင့် တစ်ဖက်စောင်းနင်း အတွေးအခေါ်နှင့် တရားသေအစွဲအလမ်းများကို လျှော့ရန်တိုက်တွန်းခဲ့သည်ကို တွေ့ရသည်။

လက်ရှိမြန်မာနိုင်ငံသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ အရေးပေါ်ကာလတစ်ရပ်ကို ဖြတ်သန်းနေရသည့် အခြေအနေဖြစ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ဦးတည်ချက် (၉) ရပ်၊ ရှေ့လုပ်ငန်းစဉ် (၅) ရပ် ချမှတ်၍ အကောင်အထည်ဖော်နေသည့်အချိန်ဖြစ်သည်။ စစ်မှန်သောသတင်းသမားများက ကျင့်ဝတ်နှင့်အညီ မိမိတို့၏ အသက်မွေးဝမ်းကျောင်း သတင်းလုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြသလို သတင်းများမှ ရိုက်ခတ်ပေါ်ထွက်လာမည့် ရလဒ်များသည် နိုင်ငံပျက်စီးရာပျက်စီးကြောင်း၊ အများပြည်သူဘေးအန္တရာယ်ကျရောက်စေကြောင်း၊ လူအများကြား အမုန်းပွားစေကြောင်း၊ တရားဥပဒေစိုးမိုးမှုပျက်ပြားစေကြောင်း အပါအဝင် ဆိုးကျိုးများထွက်ပေါ်မလာရအောင် ဆင်ခြင်တုံတရားလက်ကိုင်ထားကြပါရန် တိုက်တွန်းကာ မေလ ၃ ရက် သတင်းလွတ်လပ်ခွင့်နေ့ကို ကြိုဆိုအပ်ပါကြောင်း။ ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါသဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

ပညာရေးဝန်ကြီးဌာန

၂၀၂၁ -၂၀၂၂ ပညာသင်နှစ်

"ကျောင်းနေအရွယ်ကလေးအားလုံး

ပညာသင်ယူခွင့်ရရှိဖို့ ကျောင်းအပ်နှံကြပါစို့"

ကျောင်းအပ်နှံရေးသီတင်းပတ် ၂၀၂၁ ခုနှစ်၊ မေလ(၂၄)ရက်မှ (၃၁)ရက်ထိ

ပညာရေးဝန်ကြီးဌာန

"၂၀၂၁ -၂၀၂၂ ပညာသင်နှစ် "

အသိပေးကြေညာချက်

- ၅ နှစ်အရွယ် ကလေးများကိုသူငယ်တန်း (KG) သို့ အပ်နှံရန်။
- ၆ နှစ်အရွယ် ကလေးများကိုပထမတန်း (Grade-1) သို့ အပ်နှံရန်။

ကျောင်းအပ်နှံရာတွင်

- မည်သည့်အခကြေးငွေမျှ ကောက်ခံမှုမရှိပါ။
- ကျောင်းသုံးပြဋ္ဌာန်းစာအုပ်၊ ဗလာစာအုပ်၊ ဘောပင်/ခဲတံ၊ Mask ၊ Face Shield တို့ကို နိုင်ငံတော်မှ အခမဲ့ထောက်ပံ့ပါသည်။

## ၂၀၂၁-၂၀၂၂ ပညာသင်နှစ် ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန၊ အခြေခံပညာ (အထက်တန်း၊ အလယ်တန်း၊ မူလတန်း) ကျောင်းများ စတင်ဖွင့်လှစ်ရေးကိစ္စ

နေပြည်တော် မေ ၁

ပညာရေးဝန်ကြီး ဌာန၏ ၂၀၂၁-၂၀၂၂ ပညာသင်နှစ် အခြေခံပညာ အထက်တန်း၊ အလယ်တန်း၊ မူလတန်း ကျောင်းများကို ၂၀၂၁ ခုနှစ်၊ ဇွန် ၁ ရက်မှစတင်၍ ပုံမှန်စာသင်နှစ်အတိုင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ကျောင်းအပ်နှံရေး သီတင်းပတ်အဖြစ် ၂၀၂၁ ခုနှစ်၊ မေ ၂၄ ရက် (တနင်္လာနေ့) မှ ၃၁ ရက် (တနင်္လာနေ့)အထိ သတ်မှတ်ထားသဖြင့် ယင်းကာလအတွင်း အတန်းအားလုံး ကျောင်းအပ်နှံ ကြရန်နှင့် ကျောင်းအပ်နှံရာတွင် မည်သည့်အခကြေးငွေမျှ လုံးဝ (လုံးဝ) ကောက်ခံမှုမရှိကြောင်း၊ ကျောင်းအပ်နှံသည့်ကျောင်းသားအားလုံးကို ကျောင်းသုံး ပြဋ္ဌာန်းစာအုပ်များ၊ ဗလာစာအုပ်များ၊ ဘောပင်၊ ခဲတံများနှင့် COVID-19 ကြိုတင်ကာကွယ်ရေး အတွက် Mask နှင့် Face Shield များကို အခမဲ့ထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း ပညာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

သတင်းစဉ်

## လှိုင်းအသင့်အတင့် ရှိမည်

နေပြည်တော် မေ ၁

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## စီးပွားရေး၊ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရေး ကောင်းမွန်မှသာ .....

အစိုးရတစ်ရပ်သည် နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်ရေးကို အကောင်အထည်ဖော် ဆောင်ရွက်ပေးရသော အဓိကကျသည့် အဖွဲ့အစည်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများရှိပြီး သဘောထားကွဲလွဲမှုများရှိခြင်းကြောင့် နိုင်ငံရေးအရ တည်ငြိမ်အေးချမ်းမှုနှင့် လုံခြုံရေးအရ တည်ငြိမ်အေးချမ်းမှုရှိအောင် ဆောင်ရွက်နေကြောင်း၊ တိုင်းရင်းသားများနှင့် တိုင်းရင်းသားမျိုးနွယ်စုများ၏ စုစည်းသည့်အင်အား ရရှိအောင်လည်း ဆောင်ရွက်ရန်လိုကြောင်း၊ ထို့ကြောင့် တည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်းလုံးညီညွတ်ရေးအတွက် ဖွဲ့စည်းပေးထားသည့် သက်ဆိုင်ရာကော်မတီများအလိုက် ထည့်သွင်းစဉ်းစားဆောင်ရွက်ကြရန်လိုကြောင်း၊ စီးပွားရေး၊ ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရေးကောင်းမွန်မှသာ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်ဖြစ်ကြောင်း။

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၂၂-၄-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စီမံခန့်ခွဲရေးကော်မတီအစည်းအဝေး၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီဝင်များနှင့် တွေ့ဆုံ

**ရန်ကုန် မေ ၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးချစ်နိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်း အမှတ် (၂၂၈) ရှိ ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန (ရန်ကုန်) အစည်းအဝေးခန်းမ၌ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ရွေးချယ်ရေးအဖွဲ့ဝင်များနှင့် တွေ့ဆုံသည်။ **(ယာပုံ)**

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက သစ္စာ၊ ဓမ္မ၊ ဝီရိယနှင့် စာဂ ဟူသည့် သတင်းစာဆရာ၏မူဝါဒဆိုသည့်သဘောမျိုး မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီမှာပါဝင်သည့် လူငယ်များက လူကြီးများဆီက အတွေ့အကြုံကောင်းများကို နည်းနာယူပြီး တည့်မတ်မှန်ကန်စွာ ဘက်လိုက်မှုမရှိဘဲ တရားမျှတစွာ ကြိုးစားကြမည်၊ ရဲရဲဝံ့ဝံ့ လုပ်ဆောင်ကြမည်ဟု ယုံကြည်ပါကြောင်း ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ယာယီဥက္ကဋ္ဌ ဒေါက်တာ မျိုးသန့်တင်က မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီသည် သတင်းမီဒီယာဥပဒေ၊ နည်းဥပဒေ၊ ကျင့်ဝတ်များနှင့်အညီ ဆောင်ရွက်နေမှုများနှင့် စပ်လျဉ်း၍ ဆွေးနွေးသည်။

တွေ့ဆုံပွဲသို့ မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီ ယာယီဥက္ကဋ္ဌ ဒေါက်တာ မျိုးသန့်တင်၊ ကောင်စီဝင်များဖြစ်ကြသည့် ဦးအုန်းမောင် (မြင်းမူ-မောင်နိုင်မိုး)၊ ဦးမျိုးထွန်း (မောင်စိမ်းနောင်-လယ်ဝေး)၊ ဦးခင်မောင်အေး (KMA)၊ ဦးရဲနိုင်စိုး၊ ဦးတင်မောင်ဦး၊ ဦးဌေးအောင်စသည့်ကောင်စီဝင်များ တက်ရောက်ကြသည်။



**သတင်းစဉ်**

## ပြည်ထောင်စုရှေ့နေချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဥပဒေအရာရှိများ တွေ့ဆုံပွဲကျင်းပ

**ရန်ကုန် မေ ၁**

ပြည်ထောင်စုရှေ့နေချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိဥပဒေအရာရှိများ တွေ့ဆုံပွဲကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပရာ ပြည်ထောင်စုရှေ့နေချုပ် ဒေါက်တာ သီတာဦးက ပြည်ထောင်စုရှေ့နေချုပ်ရုံးနှင့် အဆင့်ဆင့်သော ဥပဒေရုံးများ လုပ်ငန်းအရှိန်အဟုန်မပျက်စေရေး အဓိကတိုက်တွန်း အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်နှင့် ရန်ကုန်တိုင်းဒေသကြီး ဥပဒေအရာရှိ ဦးမောင်မောင်တာတို့က ရန်ကုန်တိုင်းဒေသကြီးအတွင်း စီမံဆောင်ရွက်လျက်ရှိသော လုပ်ငန်းပိုင်းဆိုင်ရာများကို တင်ပြဆွေးနွေးသည်။

ယင်းနောက် တွေ့ဆုံပွဲတက်ရောက်လာကြသော ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဥပဒေအရာရှိများက ဆွေးနွေးတင်ပြကြရာ ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုရှေ့နေချုပ်က ပြန်လည်ရှင်းလင်းဆွေးနွေးခဲ့ပြီး ဥပဒေအရာရှိများအတွက် ဒေသထွက် လက်ဆောင် စိန်တလုံးသရက်သီးများကို ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ထံ ပေးအပ်သည်။

**သတင်းစဉ်**




● *ရှေ့ဖုံးမှ*

ရန်ပုံငွေဖြင့် သုံးစွဲဆောင်ရွက်နေသော လုပ်ငန်းများကို ဘဏ္ဍာရေးလုပ်ထုံးလုပ်နည်းများနှင့်အညီ ဂရုပြုစိစစ်သုံးစွဲရန်နှင့် အဂတိလိုက်စားမှုမရှိစေရေး အထူးဂရုပြုဆောင်ရွက်သွားကြရန် မှာကြားသည်။

### လှည့်လည်ကြည့်ရှု

ထို့နောက်ပြည်ထောင်စုဝန်ကြီးသည် အကောက်ခွန် သမိုင်းပြတိုက်နှင့် ကုန်ပစ္စည်းအလိုအလျောက် ရှင်းလင်းရေးနှင့် ထိန်းချုပ်ရေးဌာနခွဲ (Myanmar Automated Cargo Clearance System – MACCS) ရှိ လုပ်ငန်းဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ပြီးစီးရေး အထူးဂရုပြုဆောင်ရွက်သွားရန် မှာကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် ပြည်တွင်းအခွန်များဦးစီးဌာနသို့ ရောက်ရှိပြီး အခွန်ထမ်းကြီးများဆိုင်ရာ အခွန်ရုံးအစည်းအဝေးခန်းမ၌ ပြည်တွင်းအခွန်များဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများ၊ ငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင်ရုံးမှ အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် တွေ့ဆုံသည်။

### အပြည့်အဝကောက်ခံရရှိရေး

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက ကိုဗစ်-၁၉ ရောဂါ၏သက်ရောက်မှုများကို တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ကိုဗစ်-၁၉ စီးပွားရေးထိခိုက်မှုသက်သာရေးစီမံချက် (CERP) အရ စီးပွားရေးပြန်လည်ကောင်းမွန်လာစေရန် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ ဝန်ထမ်းများ လုပ်ငန်းတာဝန်များ ပြန်လည်ထမ်းဆောင်မှုအခြေအနေနှင့် လိုအပ်ချက်များရှိပါက အချိန်မီတင်ပြကြရန်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေများကြောင့် အခွန်ကောက်ခံမှုများ လျော့နည်းနိုင်သော်လည်း ကောက်ခံရန်ရှိသည့်အခွန်များကို အပြည့်အဝကောက်ခံရရှိရေး ကြိုးစားဆောင်ရွက်ကြရန်ဖြစ်ကြောင်း၊ အခွန်ထမ်းများ အခွန်ပေးဆောင်မှု လွယ်ကူစေရေးအတွက် Online Payment များဖြင့် အခွန်ပေးဆောင်မှုများကို အဆင်ပြေချောမွေ့စွာ ဆောင်ရွက်နိုင်ရေး ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုအခြေအနေများ တိုးမြင့်လာနိုင်ဖွယ်ရှိသည့်အတွက် ဝန်ထမ်းများ ကျန်းမာရေးကို အထူးဂရုစိုက်ကြရန်နှင့် လုံခြုံရေးကို အလေးထားဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

**သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# စစ်ကိုင်းမြို့ သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်ဆရာတော်ကြီး ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရအား ပြည်ထောင်စုဝန်ကြီး ဦးကိုကို ဖူးမြော်ကြည်ညိုပြီး သာသနာရေးဆိုင်ရာများလျှောက်ထား

မန္တလေး မေ ၁

**သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုသည် ယနေ့နံနက် ၉ နာရီတွင် စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်ရှိ သီတဂူအပြည်ပြည်ဆိုင်ရာ ဝိပဿနာတက္ကသိုလ်၊ သီတဂူဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိဆရာတော်ကြီး အဘိဓဇ မဟာရဋ္ဌဂုရု၊ ဒေါက်တာဘဒ္ဒန္တ ဉာဏိဿရ အရှင်မြတ်အား သွားရောက်ဖူးမြော်ကြည်ညို၍** (ယာပုံ) **လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။**



ထို့နောက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက (၇၃)ကြိမ်မြောက် တိပိဋကဓရ တိပိဋကကောဝိဒ (သဘောရေးဖြေ)စာမေးပွဲများ၊ အစိုးရဓမ္မာစရိယနှင့် ပါဠိပထမပြန်စာမေးပွဲများ ကျင်းပမည့်အခြေအနေများ၊ သာသနာတော်တည်တံ့ပြန့်ပွားရေးအတွက် ဆောင်ရွက်သွားမည့် အစီအစဉ်များ၊ ဆရာတော်သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များအား COVID-19 ကာကွယ်ဆေးထိုးနှံပေးမှု အခြေအနေများကို လျှောက်ထားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စစ်ကိုင်းမြို့ရှိ တိလောကဂုရုလိုဏ်ဂူသို့ သွားရောက်၍ ညောင်ရမ်းခေတ် နံရံဆေးရေး ပန်းချီများသည် နှစ်ကာလကြာမြင့်ပြီး ရာသီဥတုနှင့် လူတို့ပယောဂကြောင့် ထိခိုက်မှု မရှိစေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းကြပ်မတ် ဆောင်ရွက်သွားရန် မှာကြားသည်။ ယင်းနောက် အင်းဝရှေးဟောင်းသုတေသနပြတိုက်သို့ ရောက်ရှိပြီးပြတိုက်တွင် ခင်းကျင်းပြသထားသော အင်းဝခေတ် အနုလက်ရာပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက မိမိတို့ဝန်ကြီးဌာနသည် သမိုင်းမတင်မီနှင့် သမိုင်းတင်ပြီးခေတ်များက ပျောက်ကွယ်နေသော သဲလွန်စများကို ရှာဖွေဖော်ထုတ်ထိန်းသိမ်းရသော အလုပ်ဖြစ်ကြောင်း၊ ရှာဖွေဖော်ထုတ်ရရှိသော တွေ့ရှိချက်များကို သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက် ဦးစီးဌာနနှင့် ပေါင်းစပ်လိုက်ပါက နိုင်ငံတော်အတွက် အဖိုးတန်သည့် သမိုင်းအချက်အလက်များ ရရှိလာမည်ဖြစ်ကြောင်း၊ ရှေးဟောင်းအဆောက်အအုံများ ပြုပြင်ထိန်းသိမ်းရာတွင် ရှေးမူလက်ရာမပျက်စေရေး အလေးထားဆောင်ရွက်ရန်လိုကြောင်း၊ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် ရှေးဟောင်းဆိုင်ရာနယ်မြေ၊ အဆောက်အအုံများကို မိမိတို့ဝန်ကြီးဌာန Website တွင် ဖော်ပြရန်၊ လက်ကမ်းစာစောင်များ ရိုက်နှိပ်ထုတ်ဝေရန် လိုကြောင်းနှင့် ဖော်ထုတ်ထိန်းသိမ်းရေးကိုလည်း သက်ဆိုင်ရာ တိုင်းရင်းသားအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် အင်းဝမြို့ဟောင်းအတွင်းရှိ ပြုပြင်ထိန်းသိမ်းလျက်ရှိသော ဗားကရာသစ်သားဘုန်းတော်ကြီးကျောင်း စည်တိုပုံမြို့ရိုး၊ နန်းမြင့်မျှော်စင်နှင့် မယ်နုအုတ်ကျောင်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန (လျှပ်စစ်ကဏ္ဍ)၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ဒုတိယသုံးလပတ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအပေါ် ပြန်လည်သုံးသပ်ခြင်း အစည်းအဝေး ကျင်းပ

**နေပြည်တော် မေ ၁**

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန(လျှပ်စစ်ကဏ္ဍ)၏ ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်အတွက် ဒုတိယသုံးလပတ်အတွင်း ဆောင်ရွက်ခဲ့သည့် လုပ်ငန်းများအပေါ် ပြန်လည်သုံးသပ်ခြင်းနှင့် တတိယနှင့် စတုတ္ထသုံးလပတ်တို့တွင် ဆက်လက်ဆောင်ရွက်မည့် အစီအမံများနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဧပြီ ၃၀ ရက်နှင့် မေ ၁ ရက်တွင် လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ်(၂၇) ရတနာခန်းမ၌ ကိုဗစ်-၁၉ ကာကွယ်ရေး နည်းစနစ်များနှင့်အညီ ကျင်းပသည်။ **(ယာပုံ)**



### တက်ရောက်

အစည်းအဝေးသို့ ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦး၊ အမြဲတမ်းအတွင်းဝန် ဦးသန်းဇော်၊ ဦးစီးဌာန၊ လုပ်ငန်းနှင့် ကော်ပိုရေးရှင်းတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင်ညွှန်ကြားရေးမှူးများ၊ အမှုဆောင်အရာရှိချုပ်များ၊ ဌာနအကြီးအကဲများ၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ရေး စီမံကိန်းညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးအောင်သန်းဦးက နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ပြည်သူတို့၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍသည် အဓိကကျသည့် အခန်းကဏ္ဍဖြစ်သည့်အလျောက် မိမိတို့ဝန်ကြီးဌာနမှ တာဝန်ယူဆောင်ရွက်နေရကြောင်း၊ ပြည်သူများသို့ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရာတွင် လုံလောက်ခြင်း၊ ဗို့အားနှင့် ကြိမ်နှုန်း (Frequency) တည်ငြိမ်ပြည့်ဝမှုရှိခြင်း၊ စဉ်ဆက်မပြတ်ပေးနိုင်ခြင်း၊ လျှပ်စစ်အန္တရာယ်အတွက် လုံခြုံစိတ်ချရခြင်း စသည်တို့နှင့် ပြည့်စုံသည့် လျှပ်စစ်ဓာတ်အားကို ဖြည့်ဆည်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း။

ထို့ကြောင့် မိမိတို့လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏မူဝါဒများနှင့်အညီ နိုင်ငံတော်နှင့် နိုင်ငံသားအားလုံး၏ ရေရှည်အကျိုးစီးပွားဖြစ်ထွန်းစေမည့် လုပ်ငန်းစီမံကိန်းများ၊ အစီအမံများကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် လျှပ်စစ်နှင့်စွမ်းအင်ကဏ္ဍ လိုအပ်ချက်ကို ပြည့်ဝစွာထောက်ပံ့ပေးနိုင်ရန် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ထို့ပြင် ယခုကာလတွင် ပြည်သူလိုအပ်နေသော ဓာတ်အားလိုအပ်ချက် ပြည့်စုံလုံလောက်အောင် စီစဉ်နေပြီး လာမည့်နှစ်များတွင် လိုအပ်လာမည့် ဓာတ်အားလိုအပ်ချက်များကိုလည်း အချိန်မီဖြည့်ဆည်းပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဖက်တွင်လည်း ထွက်ရှိလာမည့် လျှပ်စစ်ဓာတ်အားများကို ပို့လွှတ်နိုင်ရန်နှင့် ဖြန့်ဖြူးနိုင်ရန်တို့ကိုလည်း ဟန်ချက်ညီညီ စီမံဆောင်ရွက်လျက်ရှိပါကြောင်း၊ လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း သဘာဝအရင်းအမြစ်နှင့် လူမှုပတ်ဝန်းကျင် ထိခိုက်မှုအနည်းဆုံးဖြစ်စေမည့် ရေအားလျှပ်စစ်ထုတ်လုပ်ရေးစီမံကိန်းများ၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး စီမံကိန်းများနှင့် ပြန်ပြည့်မြဲစွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းများကို ထုတ်လုပ်နိုင်ရန် စီမံဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့ပြင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနသည် ပြည်သူကို ဝန်ဆောင်မှုပေးနေရသည့် ဌာနဖြစ်သည့်အလျောက် အကောင်းဆုံးဝန်ဆောင်မှုပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနသည် ပြည်သူကို ဝန်ဆောင်မှုပေးလျက်ရှိရာတွင် ပြီးခဲ့သည့်ကာလများ၌ အခက်အခဲအမျိုးမျိုးကြောင့် မီတာဖတ်ခြင်း၊ မီတာဘေလ်ဖြန့်ဝေခြင်း၊ မီတာခကောက်ခံခြင်းလုပ်ငန်းများတွင် အားနည်းချက်များ ရှိခဲ့သော်လည်း လျှပ်စစ်မီးမပြတ်တောက်စေရန် ဆောင်ရွက်ပေးနိုင်ခဲ့သဖြင့် ပြည်သူလူထုမှ အသိအမှတ်ပြုခဲ့ပါကြောင်း၊ ထိုအသိအမှတ်ပြုခဲ့မှုအပေါ် ရပ်တန့်မနေဘဲ ထပ်မံကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ထို့ပြင် မီးသုံးစွဲသူပြည်သူများမှလည်း မိမိတို့ပေးဆောင်ရမည့် ဓာတ်အားခကျသင့်ငွေများကို အမြန်ဆုံးပေးဆောင်လို၍ ကောက်ခံပေးကြရန် တောင်းဆိုလျက်ရှိသည်ကို ကြားသိနေရသဖြင့် အမြန်ဆုံးဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

### ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေး

ထို့ပြင် ယခုအခါ လိုအပ်ချက်အရ အသစ်ခန့်အပ်ထားသော ဝန်ထမ်းများအနေဖြင့် ပြည်သူလူထုနှင့် ဆက်ဆံရာတွင် ပြည်သူကိုလေးလေးစားစား ဆက်ဆံတတ်စေရေး၊ ပေးအပ်ထားသော လုပ်ငန်းတာဝန်အပေါ် ကျွမ်းကျင်စွာ ဆောင်ရွက်တတ်စေရေးအတွက် အမြန်ဆုံးလေ့ကျင့်ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ မိမိတို့ ဝန်ထမ်းများအပါအဝင် ပြည်သူလူထုမှ လျှပ်စစ်အန္တရာယ်ကင်းရှင်းစွာ ဆောင်ရွက်နိုင်ရန် လိုအပ်ပါကြောင်း၊ သို့ပါ၍ ယခုတက်ရောက်လာသော တိုင်းဒေသကြီးနှင့် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာများနှင့် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံတည်ဆောက်ရေးစီမံကိန်းညွှန်ကြားရေးမှူးတို့မှ မိမိတို့ ကြုံတွေ့နေရသည့် အခက်အခဲများကို ပွင့်ပွင့်လင်းလင်းတင်ပြဆွေးနွေးရန်နှင့် ဖြစ်ပေါ်နေသည့် အခက်အခဲများအား ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မကြာမီ မိုးဦးကာလသို့ ရောက်ရှိတော့မည်ဖြစ်ပြီး သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ဓာတ်အားပြတ်တောက်မှုမဖြစ်စေရေး လိုအပ်သည့်ပြင်ဆင်ရေးအဖွဲ့များကို အသင့်စုဖွဲ့ထားရှိကာ ကြိုတင်စီမံဆောင်ရွက်သွားရန်နှင့် ပြည်သူလိုလားနေသော လုံခြုံပြီးတည်ငြိမ်ပြည့်ဝသည့် လျှပ်စစ်ဓာတ်အားကို စဉ်ဆက်မပြတ်ဖြန့်ဖြူးနိုင်ရန် အတတ်နိုင်ဆုံးဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရေး အားလုံးဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးကြရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဦးစီးဌာန၊ လုပ်ငန်း၊ ကော်ပိုရေးရှင်းများမှ ဌာနကြီးမှူးများ၊ အမှုဆောင်အရာရှိချုပ်များ၊ ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာန ရေအားလျှပ်စစ်ဓာတ်အားပေးစက်ရုံ တည်ဆောက်ရေး စီမံကိန်းညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လျှပ်စစ်အင်ဂျင်နီယာများက ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်၊ ဒုတိယသုံးလပတ်အတွင်း ဆောင်ရွက်ခဲ့သည့်လုပ်ငန်းများ၊ တတိယနှင့် စတုတ္ထသုံးလပတ်တို့တွင် ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ မြစ်ရေတင်စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် သုံးစွဲဝန်အားအခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး ဆွေးနွေးတင်ပြမှုများအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၄ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိဌာနများ ကြည့်ရှုစစ်ဆေး

## မိမိတို့ဌာနဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ ပုံမှန်ပြန်လည်ဆောင်ရွက်နိုင်စေရေး ကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြား

**နေပြည်တော် မေ ၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ဧပြီ ၃၀ ရက်တွင် မန္တလေးမြို့ရှိ မြန်မာ့မီးရထား၊ မန္တလေးဘူတာကြီး၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး (ရောဝတီဌာနခွဲ)၊ ရတနာပုံသင်္ဘောကျင်း၊ ဒီဇယ်စက်ခေါင်းစက်ရုံ(ရွာထောင်)၊ လူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်)တို့သို့ သွားရောက်ကြည့်ရှုစစ်ဆေးသည်။



**တွေ့ဆုံ**

ပြည်ထောင်စုဝန်ကြီးသည် နံနက်ပိုင်းတွင် မန္တလေးမြို့ မန္တလေးဘူတာကြီး ခန်းမဆောင်၌ ဝန်ကြီးဌာနလက်အောက်ရှိ မြန်မာ့မီးရထား၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး၊ ဆက်သွယ်ရေး ညွှန်ကြားမှုဦးစီးဌာန၊ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း၊ မြန်မာ့စာတိုက်လုပ်ငန်းတို့မှ အရာထမ်း၊ အမှုထမ်းများကို လည်းကောင်း၊ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးဌာန (ရောဝတီဌာနခွဲ) ခန်းမဆောင်တွင် ဝန်ကြီးဌာန လက်အောက်ရှိ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေး၊ ရေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ ရေအရင်းအမြစ်နှင့်မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတို့မှ အရာထမ်း၊ အမှုထမ်းများကိုလည်းကောင်း မွန်းလွဲပိုင်းတွင် မြန်မာ့မီးရထား၊ ဒီဇယ်စက်ခေါင်းစက်ရုံ (ရွာထောင်)မှ အရာထမ်း၊အမှုထမ်းများကိုလည်းကောင်း တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဌာနများမှ တာဝန်ရှိသူများက ဌာနအလိုက် လုပ်ငန်းတာဝန်များ အကောင်အထည်ဖော်ဆောင်ရွက်မှု၊ တွေ့ကြုံရသည့် အခက်အခဲများ၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို တင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

**ရှင်းလင်းတင်ပြ**

ဆက်လက်၍ ဒီဇယ်စက်ခေါင်းစက်ရုံ (ရွာထောင်)၌ စက်ခေါင်းများ ပြုပြင်ခြင်း၊ စက်ခေါင်းအရန်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်းများကို တာဝန်ရှိသူတစ်ဦးက ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

**လုံခြုံရေးအထူးဂရုစိုက်**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက လက်ရှိအခြေအနေ၌ ဝန်ကြီးဌာနနှင့်ပတ်သက် ဆက်စပ်သည့်နေရာများတွင် အဖျက်အမှောင့်လုပ်ငန်းများကို မကြာခဏလာရောက်လုပ်ဆောင်လေ့ရှိသဖြင့် လုံခြုံရေးနှင့်ပတ်သက်၍ အထူးဂရုစိုက်ကြရန်လိုကြောင်း၊ ထူးခြားဖြစ်စဉ်များ ဖြစ်ပွားလာပါက အထက်အကြီးအကဲများထံ အချိန်နှင့်တစ်ပြေးညီ သတင်းပို့တင်ပြရန်နှင့် လုံခြုံရေးအထူးသတိရှိကြရန်လိုကြောင်း၊ စီမံကိန်းလုပ်ငန်းများ အနေဖြင့် လက်ရှိဆောင်ရွက်ဆဲ On going Process လုပ်ငန်းများကို အရှိန်အဟုန်မပြတ် ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တာဝန်ယူပြီးချိန်တွင် မသမာသူများ၏ သွေးထိုးလှုံ့ဆော်မှုကြောင့် လူစုလူဝေးများဖြင့် ဆူပူဆန္ဒပြခြင်း၊ လူစုလူဝေးဖြင့် ဆူပူအကြမ်းဖက်ဆန္ဒပြခြင်း၊ ရရာလက်နက်များဖြင့် တိုက်ခိုက်ခြင်း၊ အကြမ်းဖက်တိုက်ခိုက်ခြင်းများ တစ်ဆင့်ပြီးတစ်ဆင့် တိုးမြှင့်ဆောင်ရွက်ခဲ့ကြောင်း၊ အကြမ်းဖက်ရာတွင် လုံခြုံရေးရဲတပ်ဖွဲ့ဝင်များ၊ အပြစ်မဲ့ပြည်သူများ ရက်ရက်စက်စက် သတ်ဖြတ်ခံခဲ့ရကြောင်း၊ ဝန်ထမ်းများကို CDM လှုပ်ရှားမှုများတွင် ပါဝင်အောင် လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်းတို့ကြောင့် ဝန်ထမ်းများ CDM လှုပ်ရှားမှုများတွင် ပါဝင်ခဲ့ကြကြောင်း၊ CDM လှုပ်ရှားမှုကြောင့် ရထားပြေးဆွဲခြင်း၊ သင်္ဘောပြေးဆွဲခြင်းလုပ်ငန်းများ ခေတ္တရပ်တန့်သွားခဲ့ကြောင်း၊ နောက်ပိုင်းတွင် CDM လှုပ်ရှားမှုများတွင် မပါဝင်ခဲ့သောဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်ခဲ့မှုကြောင့် ရထားများ၊ သင်္ဘောများ ပြန်လည်ပြေးဆွဲနိုင်ခဲ့ပြီး ရုံးလုပ်ငန်းများလည်း ပုံမှန်ဆောင်ရွက်နိုင်ခဲ့ပြီးဖြစ်၍ ကြိုးပမ်းဆောင်ရွက်ခဲ့သည့် ဝန်ထမ်းများ၏ လုပ်ဆောင်ချက်များအပေါ် အသိအမှတ်ပြုပါကြောင်း။

**ထောက်ပံ့ပေးအပ်**

ဌာနများအလိုက် အကြောင်းမဲ့ပျက်ကွက်နေသော ကျန်ဝန်ထမ်းများအား မိမိဌာန၏ လူ့စွမ်းအားအရင်းအမြစ်များ မဆုံးရှုံးစေရေး စည်းရုံးဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ပြုန်းတီးဝန်ထမ်းနေရာများအတွက် ပြန်လည်ဖြည့်ဆည်းနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ ဌာနများတွင် အထက်အကြီးအကဲ၊ လက်အောက်ငယ်သားများ အမြဲတမ်းထိတွေ့ဆက်ဆံ၍ ဌာနတွင်း စည်းလုံးညီညွတ်ရေးကို စဉ်ဆက်မပြတ် တည်ဆောက်နေကြရန်၊ ဝန်ထမ်းများ၏ သက်သာချောင်ချိရေးကိစ္စရပ်များကို အထူးအလေးထားဆောင်ရွက်ပေးကြရန်နှင့် ဌာနအကြီးအကဲ အဆင့်ဆင့်အနေဖြင့် မိမိတို့ဌာန ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ ပုံမှန်ပြန်လည်ဆောင်ရွက်နိုင်စေရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားကြရန်မှာကြားပြီး ဌာနများမှ အရာထမ်း၊ အမှုထမ်းများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မန္တလေးဘူတာကြီး အဆောက်အအုံနှင့် ဆက်စပ်လုပ်ငန်းဆိုင်ရာ နေရာများ၊ ပြည်တွင်းရေကြောင်း ပို့ဆောင်ရေးလက်အောက်ရှိ ရတနာပုံသင်္ဘောကျင်း၌ သင်္ဘောလွန်းတင်ပြုပြင်မှု **(အပေါ်ပုံ)**၊ မြန်မာ့မီးရထားဒီဇယ်စက်ခေါင်း၊ စက်ခေါင်းအရန်ပစ္စည်းများ ထုတ်လုပ်ခြင်းလုပ်ငန်း၊ မြန်မာ့မီးရထား လူစီးတွဲနှင့် ကုန်တွဲစက်ရုံ (မြစ်ငယ်) တွဲသစ်တည်ဆောက်ရေး စက်ရုံအတွင်းရှိ ကိုရီးယားနိုင်ငံနှင့် တရုတ်နိုင်ငံများမှ ဝယ်ယူထားသည့် လူစီးတွဲသစ်များနှင့် တွဲတည်ဆောက်ရေးလုပ်ငန်းနှင့် မြစ်ငယ်ဘူတာရုံရှိအထူးရထားတွဲဆိုင်းအား ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံပြသရှင်းလင်းတင်ပြသည်။ **သတင်းစဉ်**

# အသိအမြင် ကြွယ်ဝ အမှန်မြင်ကြပါစေ ...

## ကိုထွန်းခင်

နိုင်ငံ့ဝန်ထမ်းတွေဟာ နိုင်ငံကို ကောင်းအောင်ဆိုးအောင် ဖန်တီးနိုင်စွမ်းရှိတဲ့သူတွေ ဖြစ်ပါတယ်။ နိုင်ငံနဲ့ ပြည်သူအကျိုးကို ထမ်းရွက်နေရသူတွေဖြစ်တာကြောင့် နိုင်ငံ့ဝန်ထမ်းတွေ စည်းကမ်းကောင်းဖို့၊ စွမ်းရည်ပြည့်ဝဖို့ကို အမြော်အမြင်ရှိတဲ့ ခေါင်းဆောင်တွေက လမ်းညွှန်ဆောင်ရွက်နေကြတာ ဖြစ်ပါတယ်။

### ရည်မှန်းချက်ထားကြိုးစား

ဝန်ထမ်းတွေ ကြိုးစားလိုစိတ်ရှိအောင်၊ လုပ်ချင်ကိုင်ချင်စိတ်ရှိအောင်၊ စိတ်အားထက်သန်အောင် မိမိကိုယ်ကိုနှိုးဆော်ဖို့၊ လုပ်တတ်ကိုင်တတ် ကျွမ်းကျင်အောင်၊ ပရော်ဖက်ရှင်နယ်ဖြစ်အောင် လုပ်ငန်းဆိုင်ရာ အတတ်ပညာ၊ နည်းပညာများကို ကျွမ်းကျင်သထက်ကျွမ်းကျင်အောင် အမြဲဆည်းပူးလေ့လာဖို့၊ ရည်မှန်းချက်ထားကြိုးစားဖို့ကိုလည်း တိုက်တွန်းနေပါတယ်။

တတ်ချင်ရင်သင်၊ တော်ချင်ရင်တော့ လေ့ကျင့်ရမှာပဲ ဖြစ်ပါတယ်။ ထပ်ခါထပ်ခါ လေ့ကျင့်ခြင်းဖြင့် စိတ်အာရုံမှာ စွဲမြဲလာမှာ ဖြစ်ပါတယ်။ ဘာသာစကားသင်တန်းဆရာတစ်ဦး ပြောဖူးတာက စကားလုံးတစ်လုံးဟာ နားစည်ကို ၂၈ ကြိမ်လောက် လာရောက်ထိခတ်မိရင် အဲဒီစကားလုံးက မမေ့ပျောက်တော့ဘူး။ အလွတ်ရလာမယ်။ စွဲမြဲပြီးကိုယ်ပိုင် စကားလုံးဖြစ်လာမယ်၊ လှလှပပ ပြန်လည်သုံးစွဲနိုင်လာမယ်လို့ ပြောကြားဖူးတာ အမှတ်ရမိပါတယ်။

ဆိုလိုတာက အကြိမ်ကြိမ် လေ့ကျင့်ကြဖို့ပါ။ အလေ့အကျင့်များလာရင် ကျွမ်းကျင်ပိုင်နိုင်လာမယ်။ လုပ်ငန်းနယ်ပယ်တစ်ခုကို ကျွမ်းကျွမ်းကျင်ကျင် ထဲထဲဝင်ဝင် တတ်မြောက်လာမှာ ဖြစ်ပါတယ်။ အဓိက ကတော့ ကြိုးစားနေဖို့ပါ။ ထက်သန်ပြင်းပြတဲ့ စိတ်ဆန္ဒနဲ့သာ ကြိုးစားရင် မဖြစ်နိုင်ဘူးဆိုတာ မရှိပါဘူး။

### အကောင်းဆုံးဖြစ်အောင် ကြိုးစားကြဖို့လို

အင်္ဂလိပ် စကားပုံတစ်ခုရှိပါတယ်။ A Strong Mind can move the mountains စိတ်ဆန္ဒသာပြင်းပြရင် ကြီးမားခိုင်ခံ့လှပါတယ်ဆိုတဲ့ အရာတွေကိုတောင် ရွှေ့ပစ်နိုင်တယ်၊ ဘာမဆိုဖြစ်နိုင်တယ်ဆိုတဲ့ သဘောပဲ ဖြစ်ပါတယ်။ ဒါကြောင့် မိမိရောက်နေတဲ့နေရာမှာ အကောင်းဆုံးဖြစ်အောင် ကြိုးစားကြဖို့လိုပါတယ်။ အထူးသဖြင့် နိုင်ငံ့တာဝန်ကို ထမ်းဆောင်နေကြတဲ့၊ ပြည်သူကို အလုပ်အကျွေးပြုနေတဲ့ နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ ကြိုးစားကြဖို့၊ စေတနာမှန်ကြဖို့လိုပါတယ်။

နိုင်ငံကို အုပ်ချုပ်တဲ့အစိုးရတစ်ရပ်က နိုင်ငံရဲ့ လုပ်ငန်းယန္တရား လည်ပတ်နိုင်အောင် မူဝါဒချမှတ်ပေးပြီး နိုင်ငံ့ဝန်ထမ်းတွေကတော့ မူဝါဒကို လိုက်ပါအကောင်အထည်ဖော်ရသူတွေ ဖြစ်တာကြောင့် နိုင်ငံ့ဝန်ထမ်းတွေ အသိပညာ ဗဟုသုတ ကြွယ်ဝတဲ့ လူသားအရင်းအမြစ်တွေ ဖြစ်လာတာနဲ့အမျှ နိုင်ငံဟာ ပိုမိုတည်ငြိမ်အေးချမ်းလာမယ်။ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။

နိုင်ငံကို ဘယ်အစိုးရက စီမံအုပ်ချုပ်သည်ဖြစ်စေ နိုင်ငံ့ဝန်ထမ်းတွေက ကျင့်ဝတ်နဲ့အညီ ပေးအပ်ထားတဲ့ တာဝန်၊ ဝတ္တရားတွေကို ကျေပွန်အောင် ထမ်းဆောင်ကြရမှာ ဖြစ်ပါတယ်။ ကြိုက်ခြင်း၊ မကြိုက်ခြင်းဆိုတာသည် စိတ်ခံစားချက်ဖြစ်ပြီး စိတ်ခံစားချက်နဲ့ လုပ်ငန်းတာဝန်ကို ခွဲခြားသိမြင်ရမှာ ဖြစ်ပါတယ်။

ပြီးခဲ့တဲ့ ဖေဖော်ဝါရီလမှာ တပ်မတော်က နိုင်ငံတော်ရဲ့ လုပ်ငန်းတာဝန်တွေကို ထိန်းသိမ်းခဲ့ရတာကို အာဏာသိမ်းတဲ့အစိုးရအဖြစ် ရှုမြင်အောင် NLD ပါတီဝင်တွေနဲ့ အဲဒီပါတီအပေါ် ဝန်းရံသူအချို့က လှုံ့ဆော်လုပ်ဆောင်ခဲ့တဲ့အတွက် နိုင်ငံတစ်ဝန်း ဆန္ဒပြမှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ နိုင်ငံရပ်ခြားကို ရောက်နေသူတွေ၊ ကိုယ်တိုင်က အိမ်အပြင်မထွက် အွန်လိုင်းပေါ်မှ နိုင်ငံရေးခံယူချက် ပြင်းထန်နေသူအချို့တွေရဲ့ သွေးထိုးလှုံ့ဆော်မှုတွေကြောင့်လည်း နိုင်ငံ့ဝန်ထမ်းအချို့ဟာ ပါတီနိုင်ငံရေးကင်းရှင်းရမယ်ဆိုတဲ့ နိုင်ငံ့ဝန်ထမ်းကျင့်ဝတ်ကို ဖောက်ဖျက်၊ လုပ်ငန်းတာဝန်တွေကိုပစ်ပယ်ပြီး ဆူပူအုံကြွမှုတွေမှာ ရောယောင်ပါဝင်ခဲ့ကြပါတယ်။

### ရတက်မအေးဖွယ် တွေ့မြင်နေရ

ဘဝရပ်တည်မှုအတွက်၊ မိသားစုစားဝတ်နေရေးအတွက် မငဲ့ကွက်၊ လတ်တလော စိတ်ခံစားချက်ကို မထိန်းနိုင်တာကြောင့် လူမမည်ကလေးတွေ၊ သက်ကြီးရွယ်အို မိဘဘိုးဘွားတွေ၊ မိသားစုတွေပါ ဝန်ထမ်းအိမ်ရာကနေ ဖယ်ပေးလိုက်ရပြီး အနေအစားပျက်ကာ အတိဒုက္ခရောက်ကြရနေတာကိုလည်း ရတက်မအေးဖွယ် တွေ့မြင်နေရပါတယ်။

မြန်မာနိုင်ငံမှာ လူဦးရေ ၅၄ သန်းကျော်ရှိတဲ့အနက် နိုင်ငံ့ဝန်ထမ်းအရေအတွက်က ၁ သန်းကျော်ရှိပြီး CDM မှာ ပါဝင်သူအရေအတွက်က သောင်းဂဏန်းသာ ရှိပါတယ်။ အဲဒီ သောင်းဂဏန်းထဲမှာမှ အချို့တွေဟာ ယုံကြည်ချက်ကြောင့် CDM မှာ ပါဝင်တာမျိုးမဟုတ်ဘဲ အများညီလို့ ဤကို ကွဲဖတ်ခဲ့ကြသူတွေ ဖြစ်ပါတယ်။ အချို့ဆိုရင် နိုင်ငံ့ဝန်ထမ်းလုပ်သက် အနှစ် ၂၀ ကျော်လောက် ရင်းနှီးလာတဲ့ လုပ်ငန်းခွင်ကို သူငယ်ချင်းကြောင့်၊ ချစ်သူရည်းစားကြောင့်၊ ဇနီးခင်ပွန်းကြောင့်၊ လတ်တလော လုပ်ငန်းခွင်မှာ စိတ်အခန့်မသင့်စရာအခြေအနေတစ်ခုခုကြောင့် စသဖြင့် CDM မှာ ပါဝင်ဖြစ်ခဲ့ခြင်း ဖြစ်ပါတယ်။

> ❖ နိုင်ငံကို အုပ်ချုပ်တဲ့အစိုးရတစ်ရပ်က နိုင်ငံရဲ့ လုပ်ငန်းယန္တရား လည်ပတ်နိုင်အောင် မူဝါဒချမှတ်ပေးပြီး နိုင်ငံ့ဝန်ထမ်းတွေကတော့ မူဝါဒကို လိုက်ပါအကောင်အထည်ဖော်ရသူတွေဖြစ်တာကြောင့် နိုင်ငံ့ဝန်ထမ်းတွေ အသိပညာဗဟုသုတကြွယ်ဝတဲ့ လူသားအရင်းအမြစ်တွေ ဖြစ်လာတာနဲ့အမျှ နိုင်ငံဟာ ပိုမိုတည်ငြိမ်အေးချမ်းလာမယ်။ ဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ပါတယ်။
>
> ❖ နိုင်ငံကို ဘယ်အစိုးရက စီမံအုပ်ချုပ်သည်ဖြစ်စေ နိုင်ငံ့ဝန်ထမ်းတွေက ကျင့်ဝတ်နဲ့အညီ ပေးအပ်ထားတဲ့ တာဝန်၊ ဝတ္တရားတွေကို ကျေပွန်အောင် ထမ်းဆောင်ကြရမှာ ဖြစ်ပါတယ်။ ကြိုက်ခြင်း၊ မကြိုက်ခြင်းဆိုတာသည် စိတ်ခံစားချက်ဖြစ်ပြီး စိတ်ခံစားချက်နဲ့ လုပ်ငန်းတာဝန်ကို ခွဲခြားသိမြင်ရမှာ ဖြစ်ပါတယ်။

### အမိုက်မှောင်ကို တစ်လှမ်းချင်း တိုးဝင်ခဲ့

အများအကျိုးအတွက် လိုအပ်လာရင် တော်လှန်ရေးသမားဖြစ်ခွင့်ရှိတယ်လို့ ကြွေးကြော်၊ ပြည်သူ့အကျိုးကို မျက်ကွယ်ပြုပြီး ပါတီစွဲ၊ ဝါဒစွဲ၊ လူပုဂ္ဂိုလ်စွဲတွေနဲ့ အာဏာဖီဆန်ရေးလှုပ်ရှားမှု CDM မှာ မျက်ကန်းတစ္ဆေမကြောက် အမိုက်မှောင်ကို တစ်လှမ်းချင်း တိုးဝင်ခဲ့ကြပါတယ်။ အစိုးရရုံးတွေနဲ့ ဘဏ်တွေအားလုံး မလည်ပတ်နိုင်ရင် အာဏာထိန်းအစိုးရကို အကျပ်ကိုင်နိုင်မယ်လို့ တွက်ဆထားပုံရပါတယ်။ ဒီအတွက် တစ်ပါတည်း နိုင်ငံ့ဝန်ထမ်းတွေကို ငွေကြေးထောက်ပံ့မယ့် အစီအစဉ်တွေကိုလည်း ထည့်သွင်းရေးဆွဲခဲ့တယ်လို့ ထင်ပါတယ်။

ဒါကြောင့်လည်း နိုင်ငံ့ဝန်ထမ်းအချို့ဟာ ငွေကြေးထောက်ပံ့မှုတွေ၊ ဆုကြေးတွေ၊ အခွန်ကင်းလွတ်ခွင့်တွေ၊ False Hope တွေရဲ့ ဖြားယောင်းမှုမှာ သတိလက်လွတ်မိန်းမောရင်း နှစ်ကာလများစွာ တည်ဆောက်ခဲ့တဲ့၊ လတ်တလော အရိပ်အာဝါသပေးနေတဲ့ အသိုက်အမြုံကို ဖြိုချစွန့်ခွာခဲ့ကြပါတယ်။

အချို့က မိမိရဲ့ အလုပ်ကို အမှန်တကယ် တန်ဖိုးထားချစ်မြတ်နိုးတဲ့သူတွေ၊ သူ့ရဲ့ နိုင်ငံ့ဝန်ထမ်းလစာ တစ်ခုတည်းအပေါ်မှာပဲ မိသားစု မှီခိုနေရသူတွေ ဖြစ်ပါတယ်။ ဒါပေမယ့် လက်သီးလက်မောင်းတန်းပြီး လှုံ့ဆော်ပြနေသူတွေ၊ သွေးထိုးလှုံ့ဆော်သူတွေရဲ့ မြှောက်ပင့်မှုတွေ၊ CDM မှာ မပါဝင်ရင် သစ္စာဖောက်နီးနီးပြောဆိုမှု၊ Social Punishment ပြုလုပ်ခံရမယ်လို့ ခြောက်လှန့်မှုတွေကြောင့်လည်း ရှုံ့ကြောက်ပြီး မဖြစ်မနေပါဝင်ခဲ့ကြရတာ ဖြစ်ပါတယ်။ ဆရာ ဆရာမ အချို့ကတော့ တည်ဆဲအစိုးရကြောင့်မဟုတ်ဘဲ တပည့်တွေရဲ့ စော်ကားမော်ကား ပြောဆိုရေးသားမှုတွေအပေါ် စိတ်ကုန်၊ စိတ်ပျက်ပြီး ရုံးမတက်၊ ကျောင်းပျက်နေကြတယ်လို့ ကြားသိရပါတယ်။ ဘယ်လိုပင်ဖြစ်စေ ဒီဖြစ်စဉ်မှာ ဝန်ထမ်းတွေရဲ့ဘဝ တော်တော်များများ စတေးခဲ့ကြရပါတယ်။

### ဘဝတွေ ရေစုန်မျောခဲ့ရ

နိုင်ငံ့ဝန်ထမ်းတွေကို လုပ်ငန်းခွင်ကို ပြန်လည်ဝင်ရောက်ကြဖို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက သည်းခံစောင့်ဆိုင်းပေးမှုတွေ၊ အကြိမ်ကြိမ်မေတ္တာရပ်ခံမှု၊ ဖျောင်းဖျမှုတွေ လုပ်ဆောင်ခဲ့ပေမယ့် အင်အားကြီးနိုင်ငံတွေရဲ့ ကိုယ်ကျိုးစီးပွားအရ၊ ဩဇာအာဏာအရ အားပြိုင်ကြရာမှာ နိုင်ငံတကာမြင်ကွင်းကျယ် အသိအမြင်မကြွယ်တဲ့ နိုင်ငံ့ဝန်ထမ်းအချို့တို့ရဲ့ ဘဝတွေ ရေစုန်မျောခဲ့ရပါတယ်။

CDM လှုပ်ရှားမှုမှာပါဝင်တဲ့ နိုင်ငံ့ဝန်ထမ်းတွေဟာ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေတွေအရ ဌာနဆိုင်ရာ အရေးယူခံခဲ့ရတာရှိသလို ရာဇဝတ်ကြောင်းအရ တရားစွဲဆိုတာ၊ အပြစ်ပေး အရေးယူခံခဲ့ရတာတွေလည်း ရှိခဲ့ရပါတယ်။

အခုဆိုရင် ယုံကြည်သလို ဖြစ်မလာတဲ့အခါ CDM လှုပ်ရှားမှုမှာပါဝင်တဲ့ နိုင်ငံ့ဝန်ထမ်းအချို့လည်း နားလည်သဘောပေါက်သင့်သလောက် သဘောပေါက်လာခဲ့ပြီး CDM လှုပ်ရှားမှုတွေကလည်း မီးညွန့်ကျိုးလာပြီ ဖြစ်ပါတယ်။ နိုင်ငံတော်အစိုးရကလည်း CDM လှုပ်ရှားမှုမှာပါဝင်လို့ အရေးယူခံရတဲ့ နိုင်ငံ့ဝန်ထမ်းတွေကို ချမှတ်ထားတဲ့ပြစ်ဒဏ်တွေ လျှော့ပေါ့ပြောင်းလဲစေပြီး နိုင်ငံ့ဝန်ထမ်းတာဝန်တွေကို ပြန်လည်ထမ်းဆောင်ခွင့်ပြုနိုင်ရေး ဆောင်ရွက်နေပြီဖြစ်တာကြောင့် အနာဂတ်အမိနိုင်ငံတော်ကြီး တည်ဆောက်ရေးမှာ အသိပညာပြည့်ဝတဲ့ ဝန်ထမ်းကောင်းတွေ၊ လူစွမ်းအား အရင်းအမြစ်တွေအဖြစ် ပူးပေါင်းပါဝင်ကြဖို့ မေတ္တာရပ်ခံ တိုက်တွန်းလိုပါတယ်။

> ❐ အချို့က မိမိရဲ့ အလုပ်ကို အမှန်တကယ် တန်ဖိုးထားချစ်မြတ်နိုးတဲ့သူတွေ၊ သူ့ရဲ့ နိုင်ငံ့ဝန်ထမ်းလစာ တစ်ခုတည်းအပေါ်မှာပဲ မိသားစု မှီခိုနေရသူတွေ ဖြစ်ပါတယ်။ ဒါပေမယ့် လက်သီးလက်မောင်းတန်းပြီး လှုံ့ဆော်ပြနေသူတွေ၊ သွေးထိုးလှုံ့ဆော်သူတွေရဲ့ မြှောက်ပင့်မှုတွေ၊ CDM မှာ မပါဝင်ရင် သစ္စာဖောက်နီးနီးပြောဆိုမှု၊ Social Punishment ပြုလုပ်ခံရမယ်လို့ ခြောက်လှန့်မှုတွေကြောင့်လည်း ရှုံ့ကြောက်ပြီး မဖြစ်မနေပါဝင်ခဲ့ကြရတာ ဖြစ်ပါတယ်။
>
> ❐ ဆရာ ဆရာမ အချို့ကတော့ တည်ဆဲအစိုးရကြောင့်မဟုတ်ဘဲ တပည့်တွေရဲ့ စော်ကားမော်ကား ပြောဆိုရေးသားမှုတွေအပေါ် စိတ်ကုန်၊ စိတ်ပျက်ပြီး ရုံးမတက်၊ ကျောင်းပျက်နေကြတယ်လို့ ကြားသိရပါတယ်။ ဘယ်လိုပင်ဖြစ်စေ ဒီဖြစ်စဉ်မှာ ဝန်ထမ်းတွေရဲ့ဘဝ တော်တော်များများ စတေးခဲ့ကြရပါတယ်။

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် ရှမ်းပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအတွက် ထောက်ပံ့ခြင်းများဆောင်ရွက်

**နေပြည်တော်  မေ  ၁**

ရှမ်းပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများ၊ မသန်စွမ်းသူများနှင့် သက်ကြီးရွယ်အိုများအတွက် ထောက်ပံ့ခြင်းအခမ်းအနားကို ဧပြီ ၃၀ ရက် နံနက်ပိုင်းတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်း၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ရှမ်းပြည်နယ် တရားသူကြီးချုပ် ဦးကြွယ်ကြွယ်၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင်များ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ မြို့မိမြို့ဖများ၊ လူမှုရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူများ တက်ရောက်သည်။

**ဖွင့်လှစ်ဆောင်ရွက်လျက်ရှိ**

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ရှေးဦးအရွယ် ကလေးသူငယ်များ ပြုစုပျိုးထောင်ရေးနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းအနေဖြင့် မူလတန်းကြိုကျောင်းများ၊ ကလေးပြုစုရေးဌာနများ၊ သင်တန်းကျောင်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ လူငယ်ဖွံ့ဖြိုးရေးလုပ်ငန်းအနေဖြင့် လူငယ်ရေးရာမူဝါဒကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီး အမျိုးသားအဆင့် မဟာဗျူဟာပါ လုပ်ငန်းစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး မြန်မာနိုင်ငံ လူငယ်ရေးရာကော်မတီကို ပြန်လည်ဖွဲ့စည်းထားရှိပြီး ဖြစ်ပါကြောင်း၊ အမျိုးသမီးများ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းအနေဖြင့် အမျိုးသမီး ဖွံ့ဖြိုးတိုးတက်ရေးဌာနများ၊ အမျိုးသမီး သက်မွေးအတတ် ပညာသင်ကျောင်းများ၊ အမျိုးသမီးများ ပြုစုစောင့်ရှောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးဌာနများ၊ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၊ အကြမ်းဖက်ခံရသည့် အမျိုးသမီးများကို တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့်စင်တာများကို ဖွင့်လှစ်ဆောင်ရွက်လျက် ရှိပါကြောင်း၊

သက်ကြီးရွယ်အိုများ ဘဝမြှင့်တင်ရေးနှင့် စောင့်ရှောက်ရေးလုပ်ငန်းအနေဖြင့် သက်ကြီးရွယ်အိုများဆိုင်ရာဥပဒေပြဋ္ဌာန်းထားရှိပြီးဖြစ်သလို နည်းဥပဒေအတည်ပြုပြဋ္ဌာန်းနိုင်ရေးကိုလည်း ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်း၊ မသန်စွမ်းသူများပြုစုစောင့်ရှောက်ရေးလုပ်ငန်းများအနေဖြင့် မျက်မမြင်ကျောင်းများ၊ နားမကြားသော ကလေးများ ကျောင်းများ၊ မသန်စွမ်း သက်ငယ်သင်တန်းကျောင်းများ၊ မသန်စွမ်းသက်ကြီးသင်တန်းကျောင်း၊ မသန်စွမ်းကလေးများပြုစုစောင့်ရှောက်ရေးဂေဟာများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါကြောင်း၊

**ထောက်ပံ့ငွေပေးအပ်**

မိမိတို့ဝန်ကြီးဌာနအနေဖြင့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများအား ထောက်ပံ့ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးလုပ်ငန်းအနေဖြင့် ၎င်းတို့ တည်ထောင်ဖွင့်လှစ်ထားရှိသော ပရဟိတဂေဟာများနှင့် ဘိုးဘွားရိပ်သာများအတွက် ထောက်ပံ့ငွေပေးအပ်လျက်ရှိပါကြောင်း၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနအနေဖြင့် ဝန်ကြီးဌာန၏ မူဝါဒဖြစ်သည့် ထိရောက်သော ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းစဉ်များ ချမှတ်ဆောင်ရွက်ခြင်းဖြင့် ဘေးအန္တရာယ်များကို ကြံ့ကြံ့ခံရင်ဆိုင် တုံ့ပြန်နိုင်စွမ်းရှိသော လူ့အသိုက်အဝန်း ဖြစ်ပေါ်စေရေးနှင့် ဘေးဒဏ်ခံစားရသော ပြည်သူများအတွက် ပိုမိုကောင်းမွန်သည့် လူနေမှုဘဝ ရရှိစေရေးဆိုသည့် မူဝါဒကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ပြည်ထောင်စုအဆင့်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် “အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ” ကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အဆိုပါလုပ်ငန်းများ ကဏ္ဍအလိုက် ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးများ ဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်သည့် လုပ်ငန်းကော်မတီ ၁၂ ခုကိုလည်း ဖွဲ့စည်းထားရှိပါကြောင်း၊

**ကြိုးပမ်းဆောင်ရွက်လျက်ရှိ**

တိုင်းဒေသကြီး/ ပြည်နယ်အဆင့်တွင်လည်း သဘာဝဘေးစီမံခန့်ခွဲမှုလုပ်ငန်းများကို အနီးကပ်ကြီးကြပ်ဆောင်ရွက်နိုင်ရန် နေပြည်တော်ကောင်စီနှင့် တိုင်းဒေသကြီး/ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌများ ဦးဆောင်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုအဖွဲ့များကို ဖွဲ့စည်းဆောင်ရွက်လျက်ရှိပြီး ခရိုင်၊ မြို့နယ်၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု အဖွဲ့များကိုလည်း အဆင့်ဆင့် ထပ်မံဖွဲ့စည်း ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဘေးဒဏ်ကို လက်တွေ့ရင်ဆိုင် ကြုံတွေ့ခံစားရသည့် ပြည်သူလူထု၏ သဘာဝဘေးအသိပညာတိုးပွားရေး၊ ရပ်ရွာများ၏ ဘေးဒဏ်ရင်ဆိုင်တုံ့ပြန်နိုင်စွမ်း မြင့်မားရေးတို့ကိုလည်း လူမှုရေးအဖွဲ့အစည်းများအပါအဝင် ပြည်သူများ၏ ပူးပေါင်းပါဝင်မှုနှင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း၊

မိမိတို့ဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော လူမှုဝန်ထမ်းလုပ်ငန်းများ ထိရောက်ကျယ်ပြန့်စွာ ဆောင်ရွက်နိုင်ရေး၊ ဘေးအန္တရာယ်ကို ကြံ့ကြံ့ခံရင်ဆိုင်နိုင်စွမ်းရှိသော လူ့အဖွဲ့အစည်းတစ်ရပ်ဖြစ်လာစေရေး၊ ထိခိုက်လွယ်အုပ်စုများကို ပိုမိုပံ့ပိုးနိုင်ရေး၊ ဝန်ကြီးဌာနအနေဖြင့် ကြိုးစားအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိရာတွင် အခြေခံကျသော စာရင်းဇယားအချက်အလက်များ ရရှိနိုင်ရေးနှင့် အကျိုးခံစားခွင့်ရှိသည့် ပြည်သူများလက်ဝယ်အရောက် ထောက်ပံ့နိုင်ရေး ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြသည့် ဒေသအာဏာပိုင် အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် သက်ဆိုင်သူအားလုံးကို အထူးပင်ကျေးဇူးတင်ရှိပါကြောင်းနှင့် တိုင်းဒေသကြီး/ပြည်နယ်များမှ လူမှုရေးအဖွဲ့အစည်းများနှင့် ပြည်သူလူထုတစ်ရပ်လုံးက ဆက်လက်ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းနှင့် ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်တို့က အမှာစကားပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက ရှမ်းပြည်နယ်အတွင်းရှိ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများသို့ ထောက်ပံ့ငွေကျပ် ၄၄၉၄ ဒသမ ၅၁ သိန်း၊ အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးရွယ်အို ၁၃၃၂၉ ဦးအတွက် လူမှုရေးပင်စင် ထောက်ပံ့ငွေကျပ် ၃၉၉၈ ဒသမ ၇ သိန်း၊ မသန်စွမ်းသူ ၆၉၁၈ ဦးအတွက် ထောက်ပံ့ငွေကျပ် ၂၀၇၅ ဒသမ ၄ သိန်း၊ ထောက်ပံ့ငွေစုစုပေါင်း ၁၀၅၆၈ ဒသမ ၆၁ သိန်းကို ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများထံ ထောက်ပံ့ပေးအပ်ကြရာ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက တက်ရောက်လာကြသည့် စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များထံ အသီးသီးထောက်ပံ့ပေးအပ်ကြသည်။

ထို့နောက် တက်ရောက်လာသူများကိုယ်စား (တောင်ကြီးမြို့၊ ဘုရားဖြူမသန်စွမ်းနှင့် လူငယ်ဖွံ့ဖြိုးရေး ပရဟိတဂေဟာ)၊ (သူငယ်တော်ယေဇူးကျောင်း)၏ ဂေဟာမှူးစစ္စတာကလားရာတင်ညိုက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။**(အပေါ်ဝဲပုံ)**

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများသည် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ပြုလုပ်သည့် ပြည်နယ်အဆင့် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဝန်ထမ်းများနှင့် တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြားပြီး ဝန်ထမ်းများ၏ တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမျိုးလှိုင် ကယားပြည်နယ် အားကစားကွင်း/အားကစားရုံများ ကြည့်ရှုစစ်ဆေး

**နေပြည်တော်  မေ  ၁**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးလှိုင်သည် ဧပြီ ၃၀ ရက်နှင့်မေ ၁ ရက်တို့တွင် ကယားပြည်နယ်ရှိ အားကစားကွင်း/ အားကစားရုံများအသစ်တည်ဆောက်နေမှုနှင့် ပြုပြင်မွမ်းမံနေမှုကို လိုက်လံကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**

**အချိန်မီပြီးစီးနိုင်ရေးမှာကြား**

ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် မေ ၃၀ ရက်တွင် ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ် အားကစားကွင်းနှင့်အားကစားရုံ၊ ဝန်ထမ်းအိမ်များအသစ် တည်ဆောက်နေမှုနှင့် အဝီစိတွင်း တူးဖော်မည့်နေရာကိုလည်းကောင်း၊ ဖရူဆိုမြို့နယ် အားကစားကွင်းနှင့် နှစ်ထပ် ပွဲကြည့်စင်ဆောက်လုပ်နေမှုကို လည်းကောင်း၊ ဘော်လခဲခရိုင် အားကစားကွင်း၊ လေးခန်းတွဲ သုံးထပ် ဝန်ထမ်းအိမ်ရာ တည်ဆောက်နေမှုနှင့် အားကစားကွင်း/အားကစားရုံတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေး၍ လုပ်ငန်းများ စံချိန်စံညွှန်းကောင်းမွန်ပြီး အချိန်မီပြီးစီးနိုင်ရေး မှာကြားသည်။

ဆက်လက်၍ ဖားဆောင်းမြို့နယ် အားကစားကွင်း/ အားကစားရုံများကို ကြည့်ရှုစစ်ဆေး၍ ဘောလုံးကွင်း ရေရရှိစေရေး၊ ကွင်းရေဖျန်းစနစ်နှင့် ပွဲကြည့်စင် အဝင်လမ်း ပြုလုပ်ပေးရန် တာဝန်ရှိသူများကို မှာကြားသည်။

ယင်းနောက် မယ်စဲ့မြို့နယ် အားကစားကွင်း၊ ပွဲကြည့်စင် တိုးချဲ့ဆောက်လုပ်မည့် နေရာနှင့် အားကစားရုံတို့ကို ကြည့်ရှုစစ်ဆေးပြီး ဘောလုံးကွင်း ဂိုးတိုင်နောက် မြေလွတ်နေရာများ မြေဖို့ရန်နှင့် နွေရာသီအားကစားသင်တန်းများ ဖွင့်လှစ်ရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့နယ်ရှိ အားကစားနှင့် ကာယပညာသိပ္ပံ (လွိုင်ကော်)ကျောင်းသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ကျောင်းအုပ်ချုပ်ရေးမှူးရုံးခန်း၌ အားကစားနှင့် ကာယပညာသိပ္ပံ (လွိုင်ကော်) ကျောင်းအုပ်ကြီးက ကျောင်းပြုပြင်ထိန်းသိမ်းမှုများ၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်ရန် ပြင်ဆင်နေမှုကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းမှာကြားပြီး အားကစားနှင့် ကာယပညာသိပ္ပံကျောင်းအတွင်းရှိ အားကစားရုံများ ပြုပြင်မွမ်းမံနေမှုများ၊ စားရိပ်သာ၊ သင်တန်းသား/သူများ၏ အိပ်ဆောင်များနှင့် လေးခန်းတွဲ ဝန်ထမ်းအိမ်ရာတည်ဆောက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



ထို့နောက် ဒုတိယဝန်ကြီးနှင့် အဖွဲ့သည် လွိုင်ကော်မြို့နယ်ရှိ ပြည်နယ်ရုံးတွင် ဝန်ထမ်းများနှင့်တွေ့ဆုံ၍ နှုတ်ဆက်အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်နယ် အားကစားကွင်းအတွင်းရှိ တင်းနစ်အားကစားကွင်း၊ ရေကူးကန်နှင့် GYM ခန်းမ တည်ဆောက်နေမှုနှင့် မီတာ ၄၀၀ ပြေးလမ်း Synthetic ခင်းကျင်းမှုကိုလည်းကောင်း၊ လွိုင်ကော်မြို့နယ်ရှိ ဖူဆယ်အားကစားရုံတို့ကို ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ဆေးတက္ကသိုလ်ဘွဲ့လွန်/ဘွဲ့ကြိုသင်တန်းများ ဖွင့်လှစ်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မေ ၁

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်း သည် ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ ဆေးတက္ကသိုလ် (၁) အစည်းအဝေးခန်းမ၌ ရန်ကုန်မြို့ရှိ ဆေးနှင့်ဆေးနီးနွယ် တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခဌာနမှူးများ၊ သက်ဆိုင်ရာတာဝန်ရှိသူများ နှင့် တွေ့ဆုံကာ ဆေးတက္ကသိုလ် ဘွဲ့လွန်/ဘွဲ့ကြိုသင်တန်းများ ဖွင့်လှစ်နိုင်ရေးကိစ္စရပ်များနှင့်ပတ်သက်၍ မှာကြားသည်။ (အောက်ပုံ)**



**အသိအမှတ်ပြု**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ဆေးရုံကြီးများ လုပ်ငန်းပြန်လည် လည်ပတ်နေပြီဖြစ်သဖြင့် သက်ဆိုင်ရာ ပါမောက္ခဌာနမှူးများ၊ ward in charge များ၏ ကြိုးစားမှုကို ဝန်ကြီးဌာနအနေဖြင့် အသိအမှတ်ပြုပါကြောင်း၊ ယခုထက်ပို၍ ကြိုးစားစေချင်ပါကြောင်း၊ ယခုလက်ရှိကြုံတွေ့နေရသည့် အခက်အခဲများကို စည်းလုံးမှုအင်အားဖြင့် ကျော်ဖြတ်စေလိုပါကြောင်း၊ ဆေးကုသရေးလုပ်ငန်းများ ပုံမှန်အတိုင်း မဆောင်ရွက်နိုင်ပါက အချိန်ကြာလာသည်နှင့်အမျှ ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်လာမည်ဖြစ်ပြီး ကျန်းမာရေး အသုံးစရိတ်အတွက် မိမိအိတ်ထဲမှ စိုက်ထုတ်သုံးစွဲငွေ (Out of pocket expenditure) တက်လာမည်ဖြစ်ပါကြောင်း၊ ဆေးရုံများ ပုံမှန်အတိုင်း ၂၄ နာရီ ပြန်လည်ဖွင့်လှစ်နိုင်ပါက ပြည်သူလူထုအတွက် များစွာအကျိုးရှိမည်ဖြစ်ပါကြောင်း။

ကလေးများအတွက် ပုံမှန်ကာကွယ်ဆေးထိုး လုပ်ငန်းများ မဆောင်ရွက်နိုင်ပါက မကြာမီနှစ်များအတွင်း ငါးနှစ်အောက်ကလေးသေဆုံးမှုများ မြင့်တက်လာမည် ဖြစ်ပါကြောင်း၊ ထို့အပြင် ယခုအချိန်တွင် ကျန်းမာရေးဝန်ထမ်းများ အနေဖြင့် လုပ်ငန်းခွင်အသီးသီးသို့ ပြန်လည်ဝင်ရောက် တာဝန်ထမ်းဆောင်လိုကြသော်လည်း social media များပေါ်မှ social bullying လုပ်ခံရမည်ကို စိုးရိမ်၍ လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်ရန် အခက်အခဲရှိနေသည်ကို သိရှိရပါကြောင်း၊ social bullying ဦးဆောင် ပြုလုပ်နေသူများကိုလည်း ဝန်ကြီးဌာနသို့ hotline/email များဖြင့် သတင်းပို့ထားသဖြင့် တည်ဆဲဥပဒေများနှင့်အညီ အရေးယူနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ယနေ့အစည်းအဝေးကျင်းပရခြင်း၏ အဓိကရည်ရွယ်ချက်မှာ ဘွဲ့လွန်/ဘွဲ့ကြိုသင်တန်းများ ဖွင့်လှစ်နိုင်ရေးအတွက် ဖြစ်ပါကြောင်း။

ဘွဲ့လွန်သင်တန်းသားများအနေဖြင့် သတ်မှတ်ထားသည့် ကျောင်းခေါ်ကြိမ် ၉၀ ရာခိုင်နှုန်းပြည့်မီရမည် ဖြစ်ပါကြောင်း၊ လက်ထောက်ဆရာဝန်များအတွက် ဘွဲ့လွန်ဝင်ခွင့် သင်တန်းလျှောက်လွှာပိတ်ရက်များကို တိုးမြှင့်ထားပါကြောင်း၊ ထို့အပြင် တက္ကသိုလ်ဝင်တန်း အောင်မြင်ပြီးသူများ ဆေးတက္ကသိုလ်သို့ဝင်ရောက်နိုင်ရေး တက္ကသိုလ်ဝင်ခွင့် စိစစ်ရွေးချယ်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပါမောက္ခချုပ်များ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခဌာနမှူးများသည် အရေးကြီးပါကြောင်း၊ အငြိမ်းစားယူခါနီး ဆရာ၊ ဆရာမကြီးများအနေဖြင့်လည်း မိမိတို့အငြိမ်းစားယူသည့်အခါ မိမိတို့ဌာန တိုးတက်ကျန်ရစ်အောင် ဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ ဆရာဝန် ကတိသစ္စာနှင့် ကျင့်ဝတ်ကို လိုက်နာရမည့်အပြင် ဆရာ့ကျင့်ဝတ်ကိုပါ လိုက်နာရမည်ဖြစ်ပြီး မိမိတို့၏တပည့်များကို လမ်းမှားမရောက်အောင် ထိန်းကျောင်းပေးရန်နှင့် အမွေဆိုးမပေးခဲ့ရန်လိုပါကြောင်း၊ ၅၀၅-က ဖြင့် တရားစွဲဆိုခံထားရသည့် ကျန်းမာရေးဝန်ထမ်းများကိုလည်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ထုတ်ပြန်ထားသည့် လမ်းညွှန်ချက်နှင့်အညီ ဖြေလျှော့ပေးနိုင်ရေး ဝန်ကြီးဌာနအနေဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး လုပ်ငန်းခွင်သို့ ပြန်လည်တာဝန်ထမ်းဆောင်နိုင်အောင် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

**လုပ်ငန်းခွင်သို့ ပြန်လာအောင်စည်းရုံး**

ကိုဗစ်-၁၉ ကပ်ရောဂါ စတင်ဖြစ်ပွားခဲ့သည့်ကာလမှစ၍ ယနေ့အချိန်ထိ မိမိတို့ဝန်ကြီးဌာနနှင့် အခြားဆက်စပ်ဝန်ကြီးဌာနများ၊ ပြည်သူလူထုများ၊ စေတနာ့ဝန်ထမ်းများက ပြည်သူ့ကျန်းမာရေး လုပ်ငန်းများကို အဓိက ဆောင်ရွက်ခဲ့ကြသည်ကို တွေ့မြင်နိုင်ပါကြောင်း၊ နိုင်ငံခြားတိုင်းပြည်များသို့ ပညာတော်သင် သွားရောက်နေသူများအနေဖြင့်လည်း မိမိတို့နိုင်ငံအတွက် အကျိုးရှိမည့် အသိပညာ၊ အတတ်ပညာကောင်းများကို သင်ယူရမည် ဖြစ်သော်လည်း မိမိတို့သည် တိုင်းတစ်ပါး၏ ခြယ်လှယ်ကြိုးကိုင်မှုစေခိုင်းမခံရအောင် သတိချပ်ရမည် ဖြစ်ကြောင်း၊ ခေတ်အဆက်ဆက်တွင် မိမိတို့ Professional ၏ လိုအပ်ချက်များကို တာဝန်ရှိသူအသီးသီးက ဖြည့်ဆည်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဝန်ထမ်းများ စည်းစည်းလုံးလုံး ညီညီညွတ်ညွတ်နှင့် နိုင်ငံ့ဝန်ထမ်း ကျင့်ဝတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ တာဝန်ထမ်းဆောင်နိုင်ရေး သက်ဆိုင်ရာဌာနမှူးများတွင် တာဝန်ရှိပါကြောင်း၊ လုပ်ငန်းခွင်မှဝေးကွာနေသည့် မိမိတို့၏လုပ်ဖော်ကိုင်ဖက် တပည့်သားသမီးများကို လုပ်ငန်းခွင်သို့ ပြန်လည်ဝင်ရောက်လာအောင် စည်းရုံးခေါ်ဆောင်ရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်းက လက်ရှိဖွင့်လှစ်လျက်ရှိသည့် ဘွဲ့လွန်သင်တန်းများအခြေအနေ၊ မေ ၃ ရက်မှစတင်၍ ဘွဲ့လွန်သင်တန်းသားများ၏ ကျောင်းခေါ်ကြိမ် ၉၀ ရာခိုင်နှုန်း ပြည့်မီရေး၊ ဘွဲ့လွန်နှင့်ဘွဲ့ကြိုသင်တန်းများ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ထားရှိမှု အခြေအနေများနှင့် စပ်လျဉ်း၍ ပြန်လည်ရှင်းလင်း တင်ပြဆွေးနွေးသည်။

ထို့နောက် အစည်းအဝေးသို့ တက်ရောက်လာကြသည့် ပါမောက္ခချုပ်များ၊ ဘာသာရပ်ဆိုင်ရာ ပါမောက္ခဌာနမှူးများနှင့် တာဝန်ရှိသူများက တင်ပြဆွေးနွေးခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

**ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး လုပ်ငန်းများဆောင်ရွက်ထားရှိမှု အခြေအနေများ၊ မြန်မာနိုင်ငံသို့ အိမ်နီးချင်းနိုင်ငံများမှ ဗီဇပြောင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ် မဝင်ရောက်နိုင်ရေး ကြိုတင်စီမံ ဆောင်ရွက်ထားနိုင်ရေး၊ ဝေဘာဂီ အထူးကုဆေးရုံ၊ ဗဟိုဝန်ထမ်းတက္ကသိုလ်(ဖောင်ကြီး) ဆေးရုံများတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ လူနာများ လက်ခံကုသနိုင်ရေး၊ contact tracing လုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်ရေး၊ ကိုဗစ်-၁၉ ရောဂါ စစ်ဆေးရေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်နိုင်ရေး၊ Quarantine centre များ တိုးချဲ့ဖွင့်လှစ်နိုင်ရေးအတွက် ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီနှင့် ညှိနှိုင်းဆောင်ရွက်သွားနိုင်ရေး၊ မြို့နယ် ကုသရေး/ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှူးများ၏ လုပ်ငန်းဆောင်ရွက်မှုများအား အနီးကပ်ကြီးကြပ်သွားနိုင်ရေးတို့နှင့် ပတ်သက်၍ မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဆေးတက္ကသိုလ်(၁)ရန်ကုန်ရှိ သန္ဓေဝန်ထမ်းများနှင့်တွေ့ဆုံ၍ တက္ကသိုလ်ပရဝဏ် စိမ်းလန်းစိုပြည်ရေး၊ လုံခြုံရေး၊ ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းနှင့်အညီ တာဝန်ထမ်းဆောင်ရေးတို့နှင့်ပတ်သက်၍ မှာကြားခဲ့ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယနေ့ကျင်းပသည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ဆေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဇော်သန်းထွန်း၊ ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ထွန်း၊ ဆေးတက္ကသိုလ်(၁)နှင့် ဆေးတက္ကသိုလ်(၂) ပါမောက္ခချုပ် ဒေါက်တာအေးထွန်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာကျော်ရွှေနှင့် ပါမောက္ခဌာနမှူးများ၊ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်နှင့် တာဝန်ရှိသူများ မူးယစ်ဆေးဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (နမ့်လတ်)သို့စစ်ဆေး



**နေပြည်တော် မေ ၁**

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်သည် ဧပြီ ၂၉ ရက် ညနေပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့နယ် အတွင်း ပြန်လည်ထူထောင်ရေး ဦးစီးဌာန လက်အောက်ရှိ မူးယစ်ဆေး ဖြတ်ပြီးသူများ ပြန်လည်ထူထောင်ရေးစခန်း (နမ့်လတ်)သို့ ကြည့်ရှုစစ်ဆေးသည်။

**ဖြည့်ဆည်းဆောင်ရွက်ပေး**

စစ်ဆေးစဉ် စခန်းအတွင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ် ဝန်ကြီးဌာန ဘတ်ဂျက်ဖြင့် တော်ဝင်ရွှေနန်းကုမ္ပဏီမှ ငွေကျပ် ၂၁၃ ဒသမ ၅၀၅ သန်းဖြင့် တင်ဒါအောင်မြင် ဆောက်လုပ်လျက်ရှိသော ပေ ၁၀၀ x ပေ ၄၀ လေးခန်းတွဲ RC နှစ်ထပ် ဝန်ထမ်းအိမ်ရာ ၅၀ ရာခိုင်နှုန်းပြီးစီးနေမှု အခြေအနေနှင့် ပိုင်ဖြိုးခန့်ကုမ္ပဏီမှ ငွေကျပ် ၁၂၈ ဒသမ ၁၉၉၉ သန်းဖြင့် တင်ဒါအောင်မြင် ဆောက်လုပ်လျက်ရှိသော ပေ ၆၀x ပေ ၄၀ RC နှစ်ထပ် စခန်းရုံး ၇၀ ရာခိုင်နှုန်းပြီးစီးကာ လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို တာဝန်ယူဆောင်ရွက်နေသည့် ကုမ္ပဏီများမှ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ပြီး (ဝဲပုံ) ပြည်ထောင်စုဝန်ကြီးနှင့် တာဝန်ရှိသူများက အဆောက်အအုံများ ရေရှည်တည်တံ့စေရေးအတွက် အရည်အသွေး ကြံ့ခိုင်ကောင်းမွန်ရေး၊ သတ်မှတ်လျာထားသည့်အတိုင်း လုပ်ငန်းပြီးစီးအောင် ဆောင်ရွက်နိုင်ရေးတို့အတွက် အလေးထား ဆောင်ရွက်ရန် မှာကြားခဲ့ပြီး လိုအပ်ချက်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည်။

**သတင်းစဉ်**

# ရခိုင်ပြည်နယ် ညွှန်ကြားရေးမှူးရုံး ရုံးအဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကျင်းပ

**နေပြည်တော် မေ ၁**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ရခိုင်ပြည်နယ် ညွှန်ကြားရေးမှူးရုံး ရုံးအဆောက်အအုံသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီခွဲတွင် စစ်တွေမြို့ ဘုမေရပ်ကွက် တက္ကသိုလ်ရိပ်သာလမ်းရှိ အဆိုပါရုံးအဆောက်အအုံသစ်၌ ကျင်းပသည်။ **(ယာပုံ)**



### တက်ရောက်

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦး၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများ၊ စာပေနှင့်ယဉ်ကျေးမှုအဖွဲ့များနှင့် ရပ်မိရပ်ဖများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး၊ ရခိုင်ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးနှင့် ရပ်မိရပ်ဖတစ်ဦးတို့က ရုံးအဆောက်အအုံဆိုင်းဘုတ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးသည်။ ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ရုံးဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့ပြီး အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။ ထို့နောက် ရုံးအဆောက်အအုံသစ်နှင့် ခင်းကျင်းပြသထားသော တိုင်းရင်းသား ပုံပြပုံပြင်စာအုပ်များ၊ တိုင်းရင်းသားဒေသ မှတ်တမ်းဓာတ်ပုံများကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ယင်းနောက် အခမ်းအနားအစီအစဉ် ဒုတိယပိုင်းကို ဆက်လက်ကျင်းပရာ ပြည်ထောင်စုဝန်ကြီးက ရခိုင်ပြည်နယ်အတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာနှင့် ကိုးကွယ်သည့်ဘာသာ၊ သမိုင်းအမွေအနှစ်၊ ငြိမ်းချမ်းရေး၊ ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခွင့်အရေးများ ရရှိရေးတို့အပါအဝင် လူမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကိစ္စရပ်များနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးတည်ချက် (၉)ရပ်ထဲတွင် လူမှုရေးဦးတည်ချက်ဖြစ်သည့် **"တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများမပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး"** ဟူသော ဦးတည်ချက်နှင့်အညီ ရခိုင်ပြည်နယ်အတွင်းမှာရှိသည့် တိုင်းရင်းသားများအားလုံးအရေးကိစ္စအတွက် ကျယ်ကျယ်ပြန့်ပြန့်နှင့် အောင်မြင်ပြီးမြောက်အောင် အနီးကပ် စီမံဆောင်ရွက်နိုင်မည် ဖြစ်ပါကြောင်း။

### ပူးပေါင်းဆောင်ရွက်

ရခိုင်ပြည်နယ် ပထဝီအနေအထားအရ လူဦးရေများပြားသည့် အိမ်နီးချင်းနိုင်ငံတို့၏ စကား၊ စာပေ၊ ယဉ်ကျေးမှုများ လွှမ်းမိုးဝင်ရောက်နိုင်သည်ကို သတိပြုစေချင်ပါကြောင်း၊ စကားပျောက်လျှင် ယဉ်ကျေးမှုပါ ပပျောက်မည်ဖြစ်ပြီး ယဉ်ကျေးမှုပျောက်လျှင် လူမျိုးပါ ပျောက်သွားနိုင်ပါကြောင်း၊ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေ အခန်း(၁) အခြေခံမူ ပုဒ်မ ၂၂ တွင် **"တိုင်းရင်းသားများ၏ စကား၊ စာပေ၊ ယဉ်ကျေးမှုများကို ဖော်ဆောင်ပေးရန်"** ဟု ဖော်ပြထားပါကြောင်း၊ တိုင်းရင်းသားများ၏ စကား၊ စာပေ၊ ယဉ်ကျေးမှုများ ပိုမိုမြှင့်တင်ထိန်းသိမ်းစောင့်ရှောက်နိုင်ရေးအတွက် မိမိတို့ဝန်ကြီးဌာနအနေဖြင့် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းပြီး အခြေခံပညာကျောင်းများတွင် တိုင်းရင်းသားဘာသာသင် (Teaching Assitant – TA / Language Teacher – LT) ဆရာ၊ ဆရာမများ စိစစ်ခန့်အပ်လျက်ရှိရာ ရခိုင်ပြည်နယ်အတွင်း ၂၀၁၇–၂၀၁၈ ခုနှစ်တွင် TA ၁၄၅ ဦး၊ LT ငါးဦး၊ ၂၀၁၉–၂၀၂၀ ခုနှစ်တွင် TA ၁၄၈၂ ဦး ခန့်အပ်ခဲ့ပြီး ဖြစ်ပါကြောင်း။ ၂၀၂၀–၂၀၂၁ ခုနှစ်တွင် TA လျာထား ၁၆၄၉ ဦးအတွက် အဆိုပြုလျှောက်ထားသူ ရခိုင် ၉၀၂၁ ဦး၊ ချင်း ၁၆ ဦး၊ ဗမာ တစ်ဦး စုစုပေါင်း ၉၀၃၈ ဦးတို့၏ လျှောက်လွှာများကို စိစစ်လက်ခံခဲ့ပြီး ခန့်အပ်နိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာနနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

### ပုံပြ ပုံပြင်စာအုပ်များကို ဖြန့်ဝေပေး

အဆိုပါ TA/LT ဆရာ၊ ဆရာမများ ပိုမိုခန့်ထားနိုင်ရေး၊ လုပ်အားခနှင့် ထောက်ပံ့ငွေများ ပိုမိုထောက်ပံ့နိုင်ရေးတို့အတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က မတ် ၁၅ ရက်တွင် ကျင်းပသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစည်းအဝေး အမှတ်စဉ် (၆/၂၀၂၁) တွင် လမ်းညွှန်မှာကြားခဲ့သည့်အတွက် မတ် ၂၄ ရက်တွင် ပညာရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများနှင့် ညှိနှိုင်းအစည်းအဝေးပြုလုပ်ခဲ့ပြီး ပညာရေးဝန်ကြီးဌာနကနေ နိုင်ငံတော်ရန်ပုံငွေ ထပ်မံတောင်းခံနိုင်ရေးဆက်လက်ဆောင်ရွက်လျက်ရှိသည်ကို အသိပေးပြောကြားလိုပါကြောင်း၊ ရခိုင်ပြည်နယ်အတွင်း အခြေခံပညာကျောင်းများသို့လည်း မိမိတို့ဝန်ကြီးဌာနအနေဖြင့် စာပေသင်ကြားခွင့် တရားဝင်ရရှိပြီးဖြစ်သော တိုင်းရင်းသားဘာသာဖြင့် ရေးသားထားသော ပုံပြပုံပြင်စာအုပ်များကို ဖြန့်ဝေပေးလျက်ရှိရာ ၂၀၁၉–၂၀၂၀ ခုနှစ်အတွက် စာအုပ်ပေါင်း ၉၀၆၁၄ အုပ်၊ ၂၀၂၀–၂၀၂၁ ခုနှစ် အတွက် ၉၀၆၁၄ အုပ် ဖြန့်ဝေပေးခဲ့ပြီး ၂၀၂၁–၂၀၂၂ ခုနှစ်အတွက်လည်း ဆက်လက်ဖြန့်ဝေပေးသွားမည် ဖြစ်ပါကြောင်း ပြောကြားသည်။

### ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိ

ထို့နောက် ရခိုင်ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာအောင်ကျော်မင်းက ရခိုင်ပြည်နယ်တွင် ရခိုင်၊ ခမီ၊ မြို၊ သက်၊ ဒိုင်းနက်၊ မရမာကြီး၊ ကမန်၊ ချင်း စသည့် တိုင်းရင်းသားများ အေးအတူပူအမျှ စုပေါင်းနေထိုင်လျက်ရှိကြပါကြောင်း၊ ဖော်ပြပါ လူမျိုးစုများ၏ စကား၊ စာပေ၊ ရိုးရာယဉ်ကျေးမှုများကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး၊ တရားဝင်အခွင့်အရေးများရရှိရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ပံ့ပိုးကူညီမှုများ ပိုမိုဆောင်ရွက်ပေးနိုင်သည်နှင့် အမျှ ရခိုင်ပြည်နယ်သည် ပိုမိုအေးချမ်းသာယာလာပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များလည်း ပိုမိုအောင်မြင်လာမည်ဟု အပြည့်အဝ ယုံကြည်ပါကြောင်း၊ တိုင်းရင်းသား စာပေနှင့် ယဉ်ကျေးမှုအသင်းအဖွဲ့များသို့ နှစ်စဉ်ထောက်ပံ့ငွေများ ပေးအပ်လျက်ရှိရာ ရခိုင်ပြည်နယ် အုပ်ချုပ်ရေးကောင်စီအနေဖြင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန၊ ရခိုင်ပြည်နယ် ညွှန်ကြားရေးမှူးရုံးမှတစ်ဆင့် ဒိုင်းနက်(သက္ကမ)တိုင်းရင်းသားတို့၏ ၂၀၂၁ ခုနှစ် သင်္ကြန်ဘီဖူးမေလာပန်းမျှော်ပွဲ ကျင်းပရန် ငွေကျပ် ၅၄ သိန်းနှင့် ဧပြီ ၂၇ ရက်တွင် ကျင်းပခဲ့သည့် ခမီအမျိုးသားနေ့အတွက် ငွေကျပ်သိန်း ၂၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ထပ်မံ၍လည်း ကျန်တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအဖွဲ့များ ထပ်မံတောင်းခံလာပါက စိစစ်ပြီး ကူညီထောက်ပံ့မှုများ ပေးအပ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က နှုတ်ခွန်းဆက်အမှာစကားနှင့် ကျေးဇူးတင်စကား ပြောကြားသည်။ ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ရွှေရောင်မေတ္တာဖောင်ဒေးရှင်း လူမှုကူညီရေးအသင်းကို ပါးစပ်နှင့်နှာခေါင်းစည်း (Mask) များ ထောက်ပံ့ပေးအပ်သည်။

### ကြည့်ရှုလေ့လာ

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့ဝင်များသည် ရခိုင်ပြည်နယ် စစ်တွေမြို့ (View Point)၊ ပင်လယ်ကမ်းခြေနှင့် မြန်မာ့ဆိပ်ကမ်းအာဏာပိုင်၊ စစ်တွေဆိပ်ခံတံတားသို့ သွားရောက်ကြည့်ရှုလေ့လာခဲ့ရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ တည်ဆောက်ရေးလုပ်ငန်းများကြည့်ရှုစစ်ဆေး

**နေပြည်တော် မေ ၁**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်းသည် ယနေ့ နံနက် ၉ နာရီတွင် မန္တလေးအပြည်ပြည်ဆိုင်ရာ လေဆိပ်ဧည့်ခန်းမဆောင်၌ မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်တွင် တာဝန်ထမ်းဆောင်လျက်ရှိသော အရာထမ်း၊ အမှုထမ်းများနှင့် တွေ့ဆုံ၍ အမှာစကားပြောကြားသည်။

တွေ့ဆုံစဉ် သက်ဆိုင်ရာဌာနတာဝန်ခံများက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက် ဆောင်ရွက်မည့် အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လတ်တလော ဖြေရှင်းပေးရမည့် ကိစ္စရပ်များကို ညှိနှိုင်းဖြေရှင်းဆောင်ရွက်ပေးပြီး ဝန်ထမ်းများကို စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးသည် မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ ဂျပန်နိုင်ငံအစိုးရ၏ အကူအညီဖြင့် ဆောင်ရွက်လျက်ရှိသည့် The Project for improvement of Aircraft Surveillance System တွင် ပါဝင်သော လုပ်ငန်းဖြစ်သည့် Aircraft Surveillance Radar–ASR တပ်ဆင်နိုင်ရေးအတွက် တည်ဆောက်ရေး လုပ်ငန်းဆောင်ရွက်နေမှုနှင့် တပ်ဆင်ပြီးဖြစ်သည့် ရေဒါအမှတ် (၂) ကို ကြည့်ရှုစစ်ဆေးရာ စီမံကိန်းတာဝန်ရှိသူများက စီမံကိန်းဆိုင်ရာ အချက်အလက်များကို ရှင်းလင်းတင်ပြပြီး ဒုတိယဝန်ကြီးက စီမံကိန်းလုပ်ငန်းများကို သတ်မှတ်ထားသည့် စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးနိုင်ရေးနှင့် သဘာဝဘေးအန္တရာယ် မကျရောက်စေရေးအတွက် ကာကွယ်စီမံမှုများထားရှိဆောင်ရွက်သွားကြရန် လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။



ဒုတိယဝန်ကြီး ဦးအောင်ကျော်ထွန်း မန္တလေးအပြည်ပြည်ဆိုင်ရာလေဆိပ်ရှိ တည်ဆောက်ရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေးစဉ်။

ယင်းနောက် ဒုတိယဝန်ကြီးသည် လေကြောင်းထိန်းမျှော်စင်သို့ သွားရောက်၍ လေကြောင်းထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်နေမှုကို တာဝန်ခံများက ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လေယာဉ်များ ဘေးအန္တရာယ် ကင်းရှင်းစွာ ဆင်းသက် ပျံသန်းနိုင်ရေးကို အဓိကဦးစားပေး ဆောင်ရွက်ရန်နှင့် လိုအပ်သည်များရှိပါက အချိန်နှင့်တစ်ပြေးညီ သတင်းပို့ဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

◆ *ရှေ့ဖုံးမှ*

မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မြို့နယ်အလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်–

## မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

| စဉ် | မြို့နယ် | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | တန့်ဆည်မြို့နယ် | ၁၁၆ | ၁၆၃၂၈၂ | ၁၁၄၉၃၃ | ၄၈၃၄၉ | ၄၇၇၂၆ | ၁၆၂၈ | ၁၀၀၅ |
| ၂ | ကျွန်းလှမြို့နယ် | ၉၁ | ၈၈၄၂၇ | ၅၉၆၈၁ | ၂၈၇၄၆ | ၂၇၂၄၃ | ၁၉၇၉ | ၄၇၆ |
| | စုစုပေါင်း | ၂၀၇ | ၂၅၁၇၀၉ | ၁၇၄၆၁၄ | ၇၇၀၉၅ | ၇၄၉၆၉ | ၃၆၀၇ | ၁၄၈၁ |

## တန့်ဆည်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၅။ မြေပြင်စစ်ဆေးချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး၊ တန့်ဆည်မြို့နယ်တွင် ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၇ အုပ်စု၊ မဲရုံပေါင်း ၁၁၆ ရုံတွင် ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၆၃၂၈၂ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၁၄၉၃၃ ၊ ကျန်ရှိရမည့် အရေအတွက်မှာ ၄၈၃၄၉ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၄၇၇၂၆ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုနှင့် လျော့နည်းပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် –

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၅၅၈၇၉ | ၁၁၄၄၃၉ | ၄၁၄၄၀ | ၄၀၈၁၇ | ၁၆၂၈ | ၁၀၀၅ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၈၁၁ | ၄၉၄ | ၃၁၇ | ၃၁၇ | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၆၅၉၂ | | ၆၅၉၂ | ၆၅၉၂ | | |
| | စုစုပေါင်း | ၁၆၃၂၈၂ | ၁၁၄၉၃၃ | ၄၈၃၄၉ | ၄၇၇၂၆ | ၁၆၂၈ | ၁၀၀၅ |

၆။ တန့်ဆည်မြို့နယ်၊ ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၇ အုပ်စုရှိ မဲရုံ ၁၁၆ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၁၆၂၈ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၁၀၀၅ အပို တွေ့ရှိရပါသည်။

၇။ မြေပြင်စစ်ဆေးခဲ့ရာတွင် ထူးခြားမှုများအနေဖြင့် ရေဦးကုန်းကျေးရွာအုပ်စု မဲရုံအမှတ်(၂) တွင် အသုံးပြုထားသည့် ကြိုတင်ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်း၌ ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်း အမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအုပ်စု၊ အမည် စသည်ဖြင့် ဖြည့်သွင်းရေးသားရမည်ဖြစ်သော်လည်း မဲရုံတွင် ထိုသို့ဖြည့်သွင်းရေးသားထားမှုမရှိသည့် အသုံးပြုပြီး လက်ခံဖြတ်ပိုင်း ၄၀ စောင် ကို စစ်ဆေးတွေ့ရှိရပါသည်။

၈။ တန့်ဆည်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် –

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | မေတ္တာမြိုင်ရပ်ကွက် | ၂ | ၄၆၅၀ | ၃၄၂၇ | ၁၂၂၃ | ၁၂၂၅ | ၅၀ | ၅၂ |
| ၂ | ပေါ်ဦးရပ်ကွက် | ၁ | ၂၆၅၀ | ၂၁၃၄ | ၅၁၆ | ၅၁၆ | | |
| ၃ | မဟာမြိုင်ရပ်ကွက် | ၁ | ၃၁၀၆ | ၂၄၉၄ | ၆၁၂ | ၆၁၂ | | |
| ၄ | ဗိုလ်မြရပ်ကွက် | ၁ | ၂၂၉၆ | ၁၇၂၃ | ၅၇၃ | ၅၇၇ | | ၄ |
| ၅ | တေန်းကျေးရွာအုပ်စု | ၁ | ၂၃၉၇ | ၁၈၆၄ | ၅၃၃ | ၅၃၂ | ၁ | |
| ၆ | ကလဇင်ကျေးရွာအုပ်စု | ၁ | ၂၀၅၄ | ၁၆၂၁ | ၄၃၃ | ၄၂၉ | ၄ | |
| ၇ | ရွှေတကျေး ကျေးရွာအုပ်စု | ၁ | ၁၆၀၀ | ၁၃၁၆ | ၂၈၄ | ၂၈၄ | | |
| ၈ | ဒယ်ရောက်ကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၇၃၄ | ၂၆၆ | ၂၆၆ | | |
| ၉ | ချောင်းရိုးကျေးရွာအုပ်စု | ၁ | ၁၄၅၈ | ၁၁၀၃ | ၃၅၅ | ၃၅၅ | | |
| ၁၀ | ခပေါင်းကြိုင်ကျေးရွာအုပ်စု | ၁ | ၁၅၅၄ | ၁၁၈၀ | ၃၇၄ | ၃၇၀ | ၄ | |
| ၁၁ | ရွာသာယာကျေးရွာအုပ်စု | ၁ | ၂၂၄၅ | ၁၄၈၁ | ၇၆၄ | ၅၁၉ | ၂၄၅ | |
| ၁၂ | ကံကြီးကုန်းကျေးရွာအုပ်စု | ၁ | ၇၅၀ | ၅၁၅ | ၂၃၅ | ၂၃၅ | | |
| ၁၃ | ကုန်းရိုးကျေးရွာအုပ်စု | ၁ | ၁၇၅၀ | ၁၄၁၅ | ၃၃၅ | ၃၃၅ | | |
| ၁၄ | ရွှေကတော်ကျေးရွာအုပ်စု | ၁ | ၁၆၀၀ | ၁၂၆၀ | ၃၄၀ | ၃၃၈ | ၂ | |
| ၁၅ | အင်တိုင်းကျေးရွာအုပ်စု | ၁ | ၁၉၀၄ | ၁၄၈၂ | ၄၂၂ | ၄၂၂ | | |
| ၁၆ | ဝါးရင်ယ်ကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၇၆၆ | ၆၃၄ | ၆၃၄ | ၅၀ | ၅၀ |
| ၁၇ | နေချောင်းကျေးရွာအုပ်စု | ၂ | ၂၁၅၂ | ၁၄၁၉ | ၇၁၃ | ၇၁၁ | ၂ | |
| ၁၈ | ရွာရှည်(တ)ကျေးရွာအုပ်စု | ၂ | ၂၅၅၀ | ၁၆၈၀ | ၈၇၀ | ၈၇၀ | | |
| ၁၉ | ရွာမကျေးရွာအုပ်စု | ၂ | ၂၁၀၀ | ၁၂၉၉ | ၈၀၁ | ၇၅၁ | ၅၀ | |
| ၂၀ | ရွှေကူကျေးရွာအုပ်စု | ၂ | ၁၈၅၀ | ၁၂၂၅ | ၆၂၅ | ၆၂၅ | | |
| ၂၁ | ကုန်စွာကျေးရွာအုပ်စု | ၁ | ၁၅၀၀ | ၉၈၄ | ၅၁၆ | ၅၁၆ | | |
| ၂၂ | ဆန်ဆွဲကျေးရွာအုပ်စု | ၂ | ၃၃၀၀ | ၂၇၃၄ | ၅၆၆ | ၁၀၆၆ | | ၅၀၀ |
| ၂၃ | ခရမ်းခြံကျေးရွာအုပ်စု | ၃ | ၄၇၅၀ | ၃၁၈၄ | ၁၅၆၆ | ၁၅၁၆ | ၅၀ | |
| ၂၄ | ညောင်ဇီးကုန်းကျေးရွာအုပ်စု | ၂ | ၂၇၀၀ | ၁၈၉၅ | ၈၀၅ | ၈၀၅ | | |
| ၂၅ | လယ်တီးကျေးရွာအုပ်စု | ၃ | ၂၃၅၂ | ၁၅၅၉ | ၇၉၃ | ၈၄၂ | | ၄၉ |
| ၂၆ | ကံထူးမကျေးရွာအုပ်စု | ၆ | ၁၀၃၀၀ | ၈၁၂၃ | ၂၁၇၇ | ၂၁၇၇ | | |
| ၂၇ | ကြောင်ဆင်းအိုင်ကျေးရွာအုပ်စု | ၂ | ၂၁၅၀ | ၁၅၅၁ | ၅၉၉ | ၅၉၉ | | |
| ၂၈ | ဇီးပေါက်ကျေးရွာအုပ်စု | ၃ | ၃၁၅၀ | ၂၃၁၄ | ၈၃၆ | ၆၃၆ | ၂၀၀ | |
| ၂၉ | ပကာကျေးရွာအုပ်စု | ၂ | ၁၃၀၀ | ၉၈၆ | ၃၁၄ | ၃၁၄ | | |
| ၃၀ | မောက်တက်ကျေးရွာအုပ်စု | ၂ | ၇၅၀ | ၅၁၉ | ၂၃၁ | ၁၈၁ | ၅၀ | |
| ၃၁ | ရွာမုံတောင်ကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၄၅၄ | ၂၉၆ | ၂၉၆ | ၅၀ | ၅၀ |
| ၃၂ | စိန်းနန်းကျေးရွာအုပ်စု | ၅ | ၄၇၀၀ | ၃၄၇၅ | ၁၂၂၅ | ၁၀၇၅ | ၁၅၀ | |
| ၃၃ | တောဂျင်ကျေးရွာအုပ်စု | ၂ | ၁၁၅၀ | ၈၄၇ | ၃၀၃ | ၃၀၃ | ၅၀ | ၅၀ |
| ၃၄ | ကျွန်းတောကုန်းကျေးရွာအုပ်စု | ၁ | ၁၉၀၀ | ၁၅၂၁ | ၃၇၉ | ၃၇၉ | | |
| ၃၅ | ညံသာကျေးရွာအုပ်စု | ၁ | ၅၀၀ | ၃၇၃ | ၁၂၇ | ၁၂၇ | | |
| ၃၆ | တုတ္တာလုပ်ကျေးရွာအုပ်စု | ၄ | ၃၄၅၀ | ၂၄၅၈ | ၉၉၂ | ၉၉၂ | | |
| ၃၇ | ဆင်ငယ်ကျေးရွာအုပ်စု | ၁ | ၁၃၀၀ | ၁၀၂၁ | ၂၇၉ | ၂၇၉ | | |
| ၃၈ | အင်ကုက္ကားကျေးရွာအုပ်စု | ၁ | ၂၁၆၆ | ၁၆၃၈ | ၅၂၈ | ၅၁၂ | ၁၆ | |
| ၃၉ | ချောင်းဆုံ (တ)ကျေးရွာအုပ်စု | ၁ | ၁၉၅၀ | ၁၉၀၂ | ၄၈ | ၄၈ | | |
| ၄၀ | ဖလံချိုင်ကျေးရွာအုပ်စု | ၁ | ၁၇၅၀ | ၁၄၄၁ | ၃၀၉ | ၃၅၉ | | ၅၀ |
| ၄၁ | နဘက်ကြီးကျေးရွာအုပ်စု | ၁ | ၁၄၀၂ | ၁၁၃၉ | ၂၆၃ | ၂၁၁ | ၅၂ | |
| ၄၂ | နဘက်ငယ်ကျေးရွာအုပ်စု | ၂ | ၂၅၀၀ | ၁၇၆၇ | ၇၃၃ | ၇၃၃ | | |
| ၄၃ | ရေဦးကုန်းကျေးရွာအုပ်စု | ၃ | ၃၁၀၂ | ၂၃၉၉ | ၇၀၃ | ၇၀၃ | ၅၀ | ၅၀ |
| ၄၄ | ဒေါင်ကြီးကျေးရွာအုပ်စု | ၂ | ၂၉၅၀ | ၂၁၀၆ | ၈၄၄ | ၈၄၄ | | |
| ၄၅ | ပေကုန်းကျေးရွာအုပ်စု | ၁ | ၈၀၀ | ၄၉၈ | ၃၀၂ | ၃၀၂ | | |
| ၄၆ | ချောင်းဦးကျေးရွာအုပ်စု | ၁ | ၂၄၅၀ | ၁၇၈၆ | ၆၆၄ | ၆၆၄ | | |
| ၄၇ | အုတ်ဖိုအိုင်ကျေးရွာအုပ်စု | ၁ | ၁၀၀၀ | ၇၆၆ | ၂၃၄ | ၂၃၄ | | |
| ၄၈ | သစ္စေးကုန်းကျေးရွာအုပ်စု | ၂ | ၂၆၅၀ | ၁၇၉၃ | ၈၅၇ | ၈၅၇ | | |
| ၄၉ | သဲစားကျေးရွာအုပ်စု | ၃ | ၂၅၅၀ | ၁၇၃၀ | ၈၂၀ | ၈၂၀ | | |
| ၅၀ | သစ်တော်ပေါက်ကျေးရွာအုပ်စု | ၃ | ၄၉၀၀ | ၃၃၆၆ | ၁၅၃၄ | ၁၅၃၄ | ၁၀၀ | ၁၀၀ |
| ၅၁ | တပိုးကျေးရွာအုပ်စု | ၂ | ၃၃၀၀ | ၂၁၂၆ | ၁၁၇၄ | ၁၁၇၂ | ၂ | |
| ၅၂ | ကာပေါင်းကျကျေးရွာအုပ်စု | ၂ | ၂၈၀၀ | ၁၇၃၆ | ၁၀၆၄ | ၇၆၄ | ၃၀၀ | |
| ၅၃ | ချောင်းဆုံ(မ)ကျေးရွာအုပ်စု | ၂ | ၂၇၅၀ | ၁၉၇၅ | ၇၇၅ | ၇၂၅ | ၅၀ | |
| ၅၄ | နန္ဒင်းတောကျေးရွာအုပ်စု | ၄ | ၄၇၀၀ | ၃၂၇၅ | ၁၄၂၅ | ၁၄၂၅ | | |
| ၅၅ | ပုတီးကျေးရွာအုပ်စု | ၂ | ၂၈၅၀ | ၂၁၇၄ | ၆၇၆ | ၆၇၆ | | |
| ၅၆ | အောင်စွာကျေးရွာအုပ်စု | ၄ | ၂၈၅၀ | ၁၉၆၆ | ၈၈၄ | ၈၈၄ | | |
| ၅၇ | ရွာရှည်(မ)ကျေးရွာအုပ်စု | ၆ | ၉၃၅၀ | ၆၇၁၄ | ၂၆၃၆ | ၂၅၈၆ | ၁၀၀ | ၅၀ |
| ၅၈ | အက်တောကျေးရွာအုပ်စု | ၁ | ၂၁၅၀ | ၁၆၆၉ | ၄၈၁ | ၄၈၁ | | |
| ၅၉ | ဘေရင်းကျေးရွာအုပ်စု | ၁ | ၂၂၉၁ | ၁၇၄၂ | ၅၄၉ | ၅၄၉ | | |
| ၆၀ | မူးဂွကျေးရွာအုပ်စု | ၁ | ၂၀၅၀ | ၁၄၄၄ | ၆၀၆ | ၆၀၆ | | |
| ၆၁ | ကျွန်းလယ်ကျေးရွာအုပ်စု | ၁ | ၁၅၅၀ | ၁၁၃၁ | ၄၁၉ | ၄၁၉ | | |
| | ရပ်/ကျေးချုပ်စုစုပေါင်း | ၁၁၆ | ၁၅၅၈၇၉ | ၁၁၄၄၃၉ | ၄၁၄၄၀ | ၄၀၈၁၇ | ၁၆၂၈ | ၁၀၀၅ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၈၁၁ | ၄၉၄ | ၃၁၇ | ၃၁၇ | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၆၅၉၂ | | ၆၅၉၂ | ၆၅၉၂ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၁၁၆ | ၁၆၃၂၈၂ | ၁၁၄၉၃၃ | ၄၈၃၄၉ | ၄၇၇၂၆ | ၁၆၂၈ | ၁၀၀၅ |

## ကျွန်းလှမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်

၉။ မြေပြင်စစ်ဆေးချက်များအရ စစ်ကိုင်းတိုင်းဒေသကြီး၊ ကျွန်းလှမြို့နယ်တွင် ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၄ အုပ်စု၊ မဲရုံပေါင်း ၉၁ ရုံတွင် ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၈၈၄၂၇ ဖြစ်ပြီး မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၅၉၆၈၁ ၊ ကျန်ရှိရမည့် အရေအတွက်မှာ ၂၈၇၄၆ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၂၇၂၄၃ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။

*စာမျက်နှာ ၁၁ သို့*

စာမျက်နှာ ၁၀ မှ



ကျွန်းလှမြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှုမှတ်တမ်းဓာတ်ပုံ။



တန့်ဆည်မြို့နယ် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးမှုမှတ်တမ်းဓာတ်ပုံ။

မဲရုံများအလိုက် မဲလက်မှတ် အပိုများနှင့် လျော့နည်းပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ် တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၈၂၆၅၀ | ၅၉၄၅၉ | ၂၃၁၉၁ | ၂၁၆၈၈ | ၁၉၇၉ | ၄၇၆ |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၂၂၂ | ၂၂၂ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၅၅၅၅ | | ၅၅၅၅ | ၅၅၅၅ | | |
| | စုစုပေါင်း | ၈၈၄၂၇ | ၅၉၆၈၁ | ၂၈၇၄၆ | ၂၇၂၄၃ | ၁၉၇၉ | ၄၇၆ |

၁၀။ ကျွန်းလှမြို့နယ်၊ ရပ်ကွက် ၄ ရပ်ကွက်၊ ကျေးရွာအုပ်စု ၃၄ အုပ်စုရှိ မဲရုံ ၉၁ ရုံတို့တွင် မဲလက်မှတ် အရေအတွက် ၁၉၇၉ ပျောက်ဆုံးနေပြီး မဲလက်မှတ် ၄၇၆ အပို တွေ့ရှိရပါသည်။

၁၁။ မြေပြင်စစ်ဆေးခဲ့ရာတွင် ထူးခြားမှုများအနေဖြင့် တောင်ယာဆိပ်ကျေးရွာအုပ်စု မဲရုံအမှတ်(၂)တွင် အသုံးပြုထားသည့် ကြိုတင်မဲတွင် ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်း၌ ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်း အမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအုပ်စုအမည်စသည်ဖြင့် ဖြည့်သွင်း ရေးသားရမည်ဖြစ်သော်လည်း ထိုသို့ဖြည့်သွင်းရေးသားထားမှု မရှိသည့် အသုံးပြုပြီး လက်ခံဖြတ်ပိုင်း ၄၀ စောင် ကို စစ်ဆေးတွေ့ရှိရပါသည်။

၁၂။ ကျွန်းလှမြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင် စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ပိတောက်မြိုင်ရပ်ကွက် | ၂ | ၃၂၀၀ | ၂၃၄၇ | ၈၅၃ | ၈၅၃ | | |
| ၂ | ပျဉ်းမမြိုင်ရပ်ကွက် | ၃ | ၄၃၅၀ | ၂၅၇၁ | ၁၇၇၉ | ၁၄၂၉ | ၃၅၀ | |
| ၃ | သစ်ရာမြိုင်ရပ်ကွက် | ၂ | ၃၁၀၀ | ၂၂၆၉ | ၈၃၁ | ၁၀၈၁ | | ၂၅၀ |
| ၄ | အင်ကြင်းမြိုင်ရပ်ကွက် | ၁ | ၃၅၀ | ၂၅၀ | ၁၀၀ | ၁၀၀ | | |
| ၅ | ကုက္ကိုကုန်းကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၈၇၈ | ၅၂၂ | ၅၃၂ | | ၁၀ |
| ၆ | ကြည့်ကုန်းကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၃၁၄ | ၄၈၆ | ၄၈၆ | | |
| ၇ | ကျောက်အိုင်ကျေးရွာအုပ်စု | ၃ | ၃၃၅၀ | ၂၅၅၃ | ၇၉၇ | ၇၉၇ | ၁၀၀ | ၁၀၀ |
| ၈ | တင်းတိန်ရုံကျေးရွာအုပ်စု | ၂ | ၁၆၀၀ | ၁၀၈၉ | ၅၁၁ | ၂၆၁ | ၂၅၀ | |
| ၉ | ထန်းပင်ကုန်းကျေးရွာအုပ်စု | ၂ | ၂၀၀၀ | ၁၃၇၂ | ၆၂၈ | ၆၂၈ | | |
| ၁၀ | မန်ကျည်းအင်းကျေးရွာအုပ်စု | ၂ | ၁၅၅၀ | ၁၁၃၄ | ၄၁၆ | ၃၆၆ | ၅၀ | |
| ၁၁ | ရွာသီကျေးရွာအုပ်စု | ၄ | ၄၁၅၀ | ၃၀၅၄ | ၁၀၉၆ | ၁၀၈၁ | ၂၅ | ၁၀ |
| ၁၂ | ရှမ်းစုကျေးရွာအုပ်စု | ၁ | ၂၅၅၀ | ၁၈၁၁ | ၇၃၉ | ၇၄၀ | | ၁ |
| ၁၃ | လယ်လှကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၃၁၇ | ၄၈၃ | ၄၈၃ | | |
| ၁၄ | လွှတ်တိုက်ကျေးရွာအုပ်စု | ၃ | ၃၁၀၀ | ၂၂၇၅ | ၈၂၅ | ၈၂၅ | | |
| ၁၅ | တောင်ယာဆိပ်ကျေးရွာအုပ်စု | ၂ | ၁၁၅၀ | ၈၀၀ | ၃၅၀ | ၃၅၀ | | |
| ၁၆ | အင်းဂေါင်းကျေးရွာအုပ်စု | ၂ | ၂၄၅၀ | ၁၅၉၆ | ၈၅၄ | ၈၀၄ | ၅၀ | |
| ၁၇ | အင်ဒိုင်းကျေးရွာအုပ်စု | ၂ | ၂၃၀၀ | ၁၆၀၇ | ၆၉၃ | ၆၄၁ | ၅၂ | |
| ၁၈ | ညောင်ကိုင်းကျေးရွာအုပ်စု | ၂ | ၂၄၀၀ | ၁၂၂၁ | ၁၁၇၉ | ၈၂၉ | ၃၅၀ | |
| ၁၉ | ထိန်တောကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၇၇၁ | ၂၇၉ | ၂၇၉ | | |
| ၂၀ | ရေယိန်းကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၆၀၁ | ၃၄၉ | ၃၄၉ | | |
| ၂၁ | အင်လှကျေးရွာအုပ်စု | ၃ | ၁၈၀၀ | ၁၂၈၉ | ၅၁၁ | ၅၁၁ | | |
| ၂၂ | ပေကုန်းကျေးရွာအုပ်စု | ၂ | ၁၃၅၀ | ၉၇၅ | ၃၇၅ | ၃၂၅ | ၅၀ | |
| ၂၃ | ကုန်းစီးကျေးရွာအုပ်စု | ၁ | ၁၅၅၀ | ၁၀၇၈ | ၄၇၂ | ၅၂၆ | | ၅၄ |
| ၂၄ | ချောင်းဖောက်ကျေးရွာအုပ်စု | ၂ | ၁၄၀၀ | ၁၀၉၉ | ၃၀၁ | ၃၀၁ | | |
| ၂၅ | ညောင်ပင်ရိုးကျေးရွာအုပ်စု | ၂ | ၁၁၀၀ | ၈၁၈ | ၂၈၂ | ၂၃၀ | ၅၂ | |
| ၂၆ | နောင်ကောက်ကျေးရွာအုပ်စု | ၄ | ၃၈၀၀ | ၂၈၁၁ | ၉၈၉ | ၉၈၉ | ၅၀ | ၅၀ |
| ၂၇ | နောင်ဦးကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၁၀၈၆ | ၅၆၄ | ၅၆၄ | | |
| ၂၈ | နွားလည်ဘို့ကျေးရွာအုပ်စု | ၃ | ၁၇၅၀ | ၁၂၉၀ | ၄၆၀ | ၄၆၀ | | |
| ၂၉ | မယားသာကျေးရွာအုပ်စု | ၂ | ၁၀၀၀ | ၇၆၈ | ၂၃၂ | ၁၈၂ | ၅၀ | |
| ၃၀ | မော်ကယ်ကျေးရွာအုပ်စု | ၂ | ၁၇၅၀ | ၁၂၅၅ | ၄၉၅ | ၃၉၅ | ၁၀၀ | |
| ၃၁ | ရေရှင်ကျေးရွာအုပ်စု | ၆ | ၅၁၀၀ | ၃၆၃၉ | ၁၄၆၁ | ၁၁၆၁ | ၃၀၀ | |
| ၃၂ | ရှမ်းကုန်းကျေးရွာအုပ်စု | ၁ | ၁၉၀၀ | ၁၃၇၂ | ၅၂၈ | ၅၂၈ | | |
| ၃၃ | လိပ်စင်းတောင်ကျေးရွာအုပ်စု | ၂ | ၁၈၀၀ | ၁၄၃၈ | ၃၆၂ | ၃၆၂ | | |
| ၃၄ | သရက်ပင်ကျေးရွာအုပ်စု | ၂ | ၁၀၅၀ | ၈၃၅ | ၂၁၅ | ၂၁၅ | | |
| ၃၅ | သက္ကယ်ကျင်းကျေးရွာအုပ်စု | ၄ | ၂၅၀၀ | ၁၉၃၈ | ၅၆၂ | ၅၆၂ | | |
| ၃၆ | သစ်ချိုကျေးရွာအုပ်စု | ၄ | ၂၃၅၀ | ၁၈၀၀ | ၅၅၀ | ၅၅၁ | | ၁ |
| ၃၇ | အိမ်ခြေကျေးရွာအုပ်စု | ၅ | ၃၃၀၀ | ၂၅၀၆ | ၇၉၄ | ၇၄၄ | ၅၀ | |
| ၃၈ | မြင်သာဦးကျေးရွာအုပ်စု | ၁ | ၉၀၀ | ၆၃၂ | ၂၆၈ | ၁၆၈ | ၁၀၀ | |
| | ရပ်/ကျေးချုပ် စုစုပေါင်း | ၉၁ | ၈၂၆၅၀ | ၅၉၄၅၉ | ၂၃၁၉၁ | ၂၁၆၈၈ | ၁၉၇၉ | ၄၇၆ |
| | မြို့နယ်ကြိုတင်မဲလက်မှတ် | | ၂၂၂ | ၂၂၂ | | | | |
| | မြို့နယ်လက်ကျန်မဲလက်မှတ် | | ၅၅၅၅ | | ၅၅၅၅ | ၅၅၅၅ | | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၉၁ | ၈၈၄၂၇ | ၅၉၆၈၁ | ၂၈၇၄၆ | ၂၇၂၄၃ | ၁၉၇၉ | ၄၇၆ |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ သရက်၊ ကံမနှင့် အောင်လံမြို့နယ်များမှ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေး

**မကွေး မေ ၁**

မကွေးတိုင်းဒေသကြီး သရက်ခရိုင်အတွင်းရှိ သရက်မြို့နယ်၊ ကံမမြို့နယ်နှင့် အောင်လံမြို့နယ်များ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို မကွေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးတင့်လွင်၊ ကောင်စီအဖွဲ့ဝင် တိုင်းရဲတပ်ဖွဲ့မှူး ရဲမှူးကြီးလှိုင်တင့်နှင့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများက ဧပြီ ၂၈ ရက်က ကွင်းဆင်းစစ်ဆေးသည်။

**တံတားတည်ဆောက်ရေးလုပ်ငန်းခွင်**

တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌသည် သရက်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ (၁၄၀x၃၀)ပေ နှစ်ထပ် Steel Structure စာသင်ဆောင် တည်ဆောက်နေမှု အခြေအနေများကိုလည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာနက စိုက်ပျိုးထားသည့် နွေစပါး(SRI) နှစ်ဧက စံပြကွက်ကိုလည်းကောင်း၊ သရက်-နတ်မီးတောက်-ကံမလမ်းပေါ်ရှိ မင်းတုန်းတံတား(ရေနံ့သာ) တည်ဆောက်ရေးလုပ်ငန်းခွင်သို့လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးကာ လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။



မင်းတုန်းတံတား(ရေနံ့သာ) တည်ဆောက်ရေးလုပ်ငန်းခွင်တွင် ကြည့်ရှုစစ်ဆေးနေစဉ်။

ထို့နောက် ကံမမြို့သို့ ဆက်လက်ထွက်ခွာ၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများနှင့်တွေ့ဆုံပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ လမ်းညွှန်ချက်များကို ရှင်းလင်းပြောကြားကာ ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် ညှော်စာရင်းဥပဒေကို အသက်သွင်းရန်၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများအနေဖြင့် ညှော်စာရင်းစစ်ဆေးခြင်းကို ဥပဒေနှင့်အညီဆောင်ရွက်ပြီး ထူးခြားမှုများကို အချိန်နှင့်တစ်ပြေးညီ အထက်ဌာနအဆင့်ဆင့်သို့ တင်ပြရန်၊ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် အားလုံးဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ပေးရန်နှင့် တရားဥပဒေစိုးမိုးရေးနှင့်ပတ်သက်၍ ဥပဒေများကို ပြည်သူများသိရှိအောင် အုပ်ချုပ်ရေးအဖွဲ့များ၊ သက်ဆိုင်သည့် ဌာနများက ရှင်းလင်းပြောကြားပေးကြရန်၊ မကြာမီ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်တော့မည်ဖြစ်ရာ ကျောင်းဖွင့်ရေးစီမံချက်များကို စနစ်တကျ ရေးဆွဲထားရန် စသည်တို့ကို ဆွေးနွေးမှာကြားခဲ့သည်။

**ရေတင်စိုက်ပျိုးနိုင်မည့် နည်းလမ်းရှာဖွေ**

ထို့နောက် ကံမမြို့နယ်အတွင်း နွေစပါးစိုက်ပျိုးနေသည့် အခြေအနေများကိုလည်းကောင်း၊ မဒေးရေလှောင်တမံ၌ ဆည်အတွင်း ရေကျန်ရှိမှုအခြေအနေနှင့် ဆည်ရေပေးဝေနိုင်မှုအခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကာ ရေမြောင်း၏ အထက်ပိုင်းကျ၍ စိုက်ပျိုးနိုင်ခြင်းမရှိသော လယ်များအတွက် ရေတင်စိုက်ပျိုးနိုင်မည့် နည်းလမ်းများရှာဖွေ၍ လျာထားချက်ပြည့်မီအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။

**ဝိုင်းဝန်းဆောင်ရွက်ပေး**

ထို့နောက် တိုင်းဒေသကြီးဥက္ကဋ္ဌသည် အောင်လံမြို့နယ်သို့သွားရောက်ပြီး ဒုရင်ဗိုရ်မြစ်ရေတင်စီမံကိန်းမှ ရေတင်စက်များ အခြေအနေ၊ စက်များမောင်းနှင်မှုအခြေအနေ၊ ရေပေးဝေမှု၊ စိုက်ပျိုးပြီးစီးမှု၊ ရေခွန်ကောက်ခံရရှိမှု အခြေအနေများကိုလည်းကောင်း၊ မြို့နယ် စက်မှုလယ်ယာဦးစီးဌာနရှိ New Holland ထွန်စက်ငါးစီးကို ငှားရမ်းပေးထားမှုနှင့် အသုံးပြုနေမှု အခြေအနေများကိုလည်းကောင်း၊ ဧရာဝတီတံတား(သရက်-အောင်လံ)စီမံကိန်း လုပ်ငန်းခွင်၌ တံတားချဉ်းကပ်လမ်း တည်ဆောက်ပြီးစီးမှု အခြေအနေနှင့် ရေလယ်တိုင်များ စိုက်ထူနေသည့် အခြေအနေများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ကာ လုပ်ငန်းခွင်တွင် အလုပ်သမားများ မတော်တဆထိခိုက်မှုများမရှိစေရေး အထူးဂရုပြု ဆောင်ရွက်ကြရန်နှင့် မိုးမကျမီ ရေလယ်တိုင်စိုက်ထူခြင်းလုပ်ငန်းများ ပြီးစီးအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့သည်။ ဆက်လက်၍ အောင်လံမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ၊ စာရေးဝန်ထမ်းများနှင့်တွေ့ဆုံ၍ ဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ပေးကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ခရိုင်(ပြန်/ဆက်)



မေ ၅ ရက်တွင် ကျရောက်မည့် (၇၅) နှစ်မြောက် စိန်ရတု မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ဌာနချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ သန္တေ/အရန် မီးသတ်တပ်ဖွဲ့ဝင်များ မရမ်းကုန်းမြို့နယ်ရှိ စွယ်တော်မြတ်စေတီတော်ကြီး ရင်ပြင်တော်တွင် မေ ၁ ရက်က သန့်ရှင်းရေးဆောင်ရွက်နေသည်ကို တွေ့ရစဉ်။

မျိုးမင်းသိန်း (မရမ်းကုန်း)

## ပညာရေးဝန်ကြီးဌာန
## "၂၀၂၁ -၂၀၂၂ ပညာသင်နှစ်"
## မိဘ၊ အုပ်ထိန်းသူ၊ ပြည်သူများသို့ မေတ္တာရပ်ခံချက်

- ❖ မြို့နယ်အလိုက် သတ်မှတ် နယ်မြေများတွင်သာကျောင်းအပ်နှံကြပါရန်။
- ❖ **ငွေကြေးသို့မဟုတ် လက်ဆောင်ပစ္စည်း**များကိုကျောင်းအုပ်၊ ဆရာ၊ဆရာမများ၊ ဝန်ထမ်းများအား ပေးအပ်ခြင်း မပြုပါရန်။
- ❖ ကျောင်းသား၊ကျောင်းသူများ ပူးပေါင်းဆောင်ရွက်တတ်ရေး၊ ကျောင်းတက်မှန်ရေး၊ အိမ်စာများကို နေ့စဉ်လုပ်ဆောင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆွေးနွေး ဆောင်ရွက်ပါရန်။
- ❖ ပညာသင်ကာလအတွင်း စစ်ဆေးအကဲဖြတ်ခြင်းအား ညွှန်ကြားချက်အတိုင်း စစ်ဆေးနိုင်ရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ပါရန်။
- ❖ ကျောင်းထွက်သူလုံးဝမရှိစေရေးနှင့် အလယ်တန်း၊ အထက်တန်းအဆင့်များသို့ အဆင့်ဆင့် ဆက်လက်ပညာသင်ယူနိုင်ရေးအတွက် ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးပါရန်။
- ❖ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး၊ အရက်၊ ဘီယာ၊ စီးကရက်၊ ကွမ်းယာမသုံးစွဲရေး ကျောင်းအုပ်၊ ဆရာ ၊ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ယာဉ်အန္တရာယ်ကင်းရှင်းရေးနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျန်းမာရေးနှင့် ညီညွတ်သောလူနေမှုပုံစံများ စွဲမြဲဆောင်ရွက်တတ်ရန် အသိပညာပေးရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ကျောင်းသား၊ ကျောင်းသူများ ဂိမ်းစွဲလမ်းမှုပပျောက်စေရေး ကျောင်းအုပ်၊ ဆရာ၊ ဆရာမများနှင့် ပူးပေါင်းဆောင်ရွက်ရန်။
- ❖ ပါးစပ်နှင့်နှာခေါင်းစည်း(mask)ကို ညွှန်ကြားချက်များအတိုင်း စနစ်တကျ တပ်ဆင်ရန်၊ လိုအပ်ပါက မျက်နှာအကာ (Face Shield) တပ်ဆင်ရန်။
- ❖ လက်ကိုရေနှင့်ဆပ်ပြာအသုံးပြု၍ စက္ကန့်(၂၀)ကြာအောင် စနစ်တကျ မကြာခဏဆေးကြောရန်။
- ❖ လက်ဖြင့် နှာခေါင်း၊ ပါးစပ်၊ မျက်လုံးများမကိုင်ရန်။
- ❖ နှာစေး၊ ချောင်းဆိုး၊ ကိုယ်အပူချိန်မြင့်မားလျှင် ကျောင်းသို့မလာဘဲ နီးစပ်ရာ ကျန်းမာရေးဆေးခန်း၊ ဆေးရုံသို့ သတင်းပို့ရန်နှင့် ဆေးကုသမှုခံယူရန်။
- ❖ မိဘများအနေဖြင့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် အကြံပြုကြပါရန်။
- ❖ ပညာရေးဝန်ကြီးဌာန၊ ဝန်ကြီးရုံးသို့ အသိပေးတိုင်ကြားလိုပါက ပညာရေးဝန်ကြီးဌာန၊ ရုံးအမှတ် ၁၃၊ နေပြည်တော်သို့ ပေးပို့တိုင်ကြားနိုင်ပါသည်။

# နေ့အပူချိန်များမြင့်တက်လာမှုကြောင့် လေပြင်းတိုက်ခြင်းနှင့် မိုးသီးကြွေခြင်းများဖြစ်ပေါ်နိုင်

**နေပြည်တော် မေ ၁**

မြန်မာနိုင်ငံအရပ်ရပ်တွင် မိုးကြိုကာလဖြစ်သည့် မေလမှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီကာလအတွင်း လေထုမငြိမ်မသက်မှုများကြောင့်လည်းကောင်း၊ နေ့အပူချိန်များ တစ်ဖြည်းဖြည်းမြင့်တက်လာရာမှ အပူပျံတက်တိမ်များ ဖြစ်ထွန်း၍ မွန်းလွဲ/ညနေပိုင်းတို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းခြင်းကြောင့်လည်းကောင်း၊ လေပြင်းများတိုက်ခတ်ခြင်း၊ လေပြင်းနှင့်အတူ ထစ်ချုန်းခြင်း၊ မိုးကြိုး ပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်းနှင့် နေရာကွက်ကျား မိုးထစ်ချုန်းရွာခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။ လေပြင်းတိုက်ခတ်စဉ် မြေပြင်/ရေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် မိုးကြိုကာလဖြစ်သည့် မေလမှ မြန်မာနိုင်ငံသို့ အနောက်တောင်မုတ်သုံလေ မဝင်ရောက်မီကာလအတွင်း ဖြစ်ပေါ်လာနိုင်သည့် မိုးလေဝသဖြစ်စဉ်များနှင့် ပတ်သက်၍ အထူးဂရုပြုနေထိုင်သွားကြပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေးနှင့် ရေကြောင်းခရီးစဉ်များအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

**အနာဂတ် ကမ္ဘာ သာယာဖို့ အိုဇုန်းလွှာကို ကာကွယ်စို့**

# အိန္ဒိယမှလာသည့်ခရီးသွားများကို အမေရိကန်သို့ဝင်ရောက်ခွင့်ကန့်သတ်ထားမည်ဖြစ်

ဝါရှင်တန် မေ ၁

**အိန္ဒိယတွင် ကိုဗစ် -၁၉ ကူးစက်မှုများပြားနေသည့်အတွက် အမေရိကန်အစိုးရသည် အိန္ဒိယမှလာသည့် ခရီးသည်များအပေါ် ခရီးသွားလာခွင့်ကန့်သတ်မှု တင်းကျပ်သွားမည်ဟု သိရသည်။ ပိုမိုကူးစက်မြန်သည့် ဗီဇပြောင်း ကိုဗစ် -၁၉ ကူးစက်မှုအန္တရာယ်ကြောင့် ယခုလို ပြုလုပ်ရခြင်းဖြစ်သည်။**

အမေရိကန် သမ္မတဂျိုးဘိုင်ဒင် လက်မှတ်ရေးထိုးထားသည့် ကြေညာချက်အရ အိန္ဒိယသို့ ၁၄ ရက်အတွင်းသွားလာခဲ့သည့် အမေရိကန်နိုင်ငံသားမဟုတ်သည့် ခရီးသည်များကို အမေရိကန်သို့ ပြည်ဝင်ခွင့် ဆိုင်းငံ့သွားမည်ဟု သိရသည်။ အဆိုပါကြေညာချက်မှာ မေ ၄ ရက်တွင် စတင် အသက်ဝင်မည်ဖြစ်သည်။

အိန္ဒိယတွင် ကိုဗစ်-၁၉ ကူးစက်မှုမှာ အဆမတန်များပြားနေသည်ဟုလည်း ကြေညာချက်တွင် ပါဝင်သည်။ အိန္ဒိယတွင် ဖြစ်ပွားနေသည့် ဗီဇပြောင်း ကိုဗစ်-၁၉ မှာ ကူးစက်မှု အလွန်လျင်မြန်နေပြီး ကာကွယ်ဆေးအချို့၏ စွမ်းအားကိုလည်း လျော့ကျစေသည်ဟု အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက အကြံပြုချက်ထုတ်ပြန်ထားသည်။

တရုတ်နိုင်ငံနှင့် ဥရောပနိုင်ငံများမှ ခရီးသွားများအတွက်လည်း အလားတူ ကန့်သတ်ချက်မျိုးကို အမေရိကန်က ဆက်လက်ထုတ်ပြန်ထားသည်။ အမေရိကန် ဒုတိယသမ္မတ ကမ်မလာဟားရစ်က သတင်းထောက်များကို ပြောကြားရာတွင် အမေရိကန်သည် အိန္ဒိယသို့ အကူအညီများ ပေးပို့လျက်ရှိကြောင်း၊ ဆေးဘက်ဆိုင်ရာသုံး အောက်ဆီဂျင်အပါအဝင် အခြားသော အကူအညီများ ပေးအပ်လျက်ရှိကြောင်း ပြောကြားခဲ့သည်။

**အင်န်အိတ်ချ်ကေ**




အိန္ဒိယနိုင်ငံတွင် ခရီးသွားတစ်ဦးကို အပူချိန်တိုင်းတာနေစဉ်။

## မော်ဒါနာ ကာကွယ်ဆေးကို အရေးပေါ်သုံးစွဲခွင့်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက စာရင်းသွင်း

**ဂျီနီဗာ မေ ၁**

အမေရိကန် ဆေးဝါးထုတ်လုပ်ရေး ကုမ္ပဏီကြီးဖြစ်သည့် မော်ဒါနာမှ ထုတ်လုပ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို အရေးပေါ် သုံးစွဲခွင့်အတွက် ကမ္ဘာ့ကျန်းမာ ရေးအဖွဲ့ကြီးက စာရင်းသွင်း ခွင့်ပြုပေးခဲ့သည်ဟု သိရသည်။

ကိုဗက်အစီအစဉ်မှ တစ်ဆင့် ဖြန့်ဝေသည့် ကာကွယ်ဆေးများတွင် မော်ဒါနာမှ ထုတ်လုပ်သည့် ကိုဗစ် -၁၉ ကာကွယ်ဆေးကို ဧပြီ ၃၀ ရက်တွင် စာရင်းသွင်းခဲ့သည်ဟု သိရသည်။ ကိုဗက်အစီအစဉ်သည် တစ်ကမ္ဘာလုံးအနှံ့ ကိုဗစ်-၁၉ ကာကွယ်ဆေး ညီညီမျှမျှ ဖြန့်ဖြူးပေးနိုင်ရေးအတွက် ပြုလုပ်ထားသည့် အပြည်ပြည်ဆိုင်ရာ မူဘောင်တစ်ခုလည်း ဖြစ်သည်။




မော်ဒါနာကာကွယ်ဆေး။

ယင်းအစီအစဉ်ဖြင့် ဖိုက်ဇာ၊ အက်စ်ထရာဇနီကာနှင့် ဂျွန်ဆင်အင်န် ဂျွန်ဆင် ကာကွယ်ဆေးတို့ကိုလည်း ဖြန့်ဖြူးပေးခဲ့သည်။ ကိုဗက်အစီအစဉ်သည် ဇွန်လကုန်ပိုင်းတွင် နိုင်ငံပေါင်း ၁၄၅ နိုင်ငံသို့ ကိုဗစ် -၁၉ ကာကွယ်ဆေး အလုံးရေ သန်း ၃၀၀ ကျော်ဖြန့်ဝေပေးနိုင်မည်ဟု မျှော်လင့်ထားသည်။

ကိုဗက်အစီအစဉ်မှ တစ်ဆင့် ကာကွယ်ဆေး ဖြန့်ဖြူးပေးနိုင်သည့် အရေအတွက်မှာ ဧပြီ ၂၉ ရက်အထိ နိုင်ငံပေါင်း ၁၂၁ နိုင်ငံသို့ ကာကွယ်ဆေး အလုံးရေ ၄၉ သန်း ဖြန့်ဝေပေးနိုင်ခဲ့ပြီးဖြစ်သည်ဟု သိရသည်။

**အင်န်အိတ်ချ်ကေ**

## အစ္စရေးနိုင်ငံတွင် နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၈၇ ဦးတွေ့ရှိ

**ဂျေရုဆလင် မေ ၁**

အစ္စရေးနိုင်ငံတွင် ဧပြီ ၃၀ ရက်က ကိုဗစ် -၁၉ နောက်ထပ်ကူးစက်ခံရသူ အရေအတွက်မှာ ၈၇ ဦး ရှိသည်ဟု အစ္စရေးကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။ တိုင်းပြည်အတွင်း စုစုပေါင်း ကူးစက်ခံရသူအရေအတွက်မှာ ၈၃၈၄၈၁ ဦးရှိသည်ဟု သိရသည်။



အစ္စရေးနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးရန် စောင့်ဆိုင်းနေကြသူများကို တွေ့ရစဉ်။

ကိုဗစ် -၁၉ကြောင့် သေဆုံးသူ နှစ်ဦးထပ်တိုးလာသည့်အတွက် သေဆုံးသူစုစုပေါင်းမှာ ၆၃၆၃ဦး ရှိသည်။ ရောဂါပြင်းထန်သည့် လူနာအရေအတွက်မှာလည်း ၁၁၄ဦး မှ ၁၁၀ သို့ လျော့ကျလာသည်ဟု သိရသည်။ ယင်းလူနာအရေအတွက်မှာ ၂၀၂၀ ပြည့်နှစ် ဇူလိုင် ၇ ရက်နောက်ပိုင်း အစ္စရေးနိုင်ငံတွင် အနိမ့်ဆုံး ပမာဏဟုလည်း သိရသည်။

အစ္စရေးနိုင်ငံတွင် ပြန်လည်ကျန်းမာလာသူ အရေအတွက်မှာ ၈၃၀၆၂၅ ဦးရှိသည်။ အစ္စရေးနိုင်ငံတွင်ပြည်သူ ၅ ဒသမ၄ သန်းကို ကိုဗစ် -၁၉ ကာကွယ်ဆေး ထိုးနှံပေးပြီးဖြစ်ကာ နိုင်ငံလူဦးရေ၏ ၅၇ ဒသမ ၉ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။

**ဆင်ဟွာ**

## အိန္ဒိယနိုင်ငံ၏ ကာကွယ်ဆေးထိုးနှံပေးရေး အစီအစဉ် နှောင့်နှေးမှုများနှင့် ရင်ဆိုင်နေရ

**နယူးဒေလီ မေ ၁**

အိန္ဒိယတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးပြတ်လပ်မှု ဖြစ်ပေါ်နေသည့်အတွက် အချို့သောမြို့ကြီးများနှင့် မြို့ငယ်များတွင် အသက် ၁၈ နှစ်နှင့်အထက်များကို ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးရာတွင် နှောင့်နှေးကြန့်ကြာမှုများနှင့် ရင်ဆိုင်နေရသည်ဟု သိရသည်။ အသက် ၄၅နှစ်နှင့်အထက်ရှိသူများမှာ ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးပိုင်ခွင့်ရှိပြီးဖြစ်သည်။ မေ ၁ ရက်မှစတင်ကာ လူပေါင်းသန်း ၆၀၀ မှာ ကိုဗစ် -၁၉ ကာကွယ်ဆေးထိုးရန် အချိန်ရောက်ရှိလာတော့မည်ဟု ဒေသတွင်းမီဒီယာများတွင် ဖော်ပြကြသည်။

တချို့သောမြို့များတွင်ကိုဗစ်-၁၉ ကာကွယ်ဆေးပြတ်လပ်မှုကြောင့် နောက်ထပ်အသက်အုပ်စုများကို ကာကွယ်ဆေးမထိုးပေးနိုင်ဖြစ်နေသည်ဟု သိရသည်။ တိုင်းပြည်၏ အကြီးဆုံးစီးပွားရေးမြို့တော်ဖြစ်သည့် မွမ်ဘိုင်းတွင်လည်း နောက်ထပ်အသက်အုပ်စုများအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပေးရန် ကာကွယ်ဆေးများ အဆင်သင့်မဖြစ်သေးဟု သိရသည်။

လက်ရှိအချိန်အထိ တိုင်းပြည်လူဦးရေ ၁၀ ရာခိုင်နှုန်းကို ကိုဗစ် -၁၉ ကာကွယ်ဆေး ထိုးပေးပြီးဖြစ်သည်။ အိန္ဒိယနိုင်ငံ၏ နေ့စဉ်ကိုဗစ် -၁၉ ကူးစက်မှုများမှာ ၃၀၀၀၀၀ အထက်တွင် ရှိနေပြီး အောက်ဆီဂျင် ပြတ်လပ်မှုနှင့် ဆေးရုံခုတင်မရမှုတို့ကြောင့် သေဆုံးသူဦးရေမှာလည်းတိုးလာသည်။

**အင်န်အိတ်ချ်ကေ**

## တောင်ကိုရီးယားတွင် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၆၂၇ ထပ်တိုး

**ဆိုးလ် မေ ၁**

တောင်ကိုရီးယားတွင် ကိုဗစ်-၁၉ နောက်ထပ်ကူးစက်ခံရသူ ၆၂၇ ဦး ထပ်တိုးလာပြီး ဧပြီ ၃၀ ရက်အထိ စုစုပေါင်းကူးစက်ခံရသူ အရေအတွက်မှာ ၁၂၂၆၃၄ ဦးရှိသည်ဟု သိရသည်။ နေ့စဉ်ကူးစက်မှုနှုန်းမှာ သုံးရက်ဆက်တိုက် ၇၀၀ အောက်တွင် ရှိနေခြင်းဖြစ်သည်။

နောက်ထပ် ကူးစက်ခံရသူများထဲတွင် ၁၈၇ ဦးမှာ ဆိုးလ်ဒေသခံများဖြစ်ပြီး ၁၈၇ ဦးမှာ ဂယောင်းဂီပြည်နယ်မှ ဖြစ်သည်။ နောက်ထပ်သုံးဦး သေဆုံးခဲ့သည့်အတွက် ကိုဗစ် -၁၉ကြောင့် သေဆုံးသူ အရေအတွက်မှာ ၁၈၃၁ ဦးဖြစ်လာသည်။ စုစုပေါင်းသေဆုံးမှုနှုန်းမှာ ၁ ဒသမ ၄၉ ရာခိုင်နှုန်းတွင် ရှိသည်။ ပြန်လည်ကျန်းမာလာသူ အရေအတွက်မှာ ၁၁၂၃၃၇ ဦးရှိသည့်အတွက် ပြန်လည်ကျန်းမာလာသည့် အရေအတွက်မှာ ၉၁ ဒသမ ၆၀ ရာခိုင်နှုန်းတွင် ရှိသည်။

တောင်ကိုရီးယားတွင် ဖေဖော်ဝါရီ ၂၆ ရက်မှ စတင်ကာ ကာကွယ်ဆေး ထိုးခြင်းများဆောင်ရွက်ခဲ့ပြီး နှစ်ကြိမ် ကာကွယ်ဆေး ထိုးပြီးသူ အရေအတွက်မှာ ၂၂၈၃၉၉ ဦးရှိသည်ဟု သိရသည်။

**ဆင်ဟွာ**

# ကိုဗစ်-၁၉ ကူးစက်မှု မြင့်တက်နေသည့် အိန္ဒိယကို နိုင်ငံတကာအသိုင်းအဝိုင်းက ဆက်လက်ကူညီသွားမည်

*လင်းဟန်သစ်*

**လွန်ခဲ့တဲ့ သီတင်းပတ်က အိန္ဒိယနိုင်ငံမှာ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူအရေအတွက်ဟာ သုံးသိန်းကျော် ရောက်ရှိလာပါတယ်။ အဲဒီအချိန်မှာ အောက်ဆီဂျင်ပြတ်လပ်မှုတွေလည်း ဖြစ်ပေါ်ခဲ့ပြီး လူနာတွေလည်း ဝန်ပိနေတဲ့ဆေးရုံတွေမှာ ဆေးကုသခွင့်ရရှိဖို့ စောင့်ဆိုင်းနေခဲ့ရပါတယ်။**

## အကူအညီများပေးပို့ဖို့ ကတိပြု

အပြည်ပြည်ဆိုင်ရာအသိုင်းအဝိုင်းက ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု ဗဟိုချက်နေရာတစ်ခုဖြစ်တဲ့ အိန္ဒိယနိုင်ငံကို အောက်ဆီဂျင်၊ ကိုဗစ်-၁၉ ကာကွယ်ရေးပစ္စည်းများနဲ့ တခြားဆေးဘက်ဆိုင်ရာ အကူအညီများပေးဖို့ ကတိပြုခဲ့ကြပါတယ်။

ဧပြီ ၃၀ ရက်က အိန္ဒိယနိုင်ငံမှာ ကိုဗစ်-၁၉ ထပ်မံကူးစက်ဖြစ်ပွားသူ ၃၇၉၂၅၇ ဦးဖြင့် တစ်နေ့အတွင်း ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှု အမြင့်ဆုံး စံချိန်တင်ခဲ့ပါတယ်။ အခုအခါမှာတော့ အိန္ဒိယနိုင်ငံမှာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၁၈၃၇၆၅၂၄ ဦးရှိလာခဲ့ပြီဖြစ်ပါတယ်။

အိန္ဒိယနိုင်ငံမှာ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူ သုံးသိန်းကျော်လွန်လာခဲ့တာ အခုဆိုရင် ကိုးရက်မြောက်နေ့ကို ရောက်ရှိလာခဲ့ပြီဖြစ်ပါတယ်။



နိုင်ငံတကာအကူအညီတစ်ခုကို လက်ခံနေသည့် အိန္ဒိယနိုင်ငံမှ တာဝန်ရှိသူများကို တွေ့ရစဉ်။

## ကူးစက်မှု ဆက်လက်မြင့်တက်နေဦးမယ်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အိန္ဒိယနိုင်ငံရဲ့ ကိုဗစ်ဒုတိယလှိုင်းဟာ တစ်ကိုယ်ရေကာကွယ်မှုများ ဖြေလျှော့ခြင်း၊ လူစုဝေးမှုများ ပြုလုပ်ခြင်း၊ ကာကွယ်ဆေးထိုးမှုနှုန်းနည်းခြင်းနဲ့ ကိုဗစ်-၁၉ ကူးစက်မှု ပိုမိုဖြစ်ပွားစေတဲ့ အသွင်းပြောင်းဗိုင်းရပ်စ်သစ်ကြောင့် ဖြစ်ပေါ်လာခဲ့တယ်လို့ ပြောပါတယ်။

အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီနဲ့ ကိုဗစ်-၁၉ အဆိုးဆုံးကူးစက်ဖြစ်ပွားနေတဲ့ ပြည်နယ်တွေက သက်ဆိုင်ရာ အရာရှိတွေအကြား ဆွေးနွေးခဲ့တဲ့ ခန့်မှန်းချက်ကြောင့် အိန္ဒိယနိုင်ငံရဲ့ ကိုဗစ်-၁၉ ကူးစက်မှုလှိုင်းဆက်လက်ဖြစ်ပွားမှုဟာ မေလလယ်မှာ အမြင့်ဆုံးဖြစ်မယ်လို့ သိရပါတယ်။

ကိုဗစ်-၁၉ ကူးစက်မှုအမြင့်ဆုံးကို ရောက်ရှိလာမယ့်အချိန်မှာ အိန္ဒိယနိုင်ငံရဲ့ နေ့စဉ် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုဟာ ငါးသိန်းကျော်လွန်ရောက်ရှိလာမယ်လို့ ခန့်မှန်းထားပါတယ်။ အထူးသဖြင့် ဇွန်လနဲ့ ဇူလိုင်လကြားမှာ ဒီပမာဏကို ရောက်ရှိလာနိုင်တယ်လို့ အိန္ဒိယမီဒီယာတွေက ဖော်ပြထားပါတယ်။

## အောက်ဆီဂျင်ပြတ်လပ်မှုကြုံတွေ့

ကိုဗစ်-၁၉ ဆက်လက်ကူးစက်ဖြစ်ပွားနေစဉ်အတွင်း အိန္ဒိယနိုင်ငံတစ်ဝန်းမှာရှိတဲ့ ဆေးရုံတွေမှာ အောက်ဆီဂျင်ပြတ်လပ်မှုနဲ့ ဆိုးဆိုးရွားရွားကြုံတွေ့နေကြပါတယ်။ အစိုးရကိုလည်း အောက်ဆီဂျင်ပြတ်လပ်မှုကို ထောက်ပံ့ပေးဖို့ တောင်းဆိုထားကြပါတယ်။

အိန္ဒိယအစိုးရက အအေးပေးကန် ၂၀ ကို ပြည်ပမှတင်သွင်းခဲ့ပြီး အောက်ဆီဂျင်ပြတ်လပ်မှုကို ဖြေရှင်းဖို့ ပြည်နယ်တွေကို ခွဲဝေချပေးခဲ့ပါတယ်။

ဒါ့အပြင် နောက်ထပ် အောက်ဆီဂျင် ထုတ်လုပ်ရေးစက်ရုံ ၅၅၁ ရုံကို အိန္ဒိယနိုင်ငံတစ်ဝန်းမှာ တည်ဆောက်မယ်လို့လည်း ဝန်ကြီးချုပ်ရုံးရဲ့ ထုတ်ပြန်ချက်မှာ ဖော်ပြထားပါတယ်။

## ကိုဗစ်-၁၉ အကျပ်အတည်း ဆက်လက်ဖြစ်ပေါ်လာဦးမယ်

ဆေးရုံခုတင်ပြတ်လပ်မှုကို ဖြေရှင်းဖို့ ဟိုတယ်တွေနဲ့ ရထားတွဲတွေကို အထူးစောင့်ရှောက်ရေးနေရာတွေအဖြစ် ပြောင်းလဲအသုံးပြုခဲ့ကြပါတယ်။ သို့သော်လည်း ကျန်းမာရေးစောင့်ရှောက်သူတွေ မလုံလောက်တဲ့အတွက် နောက်ထပ် ကိုဗစ်-၁၉ အကျပ်အတည်း ဖြစ်ပေါ်လာနိုင်တယ်လို့ ကျွမ်းကျင်သူတွေက သုံးသပ်ပြောကြားထားပါတယ်။

ပထမဆုံး B.1.617 ကိုဗစ်အသွင်ပြောင်းမျိုးစိတ်သစ်ကို အိန္ဒိယနိုင်ငံတွင် တွေ့ရှိခဲ့ပါတယ်။

ဒီကိုဗစ်မျိုးစိတ်သစ်ဟာ အရင်ကိုဗစ်-၁၉ ဗိုင်းရပ်စ်ထက် ပိုမိုကူးစက်ပျံ့နှံ့နိုင်တယ်လို့ တချို့ ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်သူတွေက ပြောကြားထားပါတယ်။ ဒီဗိုင်းရပ်စ်ပြောင်းလဲဖြစ်ပွားမှုဟာ အိန္ဒိယနိုင်ငံရဲ့ ကိုဗစ်-၁၉ လျင်မြန်စွာကူးစက်ဖြစ်ပွားမှုနဲ့ ဘယ်လိုပတ်သက်ဆက်နွှယ်နေသလဲဆိုတာ ရှင်းရှင်းလင်းလင်း မသိရသေးဘူးလို့ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ပြောရေးဆိုခွင့်ရှိသူ တာရစ်ခ်ဂျာဆာရီဗစ်က ပြောကြားလိုက်ပါတယ်။

## ပဋိပစ္စည်းတွေဟာ အသွင်ပြောင်း ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကို တားဆီးဖို့မလွယ်

ပဋိပစ္စည်းတွေဟာ အသွင်ပြောင်းကိုဗစ်-၁၉ ဗိုင်းရပ်စ်ကို တားဆီးနိုင်ဖို့ မလွယ်ကူဘူးလို့ ခါတ်ခွဲခန်း သက်သေအထောက်အထားတွေက ဖော်ပြနေတယ်လို့ ဘီဘီစီရဲ့ သတင်းပေးပို့ချက်အရ သိရပါတယ်။ သို့သော်လည်း သိပ္ပံပညာရှင်တွေကတော့ ဘယ်လောက်ခုခံအားဆုံးရှုံးသလဲဆိုတဲ့အပေါ် အကဲဖြတ် တွက်ချက်နေကြပါတယ်။ ဒါကို သတိထားပြီး စောင့်ကြည့်ရမယ်လို့ ဗြိတိန်ဝဲကမ်းဆန်ဂါအင်စတီကျူရဲ့ ညွှန်ကြားရေးမှူးဖြစ်သူ ဂျက်ဖာရီ ဘာရက်က ပြောပါတယ်။

## လေယာဉ်များထွက်ခွာ ပျံသန်းခွင့်ကို တားမြစ်

တချို့နိုင်ငံတွေဟာ ဒီလိုအသွင်ပြောင်း မျိုးကွဲဗိုင်းရပ်စ်ကို ကြောက်ကြတဲ့အတွက် အိန္ဒိယနိုင်ငံရဲ့ လေယာဉ်များ ထွက်ခွာပျံသန်းခွင့်ကို တားမြစ်ထားပါတယ်။

အိန္ဒိယနိုင်ငံကို ဗြိတိန်နိုင်ငံရဲ့ ခရီးသွားအဆင့်သတ်မှတ်ချက်၌ အနီရောင်အဆင့်စာရင်းထဲ ထည့်သွင်းလိုက်ပြီး ဗြိတိန်ကျန်းမာရေးဝန်ကြီး မက်ဟန်ကော့ခ်က အိန္ဒိယနိုင်ငံမှ ဗြိတိန်နိုင်ငံသို့ လေယာဉ်ဖြင့် ထွက်ခွာရာတွင် ဗြိတိသျှမဟုတ်သူများနဲ့ အိုင်းရစ်မဟုတ်သူများကို တားမြစ်လိုက်တယ်လို့ ကြေညာလိုက်ပါတယ်။

ကြာသပတေးနေ့မှာ ကနေဒါက အိန္ဒိယနိုင်ငံမှလေကြောင်းပျံသန်းမှုများအားလုံးကို ရက် ၃၀ တားမြစ်လိုက်တယ်လို့ ကြေညာလိုက်ပါတယ်။

သောကြာနေ့မှာ နယူးဇီလန်နိုင်ငံက အိန္ဒိယနိုင်ငံကို အလွန်အန္တရာယ်ရှိတဲ့ နိုင်ငံအဖြစ်သတ်မှတ်ပြီး နယူးဇီလန်ကိုလာမယ့် လူအရေအတွက်ကို သိသိသာသာ လျှော့ချခဲ့တယ်လို့ ကိုဗစ်-၁၉ တုံ့ပြန်ရေးဝန်ကြီး ခရစ်ဟစ်ကင်က ပြောပါတယ်။

## ကူညီပေးမယ်လို့ ကတိပြု

အိန္ဒိယနိုင်ငံဟာ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုနဲ့ ရင်ဆိုင်ရုန်းကန်နေရတဲ့ နိုင်ငံတစ်နိုင်ငံဖြစ်တဲ့အတွက် ကမ္ဘာ့နိုင်ငံအတော်များများနဲ့ နိုင်ငံတကာအဖွဲ့အစည်းတွေက အိန္ဒိယနိုင်ငံရဲ့ ကိုဗစ်-၁၉ တိုက်ဖျက်မှုမှာ အကူအညီပေးသွားမယ်လို့ ကတိပြုခဲ့ကြပါတယ်။

ပြီးတော့လည်း ကုလသမဂ္ဂအထွေထွေညီလာခံရဲ့ (၇၅) ကြိမ်မြောက် အစည်းအဝေးရဲ့ ဥက္ကဋ္ဌဖြစ်သူ ဗော်လ်ကန်ဘော့ဇ်ကားဇ်က အိန္ဒိယနိုင်ငံကို နိုင်ငံတကာအကူအညီများပေးဖို့ တောင်းဆိုခဲ့ပါတယ်။ အိန္ဒိယနိုင်ငံကို ထောက်ပံ့ကူညီဖို့ ကမ္ဘာကြီးအတွက် အချိန်ကျရောက်လို့လာပါပြီ။ တစ်ဦးချင်း ဘေးကင်းစိတ်ချရမှုမရှိသရွေ့ အားလုံးဘေးကင်းသွားမှာမဟုတ်ဘူးလို့ သူကပြောကြားလိုက်ပါတယ်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့အကြီးအကဲ တက်ဒရော့စ်အက်ဒါနွန်ဂီဘရက်စ်ယက်ဆုက အိန္ဒိယနိုင်ငံရဲ့ အခြေအနေဟာ ဝမ်းနည်းမှုထက်တောင် လွန်နေတယ်လို့ ပြောလိုက်ပါတယ်။ သူ့အဖွဲ့အစည်းက အိန္ဒိယနိုင်ငံရင်ဆိုင်ကြုံတွေ့နေရတဲ့ အခက်အခဲအတားအဆီးတွေကို ကျော်လွှားဖို့ နောက်ထပ်ဝန်ထမ်းတွေနဲ့ ထောက်ပံ့မှုတွေ ပေးပို့ပေးသွားဦးမယ်လို့ ပြောပါတယ်။ တရုတ်နိုင်ငံကလည်း ကူညီဖို့အသင့်ရှိတယ်လို့ဖော်ပြခဲ့ပါတယ်။ ထို့အတူ ဥရောပကော်မရှင် အကြီးအကဲနဲ့ ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးဌာနတို့ကလည်း အိန္ဒိယနိုင်ငံရဲ့ လိုအပ်ချက်တွေကို ကူညီသွားမှာဖြစ်ပါတယ်။ ။

**ကိုးကား - ဆင်ဟွာ**

**"အိန္ဒိယနိုင်ငံကို နိုင်ငံတကာအကူအညီများပေးဖို့ တောင်းဆိုခဲ့ပါတယ်။ အိန္ဒိယနိုင်ငံကို ထောက်ပံ့ကူညီဖို့ ကမ္ဘာကြီးအတွက် အချိန်ကျရောက်လို့ လာပါပြီ။ တစ်ဦးချင်း ဘေးကင်းစိတ်ချရမှုမရှိသရွေ့ အားလုံး ဘေးကင်းသွားမှာ မဟုတ်"**

## ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံ ပြည်သူများအား Covid- 19 ရောဂါ ကာကွယ်ဆေးထိုးနှံ

**နေပြည်တော် မေ ၁**

တပ်မတော်အနေဖြင့် တိုင်းစစ်ဌာနချုပ်နယ်မြေအသီးသီးရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ အပါအဝင် လူမျိုးမရွေး၊ ဘာသာမရွေး အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွားများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တိုင်းရင်းသားပြည်သူများ Covid–19ရောဂါကာကွယ်ဆေးထိုးနှံနိုင်ရေးအတွက် ဆေးပစ္စည်းများကို တပ်မတော်လေယာဉ်များဖြင့် သယ်ယူပို့ဆောင်ပေးခြင်းများနှင့် ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နှင့် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ၊ သာသနာ့နွယ်ဝင်သီလရှင်များနှင့် ဒေသခံတိုင်းရင်းသား ပြည်သူများကို သတ်မှတ်နေရာအသီးသီး၌ တပ်မတော်သား ပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့်အတူ ပူးပေါင်း၍ ကျန်းမာရေးစစ်ဆေးပေးပြီး Covid– 19 ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးကြသည်။

ယင်းသို့ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆန်နှင့် လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



### ၁-၅ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၃၁၀၄၃၇၇ | ၂၅၇၁၀၁၄၂ | ၅၉၀၀၆၀ |
| ၂။ | အိန္ဒိယ | ၁၉၁၆၄၉၆၉ | ၁၅၆၈၄၄၀၆ | ၂၁၁၈၅၃ |
| ၃။ | ဘရာဇီး | ၁၄၆၆၅၉၆၂ | ၁၃၁၉၄၅၃၈ | ၄၀၄၂၈၇ |
| ၄။ | ပြင်သစ် | ၅၆၁၆၆၈၉ | ၄၅၃၉၉၀၉ | ၁၀၄၅၁၄ |
| ၅။ | တူရကီ | ၄၈၂၀၅၉၁ | ၄၃၂၃၈၉၇ | ၄၀၁၃၁ |
| ၆။ | ရုရှား | ၄၈၀၄၅၅၈ | ၄၄၃၆၅၈၃ | ၁၁၀၅၂၀ |
| ၇။ | ဗြိတိန် | ၄၄၁၆၆၂၃ | ၄၂၀၄၇၉၁ | ၁၂၇၅၁၇ |
| ၈။ | အီတလီ | ၄၀၂၂၆၅၃ | ၃၄၆၅၆၇၆ | ၁၂၀၈၀၇ |
| ၉။ | စပိန် | ၃၅၂၄၀၇၇ | ၃၂၀၆၂၇၃ | ၇၈၂၁၆ |
| ၁၀။ | ဂျာမနီ | ၃၃၉၂၂၃၂ | ၃၀၁၂၁၀၀ | ၈၃၅၄၂ |

### အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၁ - ၅ - ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၆၇၂၈၈၀ | ၁၅၂၆၉၇၈ | ၄၅၆၅၂ |
| ဖိလစ်ပိုင် | ၁၀၄၆၆၅၃ | ၉၅၇၀၅၁ | ၁၇၃၅၄ |
| မလေးရှား | ၄၁၁၅၉၄ | ၃၈၀၄၄၂ | ၁၅၂၁ |
| မြန်မာ | ၁၄၂၈၃၁ | ၁၃၁၉၇၂ | ၃၂၀၉ |
| ထိုင်း | ၆၇၀၄၄ | ၃၈၀၇၅ | ၂၂၄ |
| စင်ကာပူ | ၆၁၁၇၉ | ၆၀၇၅၁ | ၃၀ |
| ကမ္ဘောဒီးယား | ၁၃၇၉၀ | ၅၂၀၀ | ၉၆ |
| ဗီယက်နမ် | ၂၉၄၂ | ၂၅၄၈ | ၃၅ |
| လာအို | ၈၂၁ | ၅၁ | ၀ |
| ဘရူနိုင်း | ၂၂၄ | ၂၁၅ | ၃ |

## တပ်မတော်ဆေးရုံများနှင့် ယာယီအရေးပေါ်ဆေးရုံများ၌ ယနေ့အထိ ပြင်ပလူနာ တစ်သိန်းခုနစ်သောင်းကျော် ကုသပေးနိုင်ခဲ့

**နေပြည်တော် မေ ၁**

တပ်မတော်အနေဖြင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ပြည်သူလူထုအတွက်အဓိကအကျဆုံးဖြစ်သော ကျန်းမာရေးကဏ္ဍ မြင့်မားရေးအတွက် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် နယ်လှည့်ဆေးကုသရေးအဖွဲ့များ စုစည်းက ဒေသခံပြည်သူလူထုများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ လိုအပ်သည့်ကာကွယ်ဆေးများ ထိုးနှံပေးခြင်း၊ ခွဲစိတ်ရန်လိုအပ်သည့်လူနာများကို ခွဲစိတ်ကုသပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန်လိုအပ်သော လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ ဆောင်ရွက်လျက်ရှိသည်။ ထို့ပြင် ပြည်သူလူထု၏ အရေးပေါ် ကျန်းမာရေးဆိုင်ရာ ကုသမှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို နေ့ညမပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၁၇၆၉၀၂ ဦး၊ အတွင်းလူနာ ၄၃၇၉ ဦးကို ကုသပေးနိုင်ခဲ့သည်။

ယင်းလူနာများအနက် အကြီးစား ခွဲစိတ်ကုသရန် လိုအပ်သူ ၈၃၁၀၊ အသေးစားခွဲစိတ်ကုသရန်လိုအပ်သူ ၄၂၅၃ ဦး၊ စုစုပေါင်း ၁၂၅၆၃ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့သည့်အပြင် စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ထို့ပြင် ကလေးမီးဖွားလူနာ ၄၃၁၀ ကို ခွဲစိတ်၍ လည်းကောင်း၊ ၆၅၆၀ ကို သာမန်ဖြင့်လည်းကောင်း မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ ကလေးငယ် ၁၀၈၇၀ ကို အောင်မြင်စွာ မွေးဖွားပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

ဆက်လက်၍လည်း တပ်မတော်အနေဖြင့် ပြည်သူလူထု၏ကျန်းမာရေးကဏ္ဍ မြင့်မားရန်အတွက် အရှိန်အဟုန်ဖြင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**မှတ်သား ဖွယ်ရာ မိုးရေချိန် များ**

**နေပြည်တော် မတ် ၁**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ လွန်ကျော်မြို့တွင် ၄ ဒသမ ၇၆ လက်မ၊ ပြင်ဦးလွင်မြို့တွင် ၄ ဒသမ ၆၈ လက်မ၊ တပ်ကုန်းမြို့တွင် ၄ ဒသမ ၅၂ လက်မ၊ ထားဝယ်မြို့တွင် ၃ ဒသမ ၀၇ လက်မ၊ ချောင်းဆုံမြို့တွင် ၂ ဒသမ ၉၅ လက်မ၊ ရန်ကုန်(မြို့လယ်)တွင် ၂ ဒသမ ၆၃ လက်မ၊ ကျိုက်ဒုံမြို့တွင် ၁ ဒသမ ၈၈ လက်မ၊ မြစ်သား(စိုက်ပျိုးရေး)တွင် ၁ ဒသမ ၄၀ လက်မ၊ မြင်းခြံမြို့တွင် ၁ ဒသမ ၃၈ လက်မ၊ မတူပီမြို့တွင် ၁ ဒသမ ၁၈ လက်မနှင့် တီးတိန်မြို့တွင် ၁ ဒသမ ၀၆ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

# မော်လမြိုင်မြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုပေးလျက်ရှိ

**မော်လမြိုင် မေ ၁**



မွန်ပြည်နယ် မော်လမြိုင်မြို့ ခုတင်(၅၀၀)ဆံ့ အထွေထွေရောဂါကုဆေးရုံကြီးတွင် ပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ကုသမှုများကို ဧပြီ ၂၈ ရက်မှစတင်ကာ ပြန်လည်ကုသပေးလျက်ရှိကြောင်း သိရသည်။

မော်လမြိုင်မြို့ ခုတင်(၅၀၀)ဆံ့ ဆေးရုံကြီးတွင် ပြင်ပလူနာဌာနကို နေ့စဉ် နေ့/ည မရွေး ဖွင့်လှစ်ထားရာ အရေးပေါ်ခွဲစိတ်လူနာများ၊ အရိုးနှင့် ထိခိုက်ဒဏ်ရာရလူနာများ၊ ဖျားနာလူနာများကို ဆရာဝန်များ၊ သူနာပြုများနှင့် ကျန်းမာရေးဝန်ထမ်းများက ၂၄ နာရီ လက်ခံကုသပေးလျက်ရှိပြီး လိုအပ်ပါက မော်လမြိုင်မြို့ တပ်မတော် ခုတင်(၃၀၀)ဆံ့ စစ်ဆေးရုံကြီးသို့ လွှဲပြောင်းကုသပေးမည်ဖြစ်ကြောင်း မော်လမြိုင်အထွေထွေရောဂါကု ဆေးရုံအုပ်ကြီးထံမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မုံရွာမြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ဒေသခံပြည်သူများအား ၂၄ နာရီ အချိန်ပြည့် ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ

**မုံရွာ မေ ၁**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ခုတင်(၅၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီးတွင် ဒေသခံပြည်သူများအား ၂၄ နာရီ အချိန်ပြည့် ကုသရေးလုပ်ငန်းများကို ပုံမှန်အတိုင်းဆောင်ရွက်ပေးလျက်ရှိရာ မိမိတို့ကျန်းမာရေးဌာနမှ အထူးကုဆရာဝန်ကြီးများနှင့် ကျန်းမာရေးဝန်ထမ်းများ စုပေါင်း၍ ယနေ့အချိန်အထိ အများပြည်သူတို့အတွက် ကျန်းမာရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်းပြီး အရေးပေါ်လူနာဌာနနှင့် ပြင်ပလူနာဌာနတို့ကို ၂၄ နာရီ အချိန်ပြည့်ဖွင့်လှစ်လက်ခံကာ ဖျားနာ၊ မျက်စိရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ ကင်ဆာရောဂါ၊ သားဖွားမီးယပ်နှင့် အရေးပေါ်ခွဲစိတ်ကုသခြင်းများနှင့်ပတ်သက်၍ သက်ဆိုင်ရောဂါဘာသာရပ်အလိုက် ကုသရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ကုသဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ရောဂါနှင့်ပတ်သက်၍ ကာကွယ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိရာတွင် ဖြစ်ပွားချိန်မှ ယနေ့အချိန်ထိ ပိုးတွေ့လူနာ ၃၉၆ ဦးကို ကုသဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း၊ ဆေးရုံကြီးတွင် နေ့စဉ်ပျမ်းမျှ လူနာသစ် ရှစ်ဦးမှ ၂၀ အထိ လည်းကောင်း၊ အတွင်းလူနာအဖြစ်တက်ရောက် ကုသနေသူ ၅၀ ကျော်ကိုလည်းကောင်း ကုသဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များမှ အလားတူရောဂါဝေဒနာများ ခံစားရသော ပြည်သူများကိုလည်း နယ်စည်းမခြားဘဲ ကုသပေးလျက်ရှိကြောင်း မုံရွာမြို့ ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာသက်အောင်ထံမှ သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# သီပေါတိုက်ပွဲရှောင်စခန်းမှ မွေးလူနာများ မီးဖွားနိုင်ရန် ကူညီဆောင်ရွက်ပေး

**သီပေါ မေ ၁**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့စားသုံးသူရေးရာဦးစီးဌာနဝင်း၌ ဖွင့်လှစ်ထားသည့် တိုက်ပွဲရှောင်စခန်းတွင် ခိုလှုံလျက်ရှိသော မန်လီကျေးရွာမှ ကိုယ်ဝန်ဆောင်အမျိုးသမီးတစ်ဦးသည် မီးဖွားရန် ဗိုက်နာနေသဖြင့် သီပေါမြို့နယ် မြတ်မွန်စေတနာလူမှုကူညီရေးအသင်းသို့ ဧပြီ ၃၀ ရက် ညပိုင်းက အကူအညီတောင်းခံခဲ့သည်။

ထိုသို့ အကူအညီတောင်းခံခဲ့ရာ မြတ်မွန်စေတနာလူမှုကူညီရေးအသင်းမှ တွဲဖက်အတွင်းရေးမှူး ဦးတင်အေး၊ ယာဉ်မောင်း ဦးစိုင်းကံနှင့်အဖွဲ့က တုံဝင့်ကျေးရွာ သားဖွားဆရာမ(ငြိမ်း) ဒေါ်အေးအေး ကို အရေးပေါ်သွားရောက်ပင့်ဆောင်၍ စစ်ရှောင်စခန်း၌ပင် မွေးဖွားပေးရာ မိခင်နှင့် ကလေးပါ ကျန်းမာလျက် ရှိကြသည်။

အလားတူ မြတ်မွန်စေတနာလူမှုကူညီရေးအဖွဲ့သည် ယနေ့နံနက်ပိုင်းက ညောင်တိုးပင်ကျေးရွာမှ မွေးလူနာတစ်ဦးကိုလည်း သားဖွားဆရာမအား သွားရောက်ပင့်ဆောင်ပြီး မွေးလူနာနေအိမ်သို့ ပို့ဆောင်ကူညီပေးခဲ့ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# တူမီးသေနတ်များ၊ လက်လုပ်သေနတ်များနှင့် ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများအား လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံ

**နေပြည်တော် မေ ၁**

တိုင်းဒေသကြီး/ ပြည်နယ်များရှိ မြို့နယ်အချို့၌ လက်နက်ကိုင်ဆောင်လိုခြင်းမရှိဘဲ အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူလူထုအများစုမှ ၎င်းတို့၏ သဘောဆန္ဒများအလျောက် ၎င်းတို့ထံတွင်ရှိသော တူမီးသေနတ်များ၊ လက်လုပ်သေနတ်၊ ဒူးလေးနှင့် ဂျင်ကလိများကို အုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။

ထိုသို့အပ်နှံရာတွင် ဧပြီ ၃၀ ရက်နှင့် ယနေ့တွင် ဧရာဝတီတိုင်းဒေသကြီး ကျုံပျော်မြို့နယ် ဂနိမ်းကျေးရွာရှိ လက်နက်ကိုင်ဆောင်လိုခြင်းမရှိသည့် ပြည်သူလူထုမှ လက်လုပ်သေနတ် တစ်လက်အားလည်းကောင်း၊ မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် ဘူးတောင်း(အနောက်)ကျေးရွာနှင့် မိုးကောင်းကျေးရွာတို့မှ လက်လုပ်သေနတ် နှစ်လက်အား လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး စဉ့်ကူးမြို့နယ် ဝါးပိုးကျေးရွာမှ လက်လုပ်သေနတ် နှစ်လက်အား လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်အတွင်းရှိ ကျေးရွာများမှ လက်လုပ်သေနတ် ၄၅ လက်အားလည်းကောင်း ကျေးရွာအုပ်ချုပ်ရေးတာဝန်ရှိသူများမှတစ်ဆင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံ လာရောက်အပ်နှံခဲ့ကြောင်း သိရသည်။



ထိုကဲ့သို့ လက်နက်ကိုင်ဆောင်လိုခြင်းမရှိသည့် ပြည်သူလူထုမှ လာရောက်အပ်နှံသော လက်လုပ်သေနတ်များကို လုံခြုံရေးတပ်ဖွဲ့ဝင်များက လက်ခံရယူခဲ့ပြီး စနစ်တကျ သိမ်းဆည်းထားရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကျောက်ဆည်မြို့နယ်၌ မိုးရွာသွန်းမှုများပြီး လူနေအိမ် လေးလုံးပျက်စီး

**ကျောက်ဆည် မေ ၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်တွင် မေ ၁ ရက် နံနက် ၁ နာရီကျော်က စတင်ရွာသည့် မိုးသည် မိုးရေပါရှိမှုများပြီး တောင်ကျရေများ စီးဆင်းမှုကြောင့် ကျောက်ပုံကျေးရွာမှ နေအိမ် လေးလုံးပျက်စီးခဲ့ပြီး အခြားကျေးရွာများတွင် သီးနှံစိုက်ခင်းများအတွင်း တောင်ကျရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည်။

အဆိုပါ တောင်ကျမိုးရေစီးဆင်းမှုကြောင့် လူနှင့်တိရစ္ဆာန်များ ပျက်စီးဆုံးရှုံးမှု မရှိကြောင်း ကျေးရွာအုပ်ချုပ်ရေးမှူးများထံမှ သိရသည်။

**သက်မောင်(ကျောက်ဆည်)**

***❖ ကျော့ဖုံးမှ***

ဗဟိုအမျိုးသမီးဆေးရုံကြီးရဲ့ ပြင်ပလူနာဌာနမှာ လူနာတွေကို ကြည့်ပေးမှာ ဖြစ်ပါတယ်။ နောက်တစ်ချက်ကတော့ ကလေးတွေ မွေးမွေးချင်းမှာ အသည်းရောင်အသားဝါ ဘီပိုး ကာကွယ်ဆေးထိုးပေးရပါတယ်။ လက်တလောမှာ ကလေးလေးတွေ အဆင်ပြေအောင် Hospital Based EPI လို့ခေါ်တဲ့ ဆေးရုံအခြေပြု ကာကွယ်ဆေးထိုးဌာနကို ဖွင့်လှစ်ပြီး ကလေးတွေကို ကာကွယ်ဆေးထိုးဖို့ စီစဉ်ပေးသွားမှာ ဖြစ်ပါတယ်" ဟု မန္တလေးဗဟိုအမျိုးသမီးဆေးရုံအုပ်ကြီးက ပြောသည်။

မန္တလေးဗဟိုအမျိုးသမီးဆေးရုံကြီးကို မတ် ၂၄ ရက်က စတင်၍ လက်ရှိဝန်ထမ်းအင်အားအရ နံနက် ၈ နာရီမှ ညနေ ၄ နာရီခွဲအထိ ပြန်လည်ဖွင့်လှစ်ထားပြီး ကိုယ်ဝန်ဆောင်စောင့်ရှောက်မှု၊ မီးယပ်ရောဂါများ စသည့် အမျိုးသမီးရောဂါများကို ကုသပေးလျက်ရှိကြောင်း၊ ယင်းဆေးရုံတွင် မွေးလူနာများအတွက် သွေးလိုအပ်မှုများရှိပြီး သွေးလှူဒါန်းလိုပါက ဓမ္မပါလအသင်း၊ မြတ်ပါရမီအသင်း၊ အလင်းစေတမန်အသင်း စသော လူမှုရေးအသင်းအဖွဲ့များမှတစ်ဆင့်လည်းကောင်း၊ ဗဟိုအမျိုးသမီးဆေးရုံကြီး သွေးဘဏ် ဖုန်းနံပါတ် ၀၉- ၇၉၆၇၈၅၄၂၄ကို ဆက်သွယ်၍လည်းကောင်း လှူဒါန်းနိုင်ကြောင်း သိရသည်။

**တင်လင်းထက်**

***❍ ကျော့ဖုံးမှ***

ထို့အပြင် ဇန်နဝါရီ ၂၄ ရက်က မန်ယူအသင်းနှင့် လီဗာပူးအသင်းတို့ အက်ဖ်အေဖလားစတုတ္ထအဆင့်တွင် ထပ်မံ တွေ့ဆုံခဲ့ရာ မန်ယူအသင်းက ဂရင်းဝုဒ်၊ ရက်ဖို့ဒ်၊ ဖာနန်ဒက်ဇ်တို့၏ သွင်းဂိုးများနှင့်အတူ သုံးဂိုး-နှစ်ဂိုးဖြင့် လီဗာပူးအသင်းကို အနိုင်ရရှိထားသည်။ ယခုပွဲစဉ်သည် မန်ယူအသင်းနှင့် လီဗာပူးအသင်းတို့ ယခုနှစ်ရာသီတွင် သုံးကြိမ်မြောက်တွေ့ဆုံမှုဖြစ်ပြီး မန်ယူအသင်းအနေဖြင့် လီဗာပူးအသင်းကို ထပ်မံအသာစီးရယူသွားနိုင်မလား စောင့်ကြည့်ရမည် ဖြစ်သည်။

မန်ယူအသင်းသည် ပြီးခဲ့သည့် ဧပြီ ၃၀ ရက်က ယူရိုပါလိဂ်ဆီမီးဖိုင်နယ် ပထမအကျော့အဖြစ် စီးရီးအေကလပ် ရိုးမားအသင်းနှင့် ယှဉ်ပြိုင်ကစားခဲ့ပြီး ခြောက်ဂိုး-နှစ်ဂိုးဖြင့် အနိုင်ရရှိထားသောကြောင့် နောက်တစ်ဆင့်တက်ရောက်ရန် အခြေအနေကောင်းပိုင်ဆိုင်ထားသည့် အသင်းဖြစ်သည်။ လီဗာပူးအသင်းက နောက်ဆုံးယှဉ်ပြိုင် ကစားထားသည့် သုံးပွဲတွင် သုံးပွဲစလုံး သရေကျထားသည့်အတွက် ခြေစွမ်းအားရစရာမရှိပေ။ အမှတ်ပေးဇယားတွင်လည်း ရမှတ် ၅၄ မှတ်ဖြင့် လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်ရရှိရန် ရုန်းကန်နေရသည့် အသင်းဖြစ်သည်။ သို့သော်လည်း လီဗာပူးအသင်းသည် ယနေ့ပွဲစဉ်တွင် မန်ယူအသင်းကို အနိုင်ရရှိခဲ့ပါက လာမည့်နှစ် ချန်ပီယံလိဂ်ဝင်ခွင့်အတွက် အားကောင်းလာမည်ဖြစ်သည်။ မန်ယူအသင်းကလည်း ယနေ့ပွဲစဉ်တွင် လီဗာပူးအသင်းကို အနိုင်ရရှိခဲ့ပါက ဦးဆောင်သူ မန်စီးတီးအသင်းနှင့် ခုနစ်မှတ်အကွာသို့ ရောက်ရှိလာမည်ဖြစ်သည်။

မန်ယူအသင်းသည် ပြီးခဲ့သည့် ယူရိုပါလိဂ်ပြိုင်ပွဲ၌ ရိုးမားအသင်းကို အနိုင်ရရှိခဲ့သောပွဲစဉ်တွင် အသင်းမှ ကာဗာနီ၊ ဖာနန်ဒက်ဇ်၊ ပေါ့ဂ်ဘာစသည့် ကစားသမားများ ခြေစွမ်းပြသထားနိုင်သည့်အတွက် ယနေ့ပွဲစဉ်တွင်လည်း အဆိုပါ ကစားသမားများ ပွဲထွက်ခွင့်ရရှိကာ ထပ်မံ ခြေစွမ်းပြထားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။ နောက်ဆုံးထွက်ပေါ်လာသော သတင်းများအရ မန်ယူအသင်းမှ တိုက်စစ်မှူး ကာဗာနီသည် မန်ယူအသင်း၌ နောက်ထပ်တစ်နှစ် ဆက်နေရန်အတွက် သဘောတူညီမှုရရှိရန် နီးစပ်လာပြီဖြစ်ကြောင်း သိရသည်။ ကာဗာနီ (၃၄နှစ်)သည် ပီအက်စ်ဂျီအသင်းမှ နောက်ထပ်တစ်နှစ်သက်တမ်းတိုးခွင့်နှင့်အတူ တစ်နှစ်စာချုပ်ဖြင့် မန်ယူအသင်းသို့ ပြောင်းရွှေ့ရောက်ရှိလာသူဖြစ်သည်။

ထို့ကြောင့် ယနေ့ပွဲစဉ်တွင် မန်ယူအသင်းက ထပ်မံအနိုင်ရရှိကာ ဦးဆောင်သူ မန်စီးတီးအသင်းကို ဖိအားပေးသွားနိုင်မလား စောင့်ကြည့်ရမည်ဖြစ်သည်။

**အောင်ဇော်**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင်ပါဝင်သည့် ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

**နေပြည်တော် မေ ၁**

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများနှင့် ပညာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင်ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသော အောက်ဖော်ပြပါ ပညာရေးဝန်ထမ်းများအား ရာဇသတ်ကြီး ဥပဒေပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

| စဉ် | အမည် | အလုပ်အကိုင် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါ်ချောစုထွေး | လက်ထောက်ပညာရေးမှူး၊ မြို့နယ်ပညာရေးမှူးရုံး၊ မိုးကောင်းမြို့နယ်။ | မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ်။ | ၅၀၅-က |  |
| ၂ | ဦးဟေမာထွန်း(ခ) ဦးသောင်းထိုက်ဦး | ငွေစာရင်းကိုင်(၂)၊ မြို့နယ်ပညာရေးမှူးရုံး၊ စဉ့်ကိုင်မြို့နယ်။ | စဉ့်ကိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၃ | ဦးကျော်ဆွေ | ကျောင်းအုပ်၊ အထက(၂)၊ သာစည်မြို့။ | သာစည်မြို့၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၄ | ဒေါ်မြင့်မြင့်ရီ | ကျောင်းအုပ်၊ အထက(၇)၊ တောင်ငူမြို့။ | တောင်ငူမြို့၊ ပဲခူးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၅ | ဦးအောင်နိုင်ဝင်း | ကျောင်းအုပ်၊ အထက(၁)၊ ကန့်ဘလူမြို့။ | ကန့်ဘလူမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၆ | ဦးနေစိုးအောင် | ကျောင်းအုပ်၊ အထက(ခွဲ)၊ မြင်းဦးလှည့်ကျေးရွာ၊ မလှိုင်မြို့နယ်။ | မလှိုင်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၇ | ဒေါ်ခင်ငြိမ်းချမ်း | ကျောင်းအုပ်၊ အလက(ဝင်းကံကျေးရွာ)၊ ကျိုက်ထိုမြို့နယ်။ | ကျိုက်ထိုမြို့၊ မွန်ပြည်နယ်။ | ၅၀၅-က |  |
| ၈ | ဦးမင်းညွန့် | ကျောင်းအုပ်၊ အလက(ခွဲ)၊ ပုဂံမြို့။ | ညောင်ဦးမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၉ | ဦးဇော်လင်းထွန်း(ခ) ကိုလင်း(ခ) ဇော်လင်းဦး | ကျောင်းအုပ်၊ အလက(ခွဲ)၊ ကညွတ်ကွင်းမြို့၊ ဖြူးမြို့နယ်။ | ကညွတ်ကွင်းမြို့၊ ဖြူးမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၁၀ | ဦးကျော်စိုးမိုး | ကျောင်းအုပ်၊ အမက၊ ကြိမ်တောမြောင် ကျေးရွာ၊ ပုဗ္ဗသီရိမြို့နယ်။ | ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်ကောင်စီ နယ်မြေ။ | ၅၀၅-က |  |




ဒေါ်ချောစုထွေး(မိုးကောင်းမြို့နယ်ပညာရေးမှူးရုံး)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်




ဦးဟေမာထွန်း(ခ) ဦးသောင်းထိုက်ဦး(ငွေစာရင်းကိုင်(၂)၊ စဉ့်ကိုင်မြို့နယ်ပညာရေးမှူးရုံး)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်




ဦးကျော်ဆွေ(ကျောင်းအုပ်၊ အထက(၂)၊ သာစည်မြို့)မှ ဆန္ဒဖော်ထုတ်နေစဉ်




ဒေါ်မြင့်မြင့်ရီ (ကျောင်းအုပ်၊ အထက(၇)၊ တောင်ငူမြို့)မှ ဆန္ဒဖော်ထုတ်နေစဉ်

စာမျက်နှာ ၁၈ သို့

# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော် ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ လှူဖွယ်ပစ္စည်းများနှင့် နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်း

**နေပြည်တော် မေ ၁**

ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များအလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဧပြီ ၃၀ ရက်နှင့် ယနေ့တို့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကျေးသီးမြို့နယ်၊ ရခိုင်ပြည်နယ် စစ်တွေမြို့နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ရှိ ဘုန်းတော်ကြီးကျောင်းများမှ သံဃာတော်များအား ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့တို့ရှိ ကျောင်းတိုက်များမှ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအား နေ့ဆွမ်းများကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များအလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်၍ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ဆေးကုသရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများက သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် မေ ၁**

ပြည်သူလူထု၏ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုး အကြောရောဂါ၊ အစာအိမ်ရောဂါ၊ မျက်စိရောဂါ၊ နား၊နှာခေါင်း၊ လည်ချောင်းရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့ကို လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရန်အတွက် အခက်အခဲဖြစ်ပေါ်လျက်ရှိသည့် ဒေသအသီးသီးမှ ဝန်ထမ်းများနှင့် ဒေသခံများ၏ တောင်းဆိုမှုအရ တပ်မတော်ဆေးကုသရေးအဖွဲ့များအား စေလွှတ်၍ ဆေးကုသရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆေးကုသရေးအဖွဲ့များအား စေလွှတ်ကုသရာတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင်ရှိ သာစည်မြို့နယ်ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံ၊ ညောင်ရမ်းတိုက်နယ်ဆေးရုံ၊ ဝမ်းတွင်းမြို့နယ်ရှိ ပင်းတလဲတိုက်နယ်ဆေးရုံ၊ သပိတ်ကျင်းမြို့နယ်ရှိ တကောင်းတိုက်နယ်ဆေးရုံ၊ မတ္တရာပြည်သူ့ဆေးရုံ၊ ကျောက်ဆည်ခရိုင်ရှိ စဉ့်ကိုင်ပြည်သူ့ဆေးရုံ၊ ပျော်ဘွယ်မြို့နယ်ရှိ ယင်းတော်တိုက်နယ်ဆေးရုံ၊ မြစ်သားမြို့ ပြည်သူ့ဆေးရုံ၊ ကူမဲတိုက်နယ်ဆေးရုံ၊ တောင်သာမြို့နယ် ဝဲလောင်တိုက်နယ်ဆေးရုံ၊ ကျောက်ပန်းတောင်းမြို့နယ် ပြည်သူ့ဆေးရုံ၊ ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ် ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံနှင့် လက်ပံတန်းမြို့ ပြည်သူ့ဆေးရုံတို့ရှိ လူနာများအား လိုအပ်သည့် ကျန်းမာရေးစစ်ဆေး ကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိပြီး ခွဲစိတ်ကုသရန်လိုအပ်သော လူနာများအား ခွဲစိတ်ကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုအပေါ် ဒေသခံပြည်သူများအနေဖြင့် အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

*စာမျက်နှာ ၁၇ မှ*




ဦးအောင်နိုင်ဝင်း(ကျောင်းအုပ်၊ အထက-၁၊ ကန့်ဘလူမြို့)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်




ဒေါ်ခင်ငြိမ်းချမ်း (ကျောင်းအုပ်၊ အလက၊ ဝင်းကံကျေးရွာ၊ ကျိုက်ထိုမြို့နယ်)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်



ဦးဇော်လင်းထွန်း(ခ)ကိုလင်း(ခ)ဇော်လင်းဦး(ကျောင်းအုပ်၊ အလက(ခွဲ)၊ ကညွတ်ကွင်းမြို့)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်




ဦးနေစိုးအောင် (ကျောင်းအုပ်၊ အထက(ခွဲ)၊ မြင်းဦးလှည့်ကျေးရွာ၊ မလှိုင်မြို့နယ်)မှ ဆန္ဒဖော်ထုတ်နေစဉ်




ဦးမင်းညွန့် (ကျောင်းအုပ်၊ အလက-ခွဲ၊ ပုဂံမြို့)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်




ဦးကျော်စိုးမိုး (ကျောင်းအုပ်၊ အမက-ကြိမ်တောမြောင်၊ ပုဗ္ဗသီရိမြို့နယ်)မှ ဦးဆောင်၍ ဆန္ဒဖော်ထုတ်နေစဉ်

အဆိုပါ အမှုဖွင့်လှစ်ထားသော ပညာရေးဝန်ထမ်းများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိပြီး ဖော်ပြပါပုဂ္ဂိုလ်များနှင့် စပ်လျဉ်း၍ နီးစပ်ရာရဲစခန်းများသို့ သတင်းပေးပို့ရန်နှင့် လက်ခံထားရှိသူများအားလည်း တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**

## ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများ စတင်ဖွင့်လှစ်မည်

ပညာရေးဝန်ကြီးဌာန၊ နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေးဦးစီးဌာနရှိ အစိုးရနည်းပညာကောလိပ်နှင့် အစိုးရစက်မှုလက်မှုသိပ္ပံများရှိ A.G.T.I (၃)နှစ် ဒီပလိုမာသင်တန်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် တတိယနှစ်သင်တန်းများနှင့် အစိုးရနည်းပညာအထက်တန်းကျောင်းများ၏ နောက်ဆုံးနှစ်ဖြစ်သည့် ဒုတိယနှစ်သင်တန်းများအား (၅-၅-၂၀၂၁) ရက်နေ့မှ စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများ စတင်ဖွင့်လှစ်မည်

ပညာရေးဝန်ကြီးဌာန၊ အဆင့်မြင့်ပညာဦးစီးဌာနရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်၊ ကောလိပ်များ၌ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် ဖွင့်လှစ်ခဲ့သည့် နောက်ဆုံးနှစ်သင်တန်းများနှင့် မဟာဘွဲ့(ရေးဖြေ) သင်တန်းများအား ၅-၅-၂၀၂၁ ရက်နေ့မှ စတင်ဖွင့်လှစ်မည် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## အသိပေးကြေညာချက်

ပုံနှိပ်ခြင်းနှင့် ထုတ်ဝေခြင်းလုပ်ငန်းဥပဒေ (၂၀၁၄)အရ ပြန်ကြားရေးဝန်ကြီးဌာနက တရားဝင်ထုတ်ဝေခွင့်ပြုထားသည့် စာအုပ်စာစောင်များတွင် ပါဝင်ခြင်းမရှိသည့် စာအုပ်စာစောင်အချို့အား ၂၀၂၁ ခုနှစ်၊ ဧပြီလ (၁၁) ရက်ခန့်မှစ၍ တရားမဝင် ထုတ်ဝေဖြန့်ချိနေသည်ကို တွေ့ရှိနေရပါသည်။ ထိုကဲ့သို့ ခွင့်ပြုချက်မရှိဘဲ လုပ်ငန်းဆောင်ရွက်ခြင်းနှင့် ထောက်ပံ့ကူညီခြင်းတို့ ပြုလုပ်ပါက တည်ဆဲဥပဒေနှင့်အညီ မည်သူမဆို အရေးယူခံရမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
(၁၄-၄-၂၀၂၁)

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁ - ၅ - ၂၀၂၁

**ရွှေ**

| | | | | | |
|---|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၃၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၉၅၀၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၄၃၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် | ၁၃၉၅၀၀၀ |

**စက်သုံးဆီ**

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | | လက်လီဈေး(မန္တလေး) | |
|---|---|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၈၈၀ | ကျပ် | ၉၁၀ | ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၈၉၅ | ကျပ် | ၉၂၀ | ကျပ် |
| အောက်တိန်း ၉၂ | ၈၆၀ | ကျပ် | ၈၉၀ | ကျပ် |
| အောက်တိန်း ၉၅ | ၉၄၀ | ကျပ် | ၁၀၁၀ | ကျပ် |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**နိုင်ငံတကာ ငွေကြေးများ**

| | | | |
|---|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် | ၁၄၉၀ |
| ဥရောပ | တစ်ယူရို | ကျပ် | ၁၆၄၀ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် | ၁၀၃၀ |
| ထိုင်း | တစ်ဘတ် | ကျပ် | ၄၆ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် | ၁၃၁၉ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် | ၃၃၁ |

(ပြင်ပပေါက်ဈေးဖြစ်ပါသည်)

**စတော့အိတ်ချိန်းဈေးကွက်**

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၀၀၀ | ၉၀၀၀ | ၅၀ | ၄၅၀၀၀၀ |
| MTSH | ၃၃၀၀ | ၃၃၀၀ | ၄၅၅ | ၁၅၁၉၇၅၀ |
| MCB | ၈၀၀၀ | ၈၀၀၀ | ၆၆ | ၅၂၈၀၀၀ |
| FPB | ၁၉၀၀၀ | ၁၉၀၀၀ | ၁၄၀ | ၂၆၆၀၀၀၀ |
| TMH | ၂၆၅၀ | ၂၆၅၀ | ၁ | ၂၆၅၀ |
| EFR | ၃၀၅၀ | ၃၀၅၀ | ၅ | ၁၅၂၅၀ |

ညီညီ - စုစည်းသည်




**အမြို့မြို့အနယ်နယ် ပျံ့နှံ့သည့် သတင်းစာ မြန်မာ့အလင်း သတင်းစာတွင် ကြော်ငြာပါ**

**မြန်မာ့အလင်း**

| | | |
|---|---|---|
| စာတည်းမှူးချုပ် | - | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | - | ဝင်းကျော် |
| သတင်းထောက်ချုပ် | - | မြင့်ဆွေ |
| စာတည်းများ | - | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ |
| ဘာသာပြန် စာတည်း | - | ခြူးစန္ဒီဌေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | - | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော် |
| အငယ်တန်း သတင်းထောက်များ | - | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | - | တင်စိုး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | - | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | - | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | - | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm



# မြန်မာ့ပညာရေးစာပေ(၄)

**မောင်ခင်မင် (ဓနုဖြူ)**

**❂ ပညာရှာပြီဆိုရင် သူများပြောတာကို ကြားနာမှတ်သားရမယ်။ စာဖတ်တာလဲပါတာပေါ့။ ပြီးတော့ စိတ်ထဲမှာ တွေးတောကြံစည်ရမယ်။ မေးစရာရှိရင်မေးမြန်းရမယ်။ ပြောစရာ ရှိရင် ပြောရမယ်။ ဆွေးနွေးတာပေါ့။ လေ့လာသမျှကို မှတ်ထားရုံသက်သက်မဟုတ်ဘဲ စူးစမ်းဆင်ခြင်ရမယ်။ သုံးသပ်ရမယ်။ ပြီးတော့ ရေးသားရမယ်။ ရေးသားတာမှာ စာမေးပွဲဖြေတာ၊ စာတမ်းပြုစုတာ၊ ကျမ်းပြုတာတွေ အထိပါတာပေါ့**

"သမီး၊ ဆရာမောင်သုတရဲ့ စာဆိုတော်များ အတ္ထုပ္ပတ္တိကို လေ့လာဖူးမှာပေါ့"

"လေ့လာဖူးပါတယ် ဘဘာ"

"စာဆိုတော်ကြီးတွေရဲ့ အကြောင်းကိုဖော်ပြတဲ့အခါ တူတဲ့ အချက်တစ်ချက်က ငယ်စဉ်တုန်းက ဘယ်ကျောင်းတိုက်တွေမှာ ဘယ်ဆရာတော်ကြီးတွေရဲ့သင်ကြားမှုကို ခံယူခဲ့ရကြောင်း၊ ဘယ် စာတွေသင်ခဲ့ရကြောင်းဆိုတဲ့ ပညာသင်ကြားရေးအကြောင်းပဲ သမီးရဲ့။ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဘဘာ၊ ဟုတ်ပါတယ်"

"အဲဒီအချက်တွေဟာ ရှေးခေတ်ဘုန်းတော်ကြီးကျောင်း ပညာသင်ကြားရေးအကြောင်းပဲပေါ့ကွယ်။ ဘဘအခုပြောမှာက ကာယကံရှင် စာဆိုတော်ကြီးတစ်ပါးကိုယ်တိုင် သူငယ်စဉ်က ဘယ်လိုပညာသင်ခဲ့ရတယ်။ ကိုယ်တိုင်ဆရာတော်ကြီးဖြစ်လာ တော့ တပည့်တွေကို ဘယ်စာတွေ သင်ကြားပို့ချခဲ့တယ် ဆိုတဲ့ အကြောင်းကို ကိုယ်တိုင်ပြောပြချက်ပဲကွဲ့"

"ဟင်၊ ဟုတ်လားဘဘာ၊ စိတ်ဝင်စားစရာပဲနော်"

"အဲဒီ စာဆိုတော်ကြီးကတော့ အင်းဝခေတ်စာဆို ရှင်မဟာ ရဋ္ဌသာရပဲကွဲ့။ စာဆိုက ဘူရိဒတ်ဇာတ်ပေါင်းပျို့အစမှာ သူငယ် စဉ် အသက်ဆယ်နှစ်က ဆယ့်ခြောက်နှစ်အထိ သာမဏေဘဝနဲ့ ဘယ်လိုပညာသင်ခဲ့ရတယ်ဆိုတဲ့ အကြောင်းတွေကို ရေးဖွဲ့ထား တယ်။ 'မှတ်လေ့မှန်စွာ၊ အကြင်ငါကား' လို့ အစချီပြီးဖွဲ့ထား တာလေ"

"ဟုတ်ကဲ့ပါ"

"ဆရာတော်ရဲ့ စကားအတိုင်းပြောပြမယ်။ သူသင်ခဲ့ရတဲ့ စာတွေက 'ဆယ်စောင်ဇာတ်မျိုး၊ ပါဠ်ရိုးကထာ'တဲ့။ သမီးအဓိပ္ပာယ် သိမှာပေါ့"

"ဟုတ်ကဲ့၊ ဇာတ်တော်ကြီးဆယ်ဘွဲ့ပါဠိဂါထာတွေကို ဆိုလို တာထင်ပါတယ် ဘဘာ"

"ဟုတ်ပါတယ်။ ဇာတ်တော်ကြီးဆယ်ဘွဲ့ မူရင်းဖြစ်တဲ့ ပါဠိ ဂါထာတွေကို သင်ရတဲ့အကြောင်းပြောတာပါ။ 'ပါဠ်'ဆိုတာ 'ပါဠ' ဆိုတဲ့ ပါဠိစကားကလာတာ။ 'ပါဠိဘာသာစာပေ'ကို ဆိုလိုတာပါပဲ။ ရွတ်ဖတ်ခြင်းလို့လဲ အဓိပ္ပာယ်ရတယ်"

"ဟုတ်ကဲ့ပါ"

"ထင်ရှားတဲ့သာဓကတစ်ခုက တို့မြန်မာစကားမှာ 'ပါဠိပါဠ် သားတွေနဲ့ပြောနေတယ်'ဆိုတဲ့ အသုံးမျိုးရှိတယ်လေ။ ဒီတော့ 'ဆယ်စောင်ဇာတ်မျိုးပါဠ်ရိုးဂါထာ'ဆိုတာ ဇာတ်တော်ကြီးဆယ် ဘွဲ့ပါဠိဂါထာတွေကို ဆိုလိုတာပါပဲကွယ်။ ပြီးတော့ဆရာတော် ငယ်စဉ်ကသင်ခဲ့ရတဲ့ စာတွေက၊ ငါးရာကေ်ဒုက်လဲပါတယ်ကွဲ့"

"ဟင်၊ အဲဒါဘာအဓိပ္ပာယ်လဲ ဘဘာ"

"ငါးရာဆိုတာ ဇာတ်တော်ငါးရာ့ငါးဆယ်ပေါ့ကွယ်။ ကေ်ဒုက် ဆိုတာက ဧကနိပါတ်၊ ဒုကနိပါတ် လို့ဆိုလိုတာပါ။ ဇာတ်တော် ငါးရာ့ငါးဆယ်မှာ ပါဝင်တဲ့ ဂါထာအရေအတွက်ကိုလိုက်ပြီး 'နိပါတ်' ခေါ်တဲ့ အစုတွေ စုထားတာလေ။ တစ်ဂါထာပဲပါတဲ့ ဇာတ်တွေကို ဧကနိပါတ်၊ နှစ်ဂါထာပါတဲ့ဇာတ်တွေကို ဒုကနိပါတ်စသည်ဖြင့် ခေါ်တယ်။ ဧကကို ဧက်၊ ဒုကလို့ ဒုက်လို့ အသတ်ထည့် သုံးတာပါ"

"နားလည်ပါပြီ ဘဘာ။ ဒီတော့ ဆရာတော်ငယ်စဉ်က ဧကနိပါတ်၊ ဒုကနိပါတ်စတဲ့ ငါးရာ့ငါးဆယ်ဇာတ်နိပါတ်ဂါထာတွေကို သင်ခဲ့ရတယ် လို့ ဆိုလိုတာပေါ့နော်"

"ဟုတ်ပါပြီ။ 'ဆယ်စောင်ဇာတ်မျိုး၊ ပါဠ်ရိုးဂါထာ၊ ငါးရာကေ်ဒုက်၊ ကောင်းဟုတ်ဗေဒင်၊ သဉ်ကရိုဋ်၊ အလိုက်အဖက်၊ လေ့ကျက်ဖွယ်ဖွယ်၊ သရုဏ္ဍာယ်မှ…'တဲ့"

"ဟုတ်ကဲ့ပါ"

"ဒီတော့ ဇာတ်ကြီးဆယ်ဘွဲ့ ငါးရာ့ငါးဆယ်နိပါတ်တွေအပြင် သဉ်ကရိုဋ်ဘာသာနဲ့ ရေးထားတဲ့ ဗေဒင်ကျမ်းလဲသင်ရတယ် ဆိုတာ သိရတာပေါ့။ သဉ်ကရိုဋ်ဆိုတာ သက္ကဘာသာကိုပြောတာလေ"

"ဟုတ်ကဲ့"

"ပြီးတော့ဆက်ပြောတာက 'နည်းကျယ်သဒ္ဒါ၊ ကစ္စည်းမှာလည်း နှုတ်ပါရွရွ၊ စာရဏဖြင့်'တဲ့။ အဲဒါက ပါဠိသဒ္ဒါကျမ်းကြီးပေါ့ကွယ်။ ရှင်ကစ္စည်းဆိုတဲ့ မထေရ်ရေးသားပြုစုလို့ ကစ္စည်းသဒ္ဒါကျမ်းလို့ ထင်ရှားတယ်။ ကစ္စည်းသဒ္ဒါကျမ်းကို သင်ကြားရတဲ့အတွက် ပါဠိဘာသာစကားကို ကျွမ်းကျင်တတ်မြောက်ကြတာပေါ့ကွယ်"

"ဟုတ်ကဲ့ပါ"

"အဲဒီမှာ၊'နှုတ်ပါရွရွ၊ စာရဏဖြင့်'ဆိုတာက နှုတ်တက်ရွရွရွတ်ဆို နိုင်အောင်၊ အလွတ်ကျက်မှတ်အာဂုံဆောင်ရတာကို ဆိုလိုတာပါ။ သင်ကြားတဲ့ စာတွေကို အလွတ်ရွတ်ဆိုနိုင်အောင် အာဂုံဆောင်တဲ့ နည်းဟာ အစဉ်အဆက်ကျင့်သုံးခဲ့တဲ့ သင်ကြားနည်းပါပဲ"

"ဟုတ်ကဲ့ပါ။ သတိရလို့ တစ်ခုမေးပါရစေ ဘဘာ"

"မေးပေါ့ကွယ်"

"သင်ကြားဆိုတဲ့ဝေါဟာရ ဆရာကတပည့်ကို သင်တာရော၊ တပည့်က ဆရာ့ဆီကသင်တာရော အဲဒီအဓိပ္ပာယ်နှစ်မျိုးလုံးရတယ် မဟုတ်လား ဘဘာ"

"ဟုတ်ပ့ါကွယ်။ ဆရာသင်ကြားတာကို နာယူမှတ်သားပါလို့ သုံးရင် ဆရာကသင်တဲ့ အဓိပ္ပာယ်ပေါ့။ ကျောင်းသားအရွယ်မှာ ပညာ သင်ကြားရမယ်လို့သုံးရင် တပည့်ကသင်တဲ့ အဓိပ္ပာယ်ပေါ့။ ဘဘတို့ အစဉ်အဆက် ဒီလိုပဲသုံးခဲ့ကြတာပဲလေ"

"ဟုတ်ကဲ့ပါ၊ အခုခေတ်မှာ သင်ကြားနဲ့ သင်ယူဆိုပြီး ခွဲသုံးနေကြ တော့ 'သင်ကြား'ဟာ ဆရာကသင်တဲ့အဓိပ္ပာယ်တစ်ခုတည်းရသလို ဖြစ်နေလို့ပါ ဘဘာ"

"အဲဒီလိုထင်တဲ့သူတွေက 'သင်ကြား'တစ်လုံးတည်း မလုံလောက် ဘူးထင်လို့ ကွန့်ပြီးသုံးကြတာပါကွယ်။ စကားအဆက်အစပ်ကြည့်ရင် ဆရာက သင်တာလား၊ တပည့်က သင်တာလားဆိုတာ ကွဲကွဲပြားပြား သိနိုင်ပါတယ်။ ကြုံလို့ပြောတာပါ"

"ဟုတ်ကဲ့၊ ရှင်းပါပြီ ဘဘာ"

"ဒီတော့ ရှင်မဟာရဋ္ဌသာရရဲ့ ဖော်ပြချက်ဟာ ရှေးခေတ်က ဘုန်း တော်ကြီးကျောင်းတွေမှာ သင်ကြားရတဲ့စာတွေကို တိတိကျကျ ဖော်ပြထားတာမို့ တန်ဖိုးကြီးမားတာပေါ့ကွယ်။ ပြီးတော့၊ ဆရာတော် နောက်ဆုံးရေးဖွဲ့တဲ့ သံဝရပျို့ရဲ့နိဂုံးမှာ ဆရာတော် နေ့တိုင်းသင်ကြား၊ ပို့ချပေးနေတဲ့စာပေတွေအကြောင်း ရေးဖွဲ့ထားတာရှိတယ်ကွဲ့"

"ပြောပြပါ ဘဘာ"

"ဘယ်လိုရေးဖွဲ့ထားသလဲဆိုတော့၊ သုံးပုံပိဋကတ်၊ ဟောမှတ်သဒ္ဒါ၊ လင်္ကာဆန္ဒ၊ နေတ္တိစသည်၊ သာရထဲလှိုင်း၊ နေ့တိုင်းသင်ပျော်၊ နေသရော်တည့်'တဲ့"

"ဟုတ်ကဲ့ပါ"

"ပိဋကတ်သုံးပုံရယ်၊ ဗေဒင်ကျမ်းရယ်၊ သဒ္ဒါကျမ်းရယ် ပြီးတော့ အလင်္ကာကျမ်း၊ ဆန်းကျမ်း၊ နေတ္တိကျမ်းတွေရယ် အဲဒီလိုအစရှိတဲ့ အနှစ်သာရပြည့်စုံတဲ့ကျမ်းတွေကို နေ့တိုင်းသင်ကြားပို့ချပေးနေပါ တယ်လို့ ဆိုလိုတာပေါ့ကွယ်"

"နားလည်ပါပြီ ဘဘာ"

"သမီးစပြောခဲ့တဲ့ ပညာအမွေခံတဲ့ အစဉ်အလာ ဒီမှာထင်ရှားတာ ပေါ့။ ရှင်မဟာရဋ္ဌသာရဟာ တပည့်သာမဏေအဖြစ် ဆရာတော်တွေ ဆီက ပညာအမွေခံပြီး ကိုယ်တိုင်ဆရာတော်ဖြစ်လာတော့ တပည့်တွေ ကို ပညာအမွေပေးတာပေါ့ကွယ်"

"ဟုတ်ပါတယ် ဘဘာ "

"နောက် သမီးသိပြီးသားဖြစ်တဲ့ ပညာသင်နည်းအကြောင်း ဆရာတော် ရေးတာရှိတယ်လေ။ အဲဒါလဲ ထည့်စဉ်းစားရမှာပေါ့"

"သမီးသိပါပြီ ဘဘာ၊ သုစိပုဘာ ဆုံးမစာမဟုတ်လား"

"ဟုတ်တာပေါ့၊ ခုအထိကျောင်းမှာသင်နေရတဲ့ ဆုံးမစာလေ။ စာသင်သားတွေ ပညာသင်ရာမှာ ခံယူကျင့်သုံးရမဲ့ လမ်းညွှန်ရှစ်ချက် လို့ပြောနိုင်တာပေါ့"

"ဟုတ်ပါတယ် ဘဘာ"

"ကဲ… သမီးသိထားသလို ရှင်းပြပါလားကွယ်"

"ဟုတ်ကဲ့။ ဆရာတော်က 'သုစိပုဘာ၊ ဝိလိသိခါ၊ အက္ခရာစွဲသုံး၊ ဉာဏ်ရှစ်လုံးကို၊ သီကုံးပန်းသွင်၊ နေ့တိုင်းဆင်လော့' လို့ဖွဲ့ထား ပါတယ်ဘဘာ။ 'သု'ဆိုတာ သုဏေယျ - ကြားနာရာ၏-တဲ့ 'စိ'က၊ စိန္တေယျ-ကြံစည်ရာ၏၊ 'ပု'က ပုစ္ဆေယျ-မေးမြန်းရာ၏၊ 'ဘာ'က ဘာသေယျ-ပြောဆိုရာ၏-တဲ့"

"လေးချက်ပြီးသွားပြီ၊ နောက်လေးချက်ကဘာလဲ"

"'ဝိ'က ဝိစာရေယျ၊ စူးစမ်းဆင်ခြင်ရာ၏၊ 'လိ'က လိက္ခေယျ- ရေးသားရာ၏၊ 'သိ'က သိက္ခေယျ-လေ့ကျင့်ရာ၏၊ 'ခါ'က ခါရေယျ- နှုတ်ငုံဆောင်ရာ၏'တဲ့ ရှစ်ချက်ပြည့်ပါပြီ ဘဘာ"

"အေး-လမ်းညွှန်ရှစ်ချက်ရဲ့အစစာလုံးတွေကို ယူပြီးဖွဲ့ထား တာပေါ့ကွယ်။ စဉ်းစားကြည့်ရင် ဒီအချက်ရှစ်ချက်ဟာ ပညာသင်နည်း အဖြစ်ဒီနေ့အထိ ခေတ်မီအသုံးဝင်နေတုန်းပဲကွဲ့"

"ဟုတ်ကဲ့ပါ"

"ပညာရှာပြီဆိုရင် သူများပြောတာကိုကြားနာမှတ်သားရမယ်။ စာဖတ်တာလဲပါတာပေါ့။ ပြီးတော့ စိတ်ထဲမှာ တွေးတောကြံစည်ရမယ်။ မေးစရာရှိရင်မေးမြန်းရမယ်။ ပြောစရာရှိရင် ပြောရမယ်။ ဆွေးနွေး တာပေါ့။ လေ့လာသမျှကို မှတ်ထားရုံသက်သက်မဟုတ်ဘဲ စူးစမ်း ဆင်ခြင်ရမယ်။ သုံးသပ်ရမယ်။ ပြီးတော့ ရေးသားရမယ်။ ရေးသား တာမှာ စာမေးပွဲဖြေတာ၊ စာတမ်းပြုစုတာ၊ ကျမ်းပြုတာတွေ အထိပါ တာပေါ့။ ပြီးတော့လေ့ကျင့်ရမယ်တဲ့။ အကြိမ်ကြိမ်ရေးတာ၊ ဖတ်တာဟာ လေ့ကျင့်တာပေါ့။ ပြီးတော့ နှုတ်ငုံဆောင်ရမယ်-တဲ့။ အရအမိ ရှိရမဲ့အချက်တွေကို အလွတ်ပြောနိုင်ဆိုနိုင်အောင် ကျက်မှတ် ထားရမယ်။ စဉ်းစားကြည့်ရင် ဒီနေ့ဘဘတို့၊ သမီးတို့ ပညာတွေ လေ့လာရာမှာ သုတေသနလုပ်ရာမှာ ဒီအချက်ရှစ်ချက်ဟာ အင်မတန် အခြေခံကျတဲ့ အချက်တွေပေါ့ကွယ်"။ ။

---

## လားရှိုး၌ ရပ်ကွက် / ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းမွမ်းမံသင်တန်းဖွင့်

**လားရှိုး မေ ၁**

ရှမ်းပြည်နယ်မြောက်ပိုင်း လားရှိုးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဧပြီ ၂၉ ရက်က ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများ လုပ်ငန်းမွမ်းမံ သင်တန်း(၁/၂၀၂၁)ဖွင့်ပွဲ ကျင်းပသည်။

အခမ်းအနား၌ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ခွဲ ရှမ်း/မြောက် ဥက္ကဋ္ဌ၊ ပြည်နယ်ဒုတိယအုပ်ချုပ်ရေးမှူး ဦးအောင်ချိုဦးက သင်တန်းဖွင့် အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာအုန်းက သင်တန်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းကို နှစ်ရက်ပြုလုပ်မည်ဖြစ်ပြီး လားရှိုးမြို့ပေါ် ၁၂ရပ်ကွက်နှင့် ကျေးရွာ ၇၅ ရွာတို့မှ အုပ်ချုပ်ရေးမှူးများတက်ရောက်ကြကြောင်းသိရသည်။

**ဟန်ဌေး**
**(လားရှိုး)**

# ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေများဖြင့် တရားစွဲဆိုရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေး တာဝန်ရှိသူများတွေ့ဆုံဆွေးနွေး

**ရန်ကုန် မေ ၁**

ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးလှစိုးသည် ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီရုံး အစည်းအဝေးခန်းမ (၄) တွင် ဧပြီ ၂၇ ရက်က ရန်ကုန်မြို့တော်စည်ပင်သာယာရေး ဥပဒေများဖြင့် တရားစွဲဆိုရာတွင် နှောင့်နှေးကြန့်ကြာမှု မရှိစေရေးတာဝန်ရှိသူများနှင့်တွေ့ဆုံ ဆွေးနွေးသည်။



### ဝိုင်းဝန်းဆွေးနွေး ဖြေရှင်းပေးရန်

ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက စည်ပင်တရားရုံးများတွင် တရားစွဲဆိုထားသောအမှုများ ကြန့်ကြာနေခြင်းကြောင့် ပြည်သူများ နစ်နာစေမှုများ မဖြစ်စေရန်နှင့် စည်းကမ်းထိန်းသိမ်းရေးကိစ္စရပ်များ စနစ်တကျဖြစ်စေရေး ဝိုင်းဝန်းအကြံပြု ဆွေးနွေးဖြေရှင်းပေးကြရန် မှာကြားသည်။

ထို့နောက် မြို့တော်ဝန် ဦးဗိုလ်ဌေးက ရန်ကုန်တိုင်းဒေသကြီးအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် မြစ်ထွက်ပေါက်များ၊ ချောင်းများ၊ ရေမြောင်းများ၊ ရေစုကန်များမှ အမှိုက်များ ဆယ်ယူရှင်းလင်းခြင်း၊ ပိတ် ဆို့နေမှုများကို ပြန်လည်တူးဖော်ခြင်း၊ ယာဉ်စည်း ကမ်းထိန်းသိမ်းရေးအတွက် မီးနီဖြတ်မောင်းခြင်း၊ ယာဉ်ကြောပြောင်းပြန်မောင်းနှင်ခြင်း၊ စည်းကမ်းမဲ့ ယာဉ်နှစ်ထပ်ရပ်ထားခြင်း၊ ယာဉ်ကြောမျဉ်းသေ ခွမောင်းခြင်း၊ ဖြူနီကျားတွင် ယာဉ်ရပ်တန့်ထားခြင်းများကို Control Centre မှတ်တမ်းများမှ တစ်ဆင့် စောင့်ကြည့်အရေးယူဆောင်ရွက်မည့် အစီအမံများ၊ ရန်ကုန်မြို့ ရေပေးဝေရေးလုပ်ငန်းအတွက် ဆောင်ရွက်နေသော လဂွန်းပြင်ရေပေးဝေရေး စီမံကိန်း၊ ရွှေ့လျားသောက်ရေသန့်စက်ဖြင့် နွေရာသီ ကာလသောက်ရေရှားပါးသည့်နေရာဒေသများသို့ပေးဝေနေမှုများ၊ သန့်ရှင်းသာယာလှပရေးနှင့် စိမ်းလန်းစိုပြည်ရေးအတွက် ရန်ကုန်မြို့တော်စည်ပင်သာယာရေးဝန်ထမ်းများမှ ဆောင်ရွက်နေမှုများနှင့် စည်ပင်သာယာရေးဥပဒေများဖြင့် တရားစွဲဆိုထားသောအမှုများ နှောင့်နှေးကြန့်ကြာစေမှု မရှိစေရေး၊ နည်းလမ်းရှာဖွေဆောင်ရွက်ပေးရန် ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရန်ကုန်မြို့တော်စည်ပင် သာယာရေးကော်မတီမှ ကော်မတီဝင်များ၊ စီမံဌာနမှူး၊ လုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေး ဌာနမှူး ရဲမှူးကြီးတို့က ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ(၂၀၁၈)ခုနှစ်အရ တရားစွဲဆိုရာတွင် နှောင့်နှေးကြန့်ကြာနေသောအမှုများနှင့် ပတ်သက်၍ ဆွေးနွေးညှိနှိုင်းရာ တိုင်းဒေသကြီး တရားသူကြီးချုပ်၊ ဥပဒေချုပ်နှင့် ရဲမှူးချုပ်တို့က ပြန်လည်ရှင်းလင်းဆွေးနွေးကြသည်။

### ဥပဒေပညာရှင်များနှင့် ဆွေးနွေး

ယင်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌက စည်ပင်တရားရုံးများ လတ်တလောနှင့် ရေရှည်ဖြေရှင်းရန် နှစ်ချက်ရှိကြောင်း လတ်တလော ကြန့်ကြာနေသောအမှုများ လက်တွေ့ဆောင်ရွက်နေသော တရားစွဲအဖွဲ့အစည်းများ၊ ဥပဒေအရာရှိများ၊ တရားသူကြီးချုပ်နှင့် တရားစီရင်ရေးအဖွဲ့ဝင်များ၊ စီမံအုပ်ချုပ်ရေးကောင်စီဝင်များ ကိုယ်တိုင် ပါဝင်ဆွေးနွေးချက်များအတိုင်း ရန်ကုန်မြို့တော်စည်ပင်သာယာရေးဥပဒေ (၂၀၁၈)အရ တရားစွဲတင်ထားသော ကြန့်ကြာနေသော မှုခင်းများနှင့် ပတ်သက်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းနှင့် အညီဆောင်ရွက်ရသည်မှန်သော်လည်း အမှုတွဲစာရွက်စာတမ်းပြုစုရာတွင် လွယ်ကူထိရောက်သော စနစ်ကျင့်သုံးခြင်း၊ အမှုစစ်အရာရှိများ အင်အားဖြည့်ပေးခြင်း၊ စွပ်စွဲခံရသူအား ရုံးရှေ့အမြန်ရောက်ရှိစေရေးနှင့် အမြန်စစ်ဆေးစီရင်ခြင်းတို့ကို ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းဖြင့် ဖြေရှင်းနိုင်မည်ဖြစ်ပြီး ရေရှည်ဖြေရှင်းရမည့် ကိစ္စရပ်ဖြစ်သော ဥပဒေပါကန့်သတ်ချက်များကို ဖြည့်စွက်ခြင်း၊ ပြင်ဆင်အစားထိုးခြင်းများကို သက်ဆိုင်သော ဌာနအဖွဲ့အစည်းများက ဥပဒေပညာရှင်များနှင့် အသေးစိတ်ဆွေးနွေးသုံးသပ်ဖြေရှင်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း ပြောကြားသည်။

### ပြည်သူများ မနစ်နာအောင် ဆောင်ရွက်

ဒုတိယအချက်အနေဖြင့် သက်ဆိုင်ရာဥပဒေနှင့် ပတ်သက်သော ဌာနဆိုင်ရာများက အသေးစိတ် ညှိနှိုင်းကြရန်နှင့် ပြီးစီးပါက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသို့ တင်ပြပေးမည်ဖြစ်ကြောင်း၊ ကြန့်ကြာနေသော အမှုကိစ္စများကို တရားစီရင်ရေးအဖွဲ့များ၊ ဥပဒေပြုအဖွဲ့များ၊ သက်ဆိုင်သည့်ဌာနများက ပေါင်းစပ်ပြီး အမြန်ဆုံးဖြေရှင်း ဆောင်ရွက်ပေးရန်လိုကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းသည် နိုင်ငံတော်အတွက် ဆောင်ရွက်ခြင်းဖြစ်သလို နိုင်ငံတော်နှင့် တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများမနစ်နာ မကြန့်ကြာအောင် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားသည်။ **ဆန်းကျော်ဦး (ပြန်/ဆက်)**

# ပြည်သူ့အငှားအိမ်ရာအခန်း ၁၀၀၀၀ စီမံကိန်း ရန်ကုန်၊ နေပြည်တော်နှင့် မန္တလေးတို့တွင် ဖော်ဆောင်

**ရန်ကုန် မေ ၁**

ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ဝင်ငွေနည်းပြည်သူများ နေရေးဖြေရှင်းပေးနိုင်စေရန် ပြည်သူ့အငှားအိမ်ရာအခန်း ၁၀၀၀၀ စီမံကိန်းကို မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ်နှင့် မြန်မာနိုင်ငံလိုင်စင်ရ ကန်ထရိုက်တာများအသင်းတို့ ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြန်မာနိုင်ငံဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူးချုပ် ဦးမျိုးမြင့်က "အဓိကကတော့ ဝင်ငွေနည်းပြည်သူတွေ နေရေးအဆင်ပြေစေဖို့ ဆောင်ရွက်နေတာပါ။ ကျွန်တော်တို့ ဒီအငှားအိမ်ရာ စီမံကိန်းတွေကို မန္တလေး၊ နေပြည်တော်၊ ရန်ကုန်တို့မှာ ဖော်ဆောင်သွားဖို့ကို ပြီးခဲ့တဲ့ ၂၀၂၀ ပြည့်နှစ် ဇူလိုင်၊ ဩဂုတ်လတွေလောက်ကနေ စီမံကိန်းတွေ စတင်ဖို့ပြင်ဆင်ခဲ့တာပါ။ မန္တလေးနဲ့ နေပြည်တော်ကတော့မြေပြင်အခြေအနေအရ ပိုစောပြီး ဆောင်ရွက်နိုင်ခဲ့တယ်။ ဒီရန်ကုန်မှာကတော့ လမ်းလုပ်ငန်းတွေကို ၂၀၂၀ ပြည့်နှစ် အောက်တိုဘာလလောက်မှာစတင်ပြီး ကျန်တဲ့ အဆောက်အအုံလုပ်ငန်းတွေကို ၂၀၂၁ ခုနှစ် ဇန်နဝါရီလပိုင်းလောက်မှာ စတင်နိုင်ခဲ့ပါတယ်"ဟု ပြောသည်။

အဆိုပါ စီမံကိန်းများကို မန္တလေးတိုင်းဒေသကြီး၌ ရန်ကင်းတောင်ခြေအနီးတွင် ဆောင်ရွက်နေပြီး နေပြည်တော်၌ နေပြည်တော်မြို့ပတ်လမ်းတွင် ဆောင်ရွက်လျက်ရှိသည်။ ရန်ကုန်တိုင်းဒေသကြီး အနေဖြင့် ဒဂုံမြို့သစ်တောင်ပိုင်းမြို့နယ် ရွာသာကြီး အနီးတွင်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း သိရသည်။

လက်ရှိတွင်ဆောင်ရွက်ဆဲအနေဖြင့် စီမံကိန်း လုပ်ငန်းပိုင်း အပိုင်း(၁)တွင် ပါဝင်သော အခန်းပေါင်း ၅၀၀၈ ခန်းရှိပြီး အလွှာငါးလွှာရှိကာ လေးလွှာကို အခန်းဖွဲ့ထားကြောင်း သိရသည်။ အခန်းတစ်ခန်း၏ အကျယ်အဝန်း ဧရိယာစတုရန်းပေ ၆၀၀ ဖြစ်သည်။ နေပြည်တော်ရှိ ပြည်သူ့အငှား အိမ်ရာစီမံကိန်းသည် လက်ရှိတွင် ပထမထပ်၊ ဒုတိယထပ်၊ တတိယထပ် ကြမ်းခင်းလောင်းပြီးသည်အထိ ဆောင်ရွက်နေပြီဖြစ်သည်။ မန္တလေးတွင် ဖောင်ဒေးရှင်းလုပ်ငန်းများ ပြီးစီးနေပြီဖြစ်ပြီး ရန်ကုန်တွင် ဖောင်ဒေးရှင်းလုပ်ငန်း အပိုင်းတစ်ဝက်ခန့် ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တစ်ဦးတည်း သုံးသပ်ချက်အရ ပြောရရင် အခန်းတစ်ခန်းကို စတုရန်းပေ ၆၀၀ အကျယ်နဲ့ တည်ဆောက်နေတာက ကျယ်လွန်းတယ်လို့ မြင်တယ်။ မရှိလို့ အိမ်ငှားနေကြတာပါ။ တန်ဖိုးနည်းအိမ်ရာ တန်ဖိုးမျှတအိမ်ရာတွေမှာ အခန်းတစ်ခန်း ဧရိယာက စတုရန်းပေ ၄၀၀ ခန့်ကျယ်တယ်။ အခြားနိုင်ငံမှာဆိုရင် စတုရန်းပေ ၂၀၀ လောက်ပဲရှိတယ်။ နိုင်ငံတော်အတွက်လည်း ရင်းနှီးမြှုပ်နှံမှု ကြီးတာပေါ့နော်၊ အခုလုပ်ထားတာက အောက်ထပ်တွေမှာ လွတ်နေတာပေါ့၊ အဲဒီမှာ ကားပါကင်လည်း ထိုးလို့မရတော့ အဲဒီနေရာတွေကို အခန်းတွေ ဆက်ဖွဲ့မယ်ဆိုရင် ပိုက်ဆံပိုမကုန်ဘဲ အခန်းတွေ ထွက်လာမှာပါ။ အလွှာငါးလွှာမှာ အောက်ဆုံးလွှာက အလွတ်ဖြစ်နေပြီး ကျန်လေးလွှာကိုပဲ အခန်းဖွဲ့ထားတော့ လွတ်နေတဲ့အောက်လွှာကို ထပ်လုပ်မယ်ဆိုရင် အခန်း ၅၀၀၀ လုပ်ရင် ငွေနည်းနည်းထပ်စိုက်ရပြီး အခန်း ၁၀၀၀ ထပ်တိုးမှာပေါ့။ ဒါတွေဖြစ်စေချင်ပါတယ်။ နောက်ပြီးတော့ တစ်နေရာတည်းမှာ အခန်းအများကြီး မလုပ်စေချင်ပါဘူး။ လူနေမှုစုပုံသွားပြီး သူတို့လုပ်မယ့်အလုပ်တွေနဲ့ သွားရေးလာရေးတွေကို ထည့်တွက်ပြီး လိုအပ်တဲ့ နေရာတွေကို စာရင်းကောက်ပြီး လုပ်စေချင်ပါတယ်" ဟု အထွေထွေအတွင်းရေးမှူးချုပ်ဦးမျိုးမြင့်က ထပ်မံ ပြောသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**



# တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ သက်မွေးပညာသင်တန်းကျောင်းများနှင့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ညှိနှိုင်းစည်းဝေး

တောင်ကြီး မေ ၁

**ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ ကျော်ထွန်းသည် ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာများနှင့်အတူ ဧပြီ ၂၉ ရက်က တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ သက်မွေးပညာသင်တန်းကျောင်းများနှင့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေး ကျင်းပသည်။**

### စီမံကိန်းရေးဆွဲ

ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီ ဥက္ကဋ္ဌက တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံ၊ သက်မွေးပညာသင်တန်းကျောင်းများနှင့် အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီ၏ ညွှန်ကြားချက်ဖြင့် စီမံကိန်းရေးဆွဲရန်၊ ကျောင်းများကို ၂၀၂၁ ခုနှစ် မေ ၅ ရက်တွင် ပြန်လည်ဖွင့်လှစ်ပြီး ဇူလိုင် ၁၉ ရက်အထိ ဖွင့်လှစ်ကာ စာသင်ချိန် နှစ်ရက်တိုး၍ စာဖြေချိန်ကို ဇူလိုင် ၂၂ ရက်တွင် ဖြေဆိုပြီး အောင်စာရင်းကို ဩဂုတ်လပထမပတ်တွင် ထွက်ရမည်ကို သိထားပါကြောင်း၊ ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ဆောင်ရွက်ရမည့် ကိစ္စကို သက်ဆိုင်သည့်ဌာနဆိုင်ရာများကိုလည်း ခေါ်ယူ၍ ညှိနှိုင်းဆွေးနွေးကြရန် ပြောကြားသည်။

### တင်ပြဆွေးနွေး

ဆက်လက်၍ တက်ရောက်လာကြသော တောင်ကြီး တက္ကသိုလ်၊ တောင်ကြီးနည်းပညာတက္ကသိုလ်၊ တောင်ကြီးကွန်ပျူတာ တက္ကသိုလ်၊ တောင်ကြီးပညာရေး ဒီဂရီကောလိပ်၊ ပြည်နယ်ပညာရေးမှူးရုံး၊ အစိုးရနည်းပညာ အထက်တန်းကျောင်း (တောင်ကြီး/ပင်းပက်)၊ သက်မွေးပညာသင်တန်းကျောင်း (ညောင်ရွှေ)၊ ကျောင်းအနေအထား၊ ကျောင်းအဆောင်၊ ကျောင်းသားဦးရေ၊ ဆရာ/ဆရာမ ဦးရေတို့ကို တင်ပြ ဆွေးနွေးကြပြီး ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌက နိဂုံးချုပ် အမှာစကားပြောကြားကြောင်း သိရသည်။

**မောင်မောင်သန်း (တောင်ကြီး)**

**စာပေမြင့်မှ လူမျိုးတင့်မည်**

# တောင်တန်းတွေကြားက လီဆူတို့ရွာ

**လရောင်ဝေ**

**ခရီးသွားလုပ်ငန်းဖော်ဆောင်ဖို့ စီစဉ်နေ**

မြူခိုးတွေဝေနေတဲ့ တောင်တန်းတွေကြား အိုင်စန့်ကျေးရွာလေးဟာ အေးချမ်းငြိမ်သက်စွာ တည်ရှိနေပါတယ်။ လီဆူတိုင်းရင်းသားတွေ နေထိုင်တဲ့ရွာဖြစ်တာမို့ ဝတ်စားဆင်ယင်မှုကအစ၊ နေ့စဉ် နေထိုင်မှုကအစ စိတ်ဝင်စားစရာလည်း ကောင်းပါတယ်။ ဒီရွာလေးကို ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းဖော်ဆောင်ဖို့ စီစဉ်နေတာဖြစ်လို့ ခရီးသွားဧည့်သည်တွေအတွက် ထူးခြားတဲ့စိတ်ခံစားမှုတွေကို ပေးစွမ်းနိုင်မှာဖြစ်တယ်လို့ ယုံကြည်မိပါတယ်။

အိုင်စန့်ရွာဟာ ကယားပြည်နယ် လွိုင်ကော်ခရိုင် လွိုင်ကော်မြို့နယ် ပိန်းချစ်ကျေးရွာအုပ်စုအတွင်းမှာ တည်ရှိပါတယ်။ လွိုင်ကော်မြို့ကနေပြီး ၁၈ မိုင်ခန့်သာ ဝေးတာမို့ သွားလာရေး အခက်အခဲမရှိသလို ခရီးလည်းမဝေးဘူးလို့ ဆိုရမှာဖြစ်ပါတယ်။ ကယားပြည်နယ်အတွင်းမှာ ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းလေးခု ဖော်ဆောင်ပေးထားပြီး အဲဒါတွေကတော့ ပန်ပက်ကျေးရွာ(ကယန်းရွာ)၊ တနီးလာလဲရွာ(ကယားရွာ)၊ ဒေါတမကြီးကျေးရွာ(ကယားရွာ)နဲ့ ထေခိုကျေးရွာ(ကယောရွာ)တို့ပဲဖြစ်ပါတယ်။

တောင်တန်းဒေသတွေမှာ နေထိုင်ကြတဲ့ တိုင်းရင်းသားကျေးရွာတွေဟာ အိမ်ခြေမများသလို လမ်းတွေ၊ အိမ်တွေကလည်း စနစ်တကျ တည်ဆောက်နေထိုင်ကြတာ မဟုတ်ပါဘူး။ အထူးသဖြင့် တောင်တန်း တောင်ကြောပေါ်တွေမှာ တည်ထောင်ထားတဲ့ ကျေးရွာတွေဖြစ်တာမို့ တိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့စရိုက် နေထိုင်မှုတွေအတိုင်း ရိုးရိုးရှင်းရှင်း တည်ဆောက်နေထိုင်ကြတာ များပါတယ်။

**နေထိုင်မှုနဲ့ အသက်မွေးဝမ်းကျောင်းမှု**

တောတောင်တွေကို အမှီပြု၊ အခြေပြု နေထိုင်ကြတာမို့ သူတို့ရဲ့အသက်မွေးဝမ်းကျောင်းမှုတွေကလည်း တောတောင်တွေနဲ့ မကင်းကြပါဘူး။ အမဲလိုက်တာ၊ တောင်ယာစိုက်ပျိုးတာတွေဟာ တိုင်းရင်းသားတွေရဲ့ အသက်မွေးဝမ်းကျောင်းမှုလို့ ဆိုရမှာဖြစ်ပါတယ်။

အခုလည်း လီဆူတိုင်းရင်းသားတွေနေထိုင်တဲ့ အိုင်စန့်ကျေးရွာဟာ အိမ်ခြေစုစုပေါင်း ၄၆ အိမ်ရှိပြီး လူဦးရေ ၁၀၀ ခန့်နေထိုင်ကြပါတယ်။ နေအိမ်အချို့က သွပ်မိုးဖြစ်ပြီး အချို့က အင်ဖက်ရွက်တွေလိုမျိုးကို အပေါ်က ဝါးလုံးတွေနဲ့ ဖိညှပ်ပြီး အိမ်အမိုး မိုးထားတာဖြစ်ပါတယ်။ တချို့အိမ်တွေက ခြေတံရှည်ပုံစံမျိုး တည်ဆောက်ထားပြီး အိမ်အောက်မှာ နေ့ခင်းနေ့လယ်အချိန်တွေမှာ နေထိုင်ကြတဲ့ အနေအထားနဲ့ ဆောက်လုပ်ထားတာဖြစ်ပါတယ်။ ထူးခြားတာက အချို့အိမ်တွေဟာ တိုင်လုံးတွေနဲ့ တည်ဆောက်ထားတာဖြစ်ပြီး အိမ်ခေါင်မိုး အဆောင်တစ်ဆောင်တည်းနဲ့ ဆောက်လုပ်နေထိုင်ကြတာ ဖြစ်ပါတယ်။

အိုင်စန့်ရွာရဲ့ အိမ်အချို့ဟာ ဝါးထရံကို ကာရံထားပြီး အိမ်အမိုးတွေပေါ်မှာ ဝါးလုံးရှည်တွေနဲ့ အိမ်ခေါင်မိုးသွပ်ချပ်တွေ၊ အင်ဖက်ရွက်အမိုးတွေကို ဖိညှပ်ထားကြတာပါပဲ။ တောင်ကြောပေါ်မှာဖြစ်လို့ လေဒဏ်မိုးဒဏ် ကာကွယ်တဲ့အနေနဲ့ ပြုလုပ်ထားကြတာဖြစ်ပါတယ်။ တစ်အိမ်နဲ့တစ်အိမ် ကိုယ့်ဝင်း၊ ကိုယ့်စည်းရိုးတိုင်တွေနဲ့ တည်ဆောက်နေထိုင်ကြတာတွေ့ရပြီး လုံးချင်းအိမ်လေးတွေနဲ့ပဲ နေထိုင်ကြတာဖြစ်ပါတယ်။

အိုင်စန့်ရွာလေးဟာ သန့်ရှင်းသပ်ရပ်စွာ နေထိုင်တည်ဆောက်ထားတဲ့ ကျေးရွာဖြစ်ပြီး ရွာလမ်းတွေကလည်း ကျယ်ဝန်းသလို တစ်နေရာနဲ့တစ်နေရာ အလွယ်တကူ ဖြတ်သန်းသွားလာလို့ရအောင် ဖြတ်လမ်းတိုလေးတွေလည်း ရှိပါတယ်။ ရွာလယ်မှာ အများသုံးရေလှောင်ကန်ရှိပြီး အုတ်နဲ့တည်ဆောက်ထားကာ ဘေးတစ်ဖက်တစ်ချက်မှာ ရေဘုံပိုင်ခေါင်းတွေထားရှိတာမို့ ရေသုံးစွဲ၊ အဝတ်လျှော်ဖွပ်ဖို့ အဆင်ပြေပါတယ်။

အိုင်စန့်ရွာရဲ့ ရွာထိပ်တောင်ကုန်းပေါ်မှာတော့ ရွှေရောင်ဝင်းပနေတဲ့ စေတီတော်တစ်ဆူ တည်ထားပြီး ကပ်လျက်မှာ ဘုန်းတော်ကြီးကျောင်း တစ်ကျောင်း တည်ဆောက်ထားပါတယ်။ ဘုန်းတော်ကြီးကျောင်းဟာ အတော်အတန်ကြီးမားပြီး နှစ်ထပ်ကျောင်း ဖြစ်ပါတယ်။ စေတီကတော့ အောက်ခြေမှာ လိုဏ်ဂူလေးဖက်ရှိပြီး အရံစေတီငယ်လေးဆူကိုလည်း တည်ထားတာတွေ့ရပါတယ်။ စေတီဝန်းကျင်မှာတော့ အမှိုက်သရိုက်နဲ့ မြက်ပင်တွေကို ရှင်းလင်းထားတာမို့ သန့်ရှင်းနေပြီး တောင်တန်းနောက်ခံနဲ့ သပ္ပာယ်ကြည်ညိုဖွယ်ဖြစ်ပါတယ်။



အိုင်စန့်ကျေးရွာ ရွာထိပ်တောင်ကုန်းပေါ်မှ စေတီတော်

**စိုက်ပျိုး မွေးမြူရေး**

အိုင်စန့်ကျေးရွာမှာနေထိုင်တဲ့ တိုင်းရင်းသားတွေဟာ အဓိကအနေနဲ့ ပြောင်းစိုက်ပျိုးပြီး အခြားတောင်ယာသီးနှံတွေလည်း စိုက်ပျိုး အသက်မွေးကြပါတယ်။ အချို့အိမ်တွေမှာ ကြက်၊ ဝက်တွေကို တစ်ပိုင်တစ်နိုင် မွေးမြူကြတာလည်း တွေ့ရပါတယ်။ တကယ်တော့ အိုင်စန့်ကျေးရွာက လီဆူတိုင်းရင်းသားတွေဟာ စီးပွားရေးအတွက် ပြောင်းစိုက်ပျိုးတာတစ်ခုတည်းကိုပဲ အဓိကလုပ်ကိုင်ကြတာဖြစ်လို့ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းဖွံ့ဖြိုးအောင်မြင်လာရင် သူတို့အနေနဲ့လည်း တောင်ယာစိုက်ပျိုးပြီးချိန် ကာလတွေမှာ အခြားစီးပွားရေးလုပ်ငန်းတွေကို လက်လှမ်းမီသလောက် လုပ်ကိုင်လိုတဲ့ဆန္ဒတွေ ရှိနေကြပါတယ်။

**အိုင်စန့်ကျေးရွာမှာနေထိုင်တဲ့ တိုင်းရင်းသားတွေဟာ အဓိကအနေနဲ့ ပြောင်းစိုက်ပျိုးပြီး အခြားတောင်ယာသီးနှံတွေလည်း စိုက်ပျိုးအသက်မွေးကြပါတယ်။ အချို့အိမ်တွေမှာ ကြက်၊ ဝက်တွေကို တစ်ပိုင်တစ်နိုင် မွေးမြူကြတာလည်း တွေ့ရပါတယ်။ တကယ်တော့ အိုင်စန့်ကျေးရွာက လီဆူတိုင်းရင်းသားတွေဟာ စီးပွားရေးအတွက် ပြောင်းစိုက်ပျိုးတာတစ်ခုတည်းကိုပဲ အဓိကလုပ်ကိုင်ကြတာဖြစ်လို့ ရပ်ရွာအခြေပြုခရီးသွားလုပ်ငန်းဖွံ့ဖြိုးအောင်မြင်လာရင် သူတို့အနေနဲ့လည်း တောင်ယာစိုက်ပျိုးပြီးချိန်ကာလတွေမှာ အခြားစီးပွားရေးလုပ်ငန်းတွေကို လက်လှမ်းမီသလောက် လုပ်ကိုင်လိုတဲ့ဆန္ဒတွေရှိနေကြ**



တောင်တန်းများကြား တည်ဆောက်ထားသော လီဆူတိုင်းရင်းသားတို့၏ နေအိမ်များ။

လွိုင်ကော်မြို့နယ်မှာ အိုင်စန့်ကျေးရွာအပြင် ခုတ်လောရွာနဲ့ တနောင်ညွန့်ရွာတွေဟာလည်း ရှေးရိုးရာ လီဆူတိုင်းရင်းသားတွေ နေထိုင်ကြတာဖြစ်ပြီး အဲဒီ ရွာသုံးရွာရဲ့ လီဆူတိုင်းရင်းသား ဦးရေဟာ စုစုပေါင်း ၄၈၀ ခန့်ရှိတယ်လို့ ကယားပြည်နယ် ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန စာရင်းမှတ်တမ်းတွေမှာ ဖော်ပြထားပါတယ်။

အိုင်စန့်ကျေးရွာမှာ နေထိုင်ကြတဲ့ လီဆူတိုင်းရင်းသားတွေဟာ ရှေးရိုးရာ လီဆူတိုင်းရင်းသား ရိုးရာဝတ်စုံတွေကို ဝတ်ဆင်သွားလာလေ့ရှိပြီး ပန်းရောင်အစင်းတွေပါတဲ့ အဝတ်အထည်တွေနဲ့ အရောင်အသွေးစုံလင်တဲ့ အဝတ်အစားတွေကို အမြတ်တနိုး ဝတ်ဆင်လေ့ရှိကြပါတယ်။ ဒါကြောင့်လည်း လီဆူတိုင်းရင်းသားတွေရဲ့ ရိုးရာဓလေ့ကို လေ့လာလိုတဲ့ နိုင်ငံခြားသား ဧည့်သည်တွေဟာ အရင်ကတည်းက အိုင်စန့်ရွာကို လာရောက်လေ့လာတတ်ကြတယ်လို့ ဒေသခံတွေက ပြောပါတယ်။

အိုင်စန့်ကျေးရွာဟာ လောလောဆယ်မှာ လျှပ်စစ်မီးရရှိနေပေမယ့် အခြေခံအဆောက်အအုံတွေ ဖြည့်ဆည်းဖို့ လိုအပ်နေပါသေးတယ်။ လမ်းပန်းဆက်သွယ်ရေး ဒီထက်ပိုပြီး အဆင့်မြှင့်တင်နိုင်ရင် လွိုင်ကော်မြို့ကနေပြီး အချိန်တိုအတွင်း မော်တော်ယာဉ်နဲ့ သွားလာရောက်ရှိနိုင်မှာဖြစ်ပါတယ်။ ဒါဆိုရင် ပြည်တွင်းပြည်ပက ခရီးသွားတွေ ပိုပြီး လာရောက်နိုင်မှာဖြစ်သလို အေးချမ်းတည်ငြိမ်တဲ့ အိုင်စန့်ကျေးရွာနဲ့ လီဆူတိုင်းရင်းသားတွေရဲ့ နေ့စဉ် လူမှုဘဝနေထိုင်မှုတွေကို အချိန်မရွေး၊ ရာသီမရွေးလာရောက်ပြီး ထိတွေ့ခံစား လေ့လာနိုင်မှာဖြစ်ပါတယ်။

**ရွေးချယ်နိုင်မယ့် ခရီးစဉ်တစ်ခု**

ဒီလို ရပ်ရွာအခြေပြု ခရီးသွားလုပ်ငန်းကို အိုင်စန့်ကျေးရွာမှာ ပီပီပြင်ပြင် ဖော်ဆောင်နိုင်ရင် ကျေးရွာမှာရှိတဲ့ လီဆူတိုင်းရင်းသားတွေရဲ့ လူမှုစီးပွားရေးဘဝတွေလည်း တိုးတက်လာမှာဖြစ်ပါတယ်။

လီဆူတိုင်းရင်းသားတွေရဲ့ ရှေးရိုးရာ တူရိယာမျိုးစုံနဲ့ တီးခတ်ဖျော်ဖြေမှုတွေ၊ နှစ်စဉ် ရိုးရာဓလေ့ပွဲတွေ၊ တောင်ယာစိုက်ခင်းတွေအပြင် အရောင်အသွေး စုံလင်လှပတဲ့ အဝိုင်းပုံသဏ္ဌာန် ဦးခေါင်းဆောင်းတွေနဲ့အတူ အရောင်စုံတဲ့ အပေါ်အင်္ကျီတွေ၊ အောက်ပိုင်း ဂါဝန်ရှည်ဖားဖားတွေကို ဝတ်ဆင်ထားတဲ့ လီဆူတိုင်းရင်းသား အမျိုးသမီးတွေရဲ့ ရုပ်သွင်ကိုလည်း မြင်တွေ့နိုင်မှာဖြစ်ပါတယ်။

လီဆူတိုင်းရင်းသားတွေဟာ အမြင့်ပေ ၄၀၀၀ နဲ့ ပေ ၅၀၀၀ အောက်မှာဆင်းပြီး နေထိုင်လေ့မရှိတဲ့သူတွေဖြစ်လို့ အိုင်စန့်ကျေးရွာဟာလည်း မြင့်မားတဲ့ တောင်ကြောပေါ်မှာ တည်ထားတာဖြစ်ပါတယ်။ ရာသီဥတုအေးပြီး မြင့်တဲ့နေရာတွေမှာ နေထိုင်လေ့ရှိတဲ့ လီဆူတိုင်းရင်းသားတွေ၊ တိုင်းရင်းသူတွေဟာ အသားဖြူတာများသလို မိမိတို့ရဲ့ ဆွေမျိုးအုပ်စုချင်းတူတဲ့ လူမျိုးတွေနဲ့ လက်ထပ်တာမျိုး မပြုလုပ်တတ်ကြပါဘူး။

ထူးခြားပြီး စိတ်ဝင်စားစရာကောင်းတဲ့ လီဆူတိုင်းရင်းသားတွေနေထိုင်တဲ့ အိုင်စန့်ကျေးရွာဟာ ကယားပြည်နယ် တောင်တန်းတွေကြားမှာ တည်ရှိနေတာဖြစ်လို့ ဆိတ်ငြိမ်အေးချမ်းပါတယ်။ တိုင်းရင်းသားတွေရဲ့ နေ့စဉ် လူမှုဘဝ ဖြတ်သန်းမှုတွေနဲ့ ရိုးရာတေးဂီတ အသံတွေကို နားထောင်ရင်း တောင်ပေါ်နေ လီဆူတိုင်းရင်းသားတွေရဲ့ နေထိုင်မှုဓလေ့တွေကို ခံစားလေ့လာမယ်ဆိုရင်တော့ ငြိမ်းချမ်းသာယာတဲ့ အိုင်စန့်ရွာလေးက ရွေးချယ်နိုင်မယ့် ခရီးစဉ်တစ်ခုအဖြစ် တည်ရှိနေတာအမှန်ပါပဲ။ ။

# တိုင်းရင်းသားများနှင့် ဧည့်နိုင်ငံသားများအား ဥပဒေနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သော ကတ်တစ်မျိုးမျိုးထုတ်ပေးရေး ပန်းခင်းစီမံချက်အကြောင်း မိတ်ဆက်ရှင်းလင်း

**ဘားအံ မေ ၁**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ကရင်ပြည်နယ်ဦးစီးမှူးရုံးမှ မြန်မာနိုင်ငံသားများဖြစ်ကြသော တိုင်းရင်းသားများနှင့် ဥပဒေအရ နိုင်ငံသားများအား ဥပဒေနှင့်အညီ အိမ်ထောင်စုလူဦးရေစာရင်းနှင့် ကိုင်ဆောင်သင့်သည့် ကတ်တစ်မျိုးမျိုးထုတ်ပေးရေး ပန်းခင်းစီမံချက်အကြောင်း မိတ်ဆက်ရှင်းလင်းသည့် အခမ်းအနားကို ဧပြီလနောက်ဆုံးပတ်က ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးက မဲပေးခွင့်ရှိသူတိုင်း နိုင်ငံသားစိစစ်ရေးကတ်သို့မဟုတ် အသိအမှတ်ပြုကတ်တစ်မျိုးမျိုးထုတ်ပေးနိုင်ရေးကို ရည်မှန်းချက်တာဝန်ထား၍ သတ်မှတ်ကာလအတွင်း အောင်အောင်မြင်မြင်ဖြင့် ပြီးမြောက်ရန်မှာ အရေးကြီးတာဝန်တစ်ရပ်ဖြစ်ကြောင်း၊ ပြည်နယ်အတွင်း အသက်အပိုင်းအခြားအလိုက် ကတ်အမျိုးအစားအလိုက် ထုတ်ပေးရန်ကျန်ရှိနေသည့် မဲဆန္ဒရှင်များကို ဥပဒေနှင့်အညီထုတ်ပေးနိုင်ရေး သတ်မှတ်ကာလအတွင်း ပြီးမြောက်နိုင်ရေးလုပ်ငန်းစဉ်များကို ကောင်စီဝင်အားလုံးနှင့် တိုင်းရင်းသားပြည်သူများလည်း သိရှိရန်လိုအပ်ကြောင်း၊



ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦး ပန်းခင်းစီမံချက်အကြောင်း မိတ်ဆက်ရှင်းလင်းသည့် အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

ထို့အတွက်ကြောင့် ပန်းခင်းစီမံချက်အကြောင်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ကရင်ပြည်နယ်ဦးစီးမှူးရုံးမှ လာရောက်ရှင်းလင်းတင်ပြခြင်းဖြစ်ကြောင်း၊ တက်ရောက်လာသည့် ကောင်စီဝင်များနှင့် တာဝန်ရှိသူများကလည်း လိုအပ်သည့်အကြံပြုချက်များကို တင်ပြဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်(၃) လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဆိုင်ရာ ကရင်ပြည်နယ်ဦးစီးမှူး ဦးရဲထွန်းဦးက ပန်းခင်းစီမံချက်ဖြစ်ပေါ်လာပုံ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပန်းခင်းစီမံချက်အပေါ် လမ်းညွှန်မှာကြားချက်၊ ပန်းခင်း စီမံချက်ဆောင်ရွက်မည့် လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းတင်ပြဆွေးနွေးပြီး ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များက လိုအပ်ချက်များကို အကြံပြုဆွေးနွေးကြသည်။

ယင်းနောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌက ပန်းခင်းစီမံချက်သည် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းဖြစ်ကြောင်း၊ မြို့နယ်တိုင်းတွင် ပန်းခင်းစီမံချက် အထောက်အကူပြုလုပ်ငန်းကော်မတီကို ဖွဲ့စည်းဆောင်ရွက်စေလိုပြီး လုပ်ငန်းတိုးတက်မှုအခြေအနေများကို တစ်ပတ်တစ်ကြိမ် ပြန်လည်တင်ပြပေးရန် လမ်းညွှန်မှာကြားသည်။

ဆက်လက်၍ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဘားအံမြို့ အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း၌ အမှတ်(၄)၊(၆)၊(၇)၊(၈) ရပ်ကွက်များမှ ရပ်ကွက်နေပြည်သူများ၊ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ အမှတ်(၁)၊(၂)၊(၃)၊(၅)တို့မှ ပြည်သူများ၏ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနေမှုအခြေအနေများကို ကြည့်ရှုအားပေးရာ ကာကွယ်ဆေးထိုးရန် စောင့်ဆိုင်းနေသူများ၊ ကျန်းမာရေးစစ်ဆေးမှုခံယူနေသူများ၊ ကာကွယ်ဆေးထိုးနှံနေသူများ၊ ကာကွယ်ဆေးထိုးလုပ်ငန်းကို ပူးပေါင်းဆောင်ရွက်ပေးကြသည့် အုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ပညာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များအား တွေ့ဆုံပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# (၇၅) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ ကြိုဆိုဂုဏ်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် မေ ၁**

(၇၅) နှစ်မြောက် စိန်ရတု မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်သူ့အကျိုးပြုဆောင်ရွက်ခြင်းအဖြစ် ယမန်နေ့က နေပြည်တော်လယ်ဝေးမြို့နယ် ရန်အောင်ချမ်းသာဘုရားကြီး၌ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ ဦးဆောင်၍ ပြည်ထောင်စုနယ်မြေ နေပြည်တော် မီးသတ်ဦးစီးမှူးရုံးမှ သန္ဓေနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် ကိုဗစ်- ၁၉ စည်းကမ်းချက်များနှင့်အညီ စုပေါင်းသန့်ရှင်းရေးနှင့် ဘုရားရင်ပြင်တော် ရေသပ္ပာယ်ခြင်းလုပ်ငန်းများကို ကုသိုလ်ပြုဆောင်ရွက်ကာ



တပ်ဖွဲ့ဝင်မိသားစုများက စုပေါင်းလှူဒါန်း ငွေကျပ် ၁၀ သိန်းကို ရန်အောင်ချမ်းသာ ဘုရားကြီးဂေါပကအဖွဲ့သို့ ပေးအပ်လှူဒါန်းသည်။

ထို့နောက် မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် လယ်ဝေးမြို့နယ် ခုတင် ၁၀၀ ဆံ့ ဆေးရုံကြီး၌ မီးသတ်တပ်ဖွဲ့ဝင်များက သွေးလိုအပ်သော လူနာများအတွက် စုပေါင်းသွေးလှူဒါန်းနေမှုကို ကြည့်ရှုအားပေးစကားပြောကြားပြီး ခွန်အားဖြည့် အစားအစာနှင့် ဆေးဝါးများထောက်ပံ့ပေးအပ်ကြောင်း သိရသည်။

**အောင်မျိုး**

# မီးသတ်တပ်ဖွဲ့နေ့ဂုဏ်ပြု သောက်သုံးရေလှူဒါန်း

**သထုံ မေ ၁**

(၇၅) နှစ်မြောက် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ်အတွင်း သောက်သုံးရေ အမှန်တကယ် လိုအပ်လျက်ရှိသော ကျေးရွာများအရောက် သောက်သုံးရေ လှူဒါန်းခြင်းကို သထုံခရိုင် ပေါင်မြို့နယ်ရှိ အလှပ်ကျေးရွာ၊ ညောင်ကုန်းကျေးရွာ၊ သပြေကုန်းကျေးရွာ၊ ဒရိန်းကျေးရွာနှင့် ဘုန်းတော်ကြီးကျောင်း သုံးကျောင်း၊ တိုက်နယ်ဆေးရုံ တစ်ရုံတို့အား ယနေ့နံနက်ပိုင်းမှ စတင်၍ မွန်ပြည်နယ် မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးစိုးဝင်းဦးဆောင်ပြီး လှူဒါန်းကြောင်း သိရသည်။



**နန္ဒကျော်စွာ**

# သကြၤန်ကာလအပြီး မိုးဦး မိုးမှန်ရွာသွန်းသဖြင့် အညာတောင်သူများ လယ်ယာလုပ်ငန်းခွင်ဝင်ရောက်ကြပြီ

**ကျောက်ပန်းတောင်း မေ ၁**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် သကြၤန်ကာလအပြီး တောင်သူများစောင့်မျှော်နေကျဖြစ်သော မိုးဦးမိုး မှန်ကန်စွာရွာသွန်းသဖြင့် ဧပြီ ၃၀ ရက်မှစတင်ကာ အညာတောင်သူများ လယ်ယာလုပ်ငန်းခွင် ဝင်ရောက်လျက်ရှိနေကြပြီဖြစ်သည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် သကြၤန်အကြိုနေ့၊ သကြၤန်အကြတ်နေ့နှင့် မြန်မာနှစ်ဆန်း ၁ ရက်နေ့တို့တွင် သဲသဲမဲမဲမဟုတ်သော်လည်း အပူသက်သာရုံမျှ မိုးရွာသွန်းမှုရှိခဲ့ပြီး ဧပြီ ၂၈ ရက်ညနေပိုင်းတွင် မိုးသင့်တင့်ရုံရွာသွန်း၍ ဧပြီ ၂၉ ရက်ညနေပိုင်းတွင် လေနှင့်မိုးပါ သည်းထန်စွာ ရွာသွန်းသဖြင့် စိုက်ပျိုးရေးအတွက် မိုးမျှော်နေကြသည့် တောင်သူများအတွက် လုပ်ငန်းခွင်ဝင်ရန် အခွင့်အခါကောင်းဖြစ်ကြောင်း သိရသည်။

"မိုးက ညီတော့ မညီလောက်ဘူးဗျ။ ကျွန်တော်တို့ ကျောက်ပန်းတောင်းမြို့အနောက်ဘက်ရွာတွေမှာ မိုးက မွန်းလွဲ ၁ နာရီလောက်ကတည်းက တံစက်မြိတ်ကျရုံလောက် ရွာရာကနေ မွန်းလွဲ ၂ နာရီခွဲလောက်ကနေ မိုးသီးမိုးပေါက်တွေရော လေရောကြမ်းပြီး ရွာလိုက်တာ တစ်နာရီလောက်ကြာတယ်ဗျ။ ကျွန်တော်ဆို မနေ့က (၂၈ ရက်နေ့ ညနေ)ရွာတဲ့မိုးနဲ့ မနက်ပိုင်း နှမ်းဖြူတစ်ခင်းကြဲထားတာ ညနေရွာတဲ့မိုးက ကြမ်းတော့ သောင်ထွန်းပြီး အကုန်လုံး ရေပါကုန်တာပဲဗျာ။ အဲဒါ ဒီနေ့ ပြန်ကြဲရတယ်။ ကျောက်ပန်းတောင်း တောင်ဘက်ရွာတွေလည်း မိုးသီးကျပြီး ကြဲဖြစ်အောင်တော့ ရွာတယ်ပြောတာပဲ။ ဒီနှစ်တော့ မိုးဦး လေဦး မှန်တဲ့သဘောပေါ့ဗျာ။ မိုးကြာကြာ မမျှော်လိုက်ရတာပေါ့" ဟု အရှေ့အင်တိုင်းကျေးရွာမှ တောင်သူ ဦးဇော်ဝင်းက ပြောသည်။ တောင်သူများ လုပ်ငန်းခွင် စောစီးစွာဝင်ရောက်ခွင့်ရရန် မိုးမှန် လေမှန်ခဲ့သော်လည်း ပဲနှင့်နှမ်းမျိုးကို မျိုးချန်မထားနိုင်သော တောင်သူများမှာ ဈေးကြီးပေးဝယ်ယူ၍ ကြဲပက်နေရကြောင်း သိရပြီး နှမ်းအဖြူတစ်တင်းလျှင် ငွေကျပ် ၄၇၀၀၀ မှ ၅၀၀၀၀ အထိပေးရကာ နှမ်းအနက်တစ်တင်းလျှင် ငွေကျပ် ၆၀၀၀၀ မှ ၆၅၀၀၀ အထိ ပေးရကြောင်း သိရသည်။

မျိုးမြေပဲအနေဖြင့် ပင်ထောင် ပဲဆန်တစ်တင်းလျှင် ငွေကျပ် ၅၅၀၀၀ မှ ၆၀၀၀၀ အထိ ပေး၍ ဝယ်ယူစိုက်ပျိုးကြရကြောင်းနှင့် ထွန်ယက်ခအနေဖြင့် နွားတစ်ရှဉ်း ငှားရမ်းခ တစ်မနက်လျှင် ငွေကျပ် ၁၅၀၀၀ ပေးရပြီး ၁၆ သွား လယ်ထွန်စက် ငှားရမ်းခမှာ တစ်နာရီလျှင် ငွေကျပ် ၂၀၀၀၀ ပေးချေကြရကြောင်း သိရသည်။ နွားရှဉ်းနှင့် ထွန်စက်ငှားရမ်းခများ ဈေးကြီးပေးရပြီး မျိုးမြေပဲဆန်ဈေးနှင့် နှမ်းမျိုးဈေးများ ဈေးကြီးပေး ဝယ်ယူကြရသော်လည်း မိုးဦးလေဦး/ မိုးမှန် လေမှန် စိုက်ပျိုးချိန်ဖြစ်သဖြင့် အညာတောင်သူများအနေဖြင့် ရရှိနေသည့် အခွင့်ကောင်းကို လက်လွှတ်မခံနိုင်ဘဲ မိမိတို့ ရှိသမျှ ချွေးနဲ့စာဖြင့် လုပ်ငန်းခွင်ဝင်ရောက်လျက် ရှိနေကြပြီဖြစ်ကြောင်း သိရသည်။

**နေအောင်(ပြန်/ဆက်)**






# လူမှုကွန်ရက်အားအသုံးပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် လှုံ့ဆော်ခဲ့သည့် တက္ကသိုလ် / ကောလိပ် / ကျောင်းများရှိ ကျောင်းသားသမဂ္ဂအဖွဲ့ဝင်များအား ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

နေပြည်တော် မေ ၁

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရား ပျက်ပြားစေရန်ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင်ပါဝင်စေရန် လှုံ့ဆော်ခြင်း၊ CRPH မတရားအသင်းအား ထောက်ခံသည့် အကြောင်းအရာများ၊ မမှန်သတင်းများအားဖြန့်ဝေခြင်း၊ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေပြီး ဆူပူအုံကြွမှု ဖြစ်ပေါ်စေရန်နှင့် အများပြည်သူ အထိတ်တလန့်ဖြစ်စေရန်အတွက် သွေးထိုးလှုံ့ဆော်မှုများပြုလုပ်ခြင်း၊ Social Punishment ပြုလုပ်ခြင်းများကို လူမှုကွန်ရက်စာမျက်နှာများတွင် ရည်ရွယ်ချက်ရှိရှိ ဖော်ပြခြင်းနှင့် ဖြန့်ဝေခြင်းများ ဆောင်ရွက်လျက်ရှိသည့် အောက်ပါ ကျောင်းသားသမဂ္ဂအဖွဲ့ဝင်များနှင့် အခြား ပါဝင်ပတ်သက်သူများအား ရာဇသတ်ကြီး ပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း ထုတ်ပြန်အပ်ပါသည်။

## လူမှုကွန်ရက်အားအသုံးချ၍ တရားဥပဒေချိုးဖောက်မှုကြောင့် ပုဒ်မ ၅၀၅-က ဖြင့် အရေးယူထားသည့် ကျောင်းသားသမဂ္ဂအဖွဲ့ဝင်များ

| စဉ် | အကောင့်အမည် | Profile | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | Aung Kyaw Khant (杨林森) https://www.facebook.com/aung.kyawkhant.31392 | အောင်ကျော်ခန့်  | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၂ | Kyaw Htet Aung https://www.facebook.com/kyawhtet.aung.7547031 | ကျော်ထက်အောင်  | မြောင်းမြမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၃ | Aung Myat Thu (Olivin) https://www.facebook.com/profile.php?id=100045621240497 | အောင်မြတ်သူ  | လပွတ္တာမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၄ | Aye Yati Phoo http://www.facebook.com/aye.y.phoo.10 | အေးရတီဖူး  | လပွတ္တာမြို့နယ်၊ ဧရာဝတီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၅ | Htet Aung San https://www.facebook.com/profile.php?id=100009025153455 | ထက်အောင်ဆန်း  | လှိုင်းဘွဲ့မြို့နယ်၊ ကရင်ပြည်နယ် | ၅၀၅-က |  |
| ၆ | Linnmyat Oo (Terius) https://www.facebook.com/linnmyat.oo.75436 | လင်းမြတ်ဦး  | ကွမ်းခြံကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၇ | Nay Oo Hlaing (Erics) https://www.facebook.com/nay.oohlaing.503 | နေဦးလှိုင်  | မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၈ | Shine Tay Zarr https://www.facebook.com/shine.tayzar.9 | ရှိုင်းတေဇာ  | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၉ | Myo Htet Paing Soe https://www.facebook.com/myohtet17 | မျိုးထက်ပိုင်စိုး  | မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၀ | Aung Kyaw Sint https://www.facebook.com/aung.kyaw.125 | အောင်ကျော်ဆင့်  | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၁ | သန့် စင် လင်း ထက် https://www.facebook.com/thantsin.linhtet.351 | သန့်စင်လင်းထက်  | မော်လမြိုင်မြို့နယ်၊ မွန်ပြည်နယ် | ၅၀၅-က |  |
| ၁၂ | Pyay Thwe Khin https://www.facebook.com/pyaythwekhin.khin | ပြေသွယ်ခင်  | မြိတ်မြို့နယ်၊ တနင်္သာရီတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၃ | Juditx(Thae Myar Htoo) https://www.facebook.com/judith.htoo.3/ | တွယ်တာဦး  | ဒီးမော့ဆိုမြို့နယ်၊ ကယားပြည်နယ် | ၅၀၅-က |  |
| ၁၄ | Hlian Htet Lin https://www.facebook.com/hlianhtet.lin.9 | လှိုင်ထက်လင်း  | အုတ်တွင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၅ | Nay Nwe Htun https://www.facebook.com/naynwe.htun.52 | နေနွယ်ထွန်း  | လွိုင်ကော်မြို့နယ်၊ ကယားပြည်နယ် | ၅၀၅-က |  |
| ၁၆ | Hsu Myat Yin https://www.facebook.com/hsuhsu.yin | ဆုမြတ်ယဉ်  | အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၇ | Aung Pyae Sone Phyoe (ယွန်းနီ) https://www.facebook.com/aungpyaesonephyoe | အောင်ပြည့်စုံဖြိုး  | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |
| ၁၈ | Noom https://www.facebook.com/phanpwint.lay | နန်းမွှေ့နှင်းလှိုင်  | သီပေါမြို့နယ်၊ ရှမ်းပြည်နယ် | ၅၀၅-က |  |
| ၁၉ | Mg Linn Htut https://www.facebook.com/profile.php?id=100029296085367 | ဇော်လင်းထွဋ်  | ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး | ၅၀၅-က |  |
| ၂၀ | Hnin https://www.facebook.com/minhnin.lay.18 | မနှင်း  | ကမာရွတ်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး | ၅၀၅-က |  |

အထက်ဖော်ပြပါ ပြစ်မှုကျူးလွန်သူများအား လက်ခံထားရှိသူများကိုလည်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ကျန်ရှိနေသည့် ထိုကဲ့သို့ဆောင်ရွက်နေသူများကိုလည်း ဆက်လက်ထုတ်ပြန်သွားမည် ဖြစ်ပါသည်။

သတင်းစဉ်

# မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေးနှင့် ရပ်ရွာအေးချမ်းသာယာမှု ရှိစေရေးတို့အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၁

မတရားအသင်းကြေညာထားသော NUG အမည်ခံ ပြည်ထောင်စုအစိုးရနှင့် CRPH အမည်ခံ ပြည်ထောင်စုလွှတ်တော်ကော်မတီတို့၏ ထောက်ပံ့မှုနှင့် ဆူပူအကြမ်းဖက်သူများက နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့ကို ပျက်ပြားစေရန် ဆောင်ရွက်နေမှုများကြောင့် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့်ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးအား နေ့ညမပြတ် ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိပါသည်။ ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ လှည့်ကင်း၊ ပတ်ကင်းများဖြင့် လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ဆက်လက် ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများဖြစ်ကြောင်း အသိပေးနှိုးဆော်ချက်

၁။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနသည် အရည်အသွေးစစ်မှန်ကောင်းမွန်ပြီး ဘေးဥပဒ် အန္တရာယ်ကင်းရှင်းကာ အကျိုးအာနိသင်ရှိသော တိုင်းရင်းဆေးဝါးများကို အများပြည်သူတို့ သုံးစွဲနိုင်ရန် စဉ်ဆက်မပြတ် စနစ်တကျ စစ်ဆေးလျက်ရှိပါသည်။

၂။ ယင်းသို့ စစ်ဆေးရာတွင် ဈေးကွက်အတွင်း ရောင်းချလျက်ရှိသော အောက်ဖော်ပြပါ တိုင်းရင်းဆေးဝါးများသည် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရသဖြင့် အရည်အသွေး၊ အာနိသင်၊ ဘေးအန္တရာယ်ကင်းရှင်းမှုကို အာမခံချက်မပေးနိုင်သောကြောင့် အများပြည်သူများသုံးစွဲရန် မသင့်လျော်ကြောင်း အသိပေးအပ်ပါသည်။

၃။ တိုင်းရင်းဆေးဝါး ထုတ်လုပ်ဖြန့်ဖြူးသည့် လုပ်ငန်းများနှင့် ဆေးဝါးရောင်းချသည့် ဆေးဆိုင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသော တိုင်းရင်းဆေးဝါးများ၊ ဆေးဝါးအတုများ၊ စံမညီ တိုင်းရင်းဆေးဝါးများ၊ အများပြည်သူသုံးစွဲရန် မသင့်ကြောင်း ကြေညာထားသည့် တိုင်းရင်းဆေးဝါးများအား တင်သွင်းဖြန့်ဖြူးရောင်းချခြင်းများကို ကျင့်ဝတ် (Ethic) အရ လုံးဝ(လုံးဝ) မပြုလုပ်ရန်နှင့် လိုက်နာဆောင်ရွက်ခြင်းမရှိပါက တိုင်းရင်းဆေးဝါး ဥပဒေပုဒ်မ (၃၁)၊ (၃၂) အရ တရားစွဲဆို အရေးယူမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

| စဉ် | အမှတ်တံဆိပ် | ဆေးအမည် | ဆေးဝါးပုံစံ | ဆေးထုပ်နမူနာ |
|---|---|---|---|---|
| ၁။ | နတ်သား | လေးဘက်နာဆေး | ဆေးမှုန့်/ထုပ် | (နတ်သားတံဆိပ်) လေးဘက်နာဆေး အကြောလက်၊ ထုံကျင်၊ လေငန်း၊ ဆီးကျင်၊ ဆီးနည်းခြင်း၊ အဆစ်၊ အမြစ် နာခြင်း၊ တုတ်ခြင်း၊ ခါးနာ၊ ဒူးနာခြင်းများ ၄င်းဆေးတို့ တစ်နေ့ ၁ ချိန် သောက်နိုင်သည်။ ဆေးညွှန်း - တစ်နေ့ (၁)ချိန် ၊ (၅) ရက်စာ |
| ၂။ | စံပြည့်ဖြိုး | ချောင်းဆိုးရင်ကျပ် သောက်ဆေး | ဆေးမှုန့်/ထုပ် |  |



နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဆင်ဖြူကျွန်းရိပ်သာကျောင်းတိုက်အတွင်း၌ တည်ထားကိုးကွယ်သည့် အောင်ဆုပန်စေတီတော်မြတ်ကြီးအား ထီးတော်တင်၊ အနေကဇာတင် မင်္ဂလာအခမ်းအနားကို ဧပြီ ၃၀ ရက်က စည်ကားသိုက်မြိုက်စွာ တင်လှူပူဇော်စဉ်။ ဟိန်းဇော်

## လပွတ္တာမြို့နယ် တရားရုံးသစ်အဆောက်အအုံဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာ အခမ်းအနားကျင်းပ

လပွတ္တာ မေ ၁

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့သစ်၌ မြို့နယ်တရားရုံးသစ် အဆောက်အအုံဆောက်လုပ်ရန် ပန္နက်တင်မင်္ဂလာအခမ်းအနားကို ဧပြီလ နောက်ဆုံးပတ်က ကျင်းပသည်။

ပန္နက်တင်အခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီးချုပ် ဦးမျိုးညွှန့်၊ ဧရာဝတီတိုင်းဒေသကြီး တရားလွှတ်တော်တရားသူကြီး ဦးဝင်းမြင့်၊ တိုင်းဒေသကြီးတရားရေးဦးစီးမှူးဒေါ်မြင့်ဗှာ၊ လပွတ္တာခရိုင် တရားသူကြီးဦးကျော်စိုးညွှန့်၊ လပွတ္တာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာများ၊ လပွတ္တာမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ တက်ရောက်ပြီး နေ့နံအလိုက် ပန္နက်တင်မင်္ဂလာပြုလုပ်သည်။

ထို့နောက် လပွတ္တာမြို့နယ် တရားရုံးသစ်အဆောက်အအုံ နှစ်ထပ် အာစီစီ ၁၈၀ x ၇၀ ပေနှင့် ဆက်စပ်လုပ်ငန်းများကို ခွင့်ပြုရန်ပုံငွေကျပ် ၁၆၄၆၈၀၀၀၀၀ ဖြင့် Royal Ayar Creative & Construction Co.,Ltd က တာဝန်ယူတည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# မြိတ်မြို့နယ်အတွင်းမှ ပရည်တောင်-ဝန်ဖို့တံတား တည်ဆောက်မှု ၈၅ ရာခိုင်နှုန်းခန့် ပြီးစီး

**မြိတ် မေ ၁**

ကျေးလက်နေပြည်သူများ လမ်းပန်းဆက်သွယ်ရေး လွယ်ကူမြန်ဆန် ချောမွေ့၍ အဆင်ပြေလုံခြုံမှုရှိစေရန်နှင့် လူမှုဘဝများ တိုးတက်မြင့်မားလာစေရန် ရည်ရွယ်လျက် တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ်အတွင်းရှိ သဘွတ်ကျေးရွာအုပ်စု ပရည်တောင်ကျေးရွာနှင့် ကျောက်ဖျာကျေးရွာအုပ်စု ဝန်ဖို့ကျေးရွာတို့ကြား ဆက်သွယ်ပေးမည့် ပရည်တောင်-ဝန်ဖို့ ဘေလီသံပေါင်တံတားကို တံတားအထူးအဖွဲ့(၉)က တည်ဆောက်လျက်ရှိရာ ယခုအခါ တံတားတည်ဆောက်မှုလုပ်ငန်းများ ၈၅ ရာခိုင်နှုန်းခန့် ပြီးစီးနေပြီဖြစ်ကြောင်း အဆိုပါတံတားစီမံကိန်းမှ တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သိရသည်။



ပရည်တောင်-ဝန်ဖို့ တံတား

### ရေတက် ရေကျချိန်မူတည်

ယင်းတံတား တည်ဆောက်နေသည့် ဝန်ဖို့ကျေးရွာသည် ရေပတ်လည်ဝန်းရံလျက်ရှိသော ကျွန်းငယ်တစ်ကျွန်းပေါ်၌ တည်ရှိကာ ရေလမ်းခရီး တစ်ခုတည်းကိုသာ အားကိုးအားထားပြုနေရကြောင်း၊ ရေလမ်းခရီးတစ်ခုတည်းသာ ရှိသော်လည်း အခြားကျေးရွာများကဲ့သို့ လှေဖြင့် အချိန်တိုင်း သွားလာ၍မရဘဲ ရေတက်ရေကျချိန်အပေါ် မူတည်၍သာ လှေများ သွားနိုင်ကြောင်း၊ ရေကျချိန်များတွင် ရွှံ့နွံများထဲမှ လမ်းလျှောက်ဖြတ်သန်း၍ သွားလာရသည့်အတွက် ကျောင်းသားကျောင်းသူများနှင့် ကျန်းမာရေးမကောင်းသူများအတွက် အခက်အခဲများ ကြုံတွေ့ကြရကြောင်း သိရသည်။

### ရာသီမရွေး သွားလာအဆင်ပြေ

"အရင်တုန်းက သွားလာရေး ခက်ခဲတယ်။ ကုန်းကြောင်းလည်းသွားမရ၊ ရေအတက်ရေအကျမှာ နုန်းမြေတွေကြောင့် လှေနဲ့ကူးလည်း မရဘူး။ ကျောင်းသားကျောင်းသူတွေ ရွှံ့နွံထဲမှာ သွားရတယ်။ အရေးပေါ်လူနာတွေနဲ့ ကိုယ်ဝန်သည်တွေဆိုရင် ရွှံ့နွံထဲမှာပဲ ချီပိုးပြီး သွားရတယ်။ အလွန်ပဲ ပင်ပန်းခက်ခဲခဲ့ပါတယ်။ အခုတံတားသစ်ကြီး တည်ဆောက်ပေးတော့ ဝမ်းသာပီတိဖြစ်ရတယ်။ ကျေးရွာအတွက်လည်း အိပ်မက်တစ်ခုလိုပါပဲ။ ဒီတံတားကြီး တည်ဆောက်ပြီးရင် ကျွန်တော်တို့ ဝန်ဖို့ကျေးရွာသူ ကျေးရွာသားတွေရဲ့ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေး လုပ်ငန်းတွေနဲ့ လူမှုရေးအတွက်ပါ အကျိုးပြုနိုင်မယ့်အပြင် တံငါလုပ်ငန်း၊ ငါးပိလုပ်ငန်း၊ လယ်ယာလုပ်ငန်းတွေအတွက်လည်း အထောက်အကူပြုလာနိုင်ပါမယ်။ ဒီတံတားကြီး ပြီးစီးသွားရင် ရာသီမရွေး သွားရေးလာရေး အဆင်ပြေလို့ ကျေးရွာနေပြည်သူတွေရဲ့ ဘဝတွေ တိုးတက်လာမှာပါ"ဟု ဝန်ဖို့ကျေးရွာမှ ရပ်မိရပ်ဖတစ်ဦးက ပြောသည်။

### ခွင့်ပြုတန်ချိန် ၃၃ တန်

အဆိုပါ တံတားသည် အရှည်ပေ ၉၀၀ ရှိကာ ပေ ၆၀ ရှိသော တံတားခန်းဖွင့် ၁၅ ခန်း ဖြစ်သည်။ တံတားအကျယ် ၂၂ ပေ၊ ယာဉ်သွားလမ်းအကျယ် ၁၃ ပေ ၉ လက်မဖြစ်ပြီး ရေအောက်ကင်းလွတ်နယ်အမြင့် နှစ်ပေ ဖြစ်သည်။ အချင်း ၀ ဒသမ ၈ မီတာ ဘိုးပိုင်အုတ်မြစ် သံကူကွန်ကရစ်ကိုယ်ထည် ဘေလီသံပေါင် အမျိုးအစားဖြစ်ကာ ခွင့်ပြုတန်ချိန်မှာ ၃၃တန် ဖြစ်သည်။ တံတားစီမံကိန်း လုပ်ငန်းများကို တနင်္သာရီတိုင်းဒေသကြီး ငွေလုံး ငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် တံတားအထူးအဖွဲ့(၉)က ၂၀၁၈ ခုနှစ် ဇူလိုင် ၁၄ ရက်မှ စတင်၍ ဆောင်ရွက်ကြောင်း သိရသည်။

ဝန်ဖို့ကျေးရွာ၌ အိမ်ခြေ ၁၈၀ ကျော်၊ လူဦးရေ ၁၁၆၈ ဦးရှိပြီး ရေလုပ်ငန်း၊ ငါးပိလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများဖြင့် အဓိက အသက်မွေးဝမ်းကျောင်းပြုကြကာ ကျန်းမာရေးအတွက် ဆေးရုံဆေးခန်း မရှိသဖြင့် အခြားကျေးရွာများရှိ ကျေးလက်ဆေးပေးခန်းများသို့ ရွှံ့နွံများကြားဖြတ်၍ လှေများဖြင့် သွားရောက်ပြသကုသနေရကြောင်း၊ ပညာရေးအတွက် အခြေခံပညာ မူလတန်းလွန်ကျောင်း တစ်ကျောင်းသာ ရှိသည့်အတွက် အထက်တန်းနှင့် တက္ကသိုလ်အဆင့် ကျောင်းသား ကျောင်းသူများအနေဖြင့် ရေလမ်းခရီးကို ဖြတ်သန်းကာ တစ်ဖက်ကမ်းရှိ ပရည်တောင်ကျေးရွာမှတစ်ဆင့် သဘွတ်ရွာ အခြေခံပညာ အထက်တန်းကျောင်းနှင့် မြို့ပေါ်ကျောင်းများသို့ သွားရောက် ပညာသင်ကြားနေကြရကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**

# နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် CDM လှုပ်ရှားမှုတွင် ပါဝင်သည့် ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-ကဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်

နေပြည်တော် မေ ၁

နိုင်ငံတော်၏ အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် နိုင်ငံ့ဝန်ထမ်းနှင့် ကျန်းမာရေးဝန်ထမ်းများအား CDM လှုပ်ရှားမှုများတွင် ပါဝင်လာစေရန် လှုံ့ဆော်ခြင်း၊ ၎င်းတို့ကိုယ်တိုင် CDM လှုပ်ရှားမှုများတွင် ပါဝင်လုပ်ဆောင်ခြင်း၊ CDM လှုပ်ရှားမှုအပေါ် ထောက်ခံအားပေးခြင်း၊ CRPH မတရားအသင်းအား ထောက်ခံအားပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိသည့် အောက်ဖော်ပြပါ ဆရာဝန်များအား ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် အမှုဖွင့်အရေးယူဆောင်ရွက်ထားပြီး ဖြစ်ပါသည်။

| စဉ် | အမည် | ဆေးရုံအမည် | နေရပ်လိပ်စာ | တရားစွဲဆိုထားသည့်ပုဒ်မ | ဓာတ်ပုံ |
|---|---|---|---|---|---|
| ၁ | ဒေါက်တာ စန်းလှိုင်မင်း (ပါမောက္ခ) | ရန်ကုန် မျက်စိရောဂါအထူးကု ဆေးရုံကြီး | သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၂ | ဒေါက်တာ မူယာသွေး (လ/ထ ကထိက) | ရန်ကုန် ဆေးတက္ကသိုလ်(၁) | လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၃ | ဒေါက်တာ စန္ဒာကျော် (အထူးကု) | ကျောက်မဲ ပြည်သူ့ဆေးရုံ | မုံရွာမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၄ | ဒေါက်တာ အောင်ငယ်ငယ်စိုး (လ/ထ ဆရာဝန်) | ပြည် ပြည်သူ့ဆေးရုံ | ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၅ | ဒေါက်တာ မျိုးဝင်းဌေး (လ/ထ ဆရာဝန်) | ရွှေဘို ပြည်သူ့ဆေးရုံ | ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၆ | ဒေါက်တာ အိမ်ကြီးမောင် (လ/ထ ဆရာဝန်) | ရွာရှည်(မ) တိုက်နယ်ဆေးရုံ | တန့်ဆည်မြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၇ | ဒေါက်တာ ဟိန်းဇော် (လ/ထ ဆရာဝန်) | ရွှေဘို ပြည်သူ့ဆေးရုံ | ရွှေဘိုမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး။ | ၅၀၅-က |  |
| ၈ | ဒေါက်တာ သိမ့်သိမ့်အေး (လ/ထ ဆရာဝန်) | ကျိုင်းတုံပြည်သူ့ ဆေးရုံ | ကျိုင်းတုံမြို့၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)။ | ၅၀၅-က |  |
| ၉ | ဒေါက်တာ ရဲဇာနည်ဝင်း (လ/ထ ဆရာဝန်) | ကော့ဘိန်း တိုက်နယ်ဆေးရုံ | ကော့ကရိတ်မြို့၊ ကရင်ပြည်နယ်။ | ၅၀၅-က |  |
| ၁၀ | ဒေါက်တာ စုစန္ဒာဝင်း (လ/ထ ဆရာဝန်) | ကော့ဘိန်း တိုက်နယ်ဆေးရုံ | ကော့ကရိတ်မြို့၊ ကရင်ပြည်နယ်။ | ၅၀၅-က |  |

ဖော်ပြပါ ဆရာဝန်များအနက် ကျိုင်းတုံပြည်သူ့ဆေးရုံမှ ဒေါက်တာ သိမ့်သိမ့်အေး (လ/ထ ဆရာဝန်) သည် "စေတနာ"ဆေးရုံ၌လည်းကောင်း၊ **(ကော့ဘိန်းတိုက်နယ်ဆေးရုံ)**မှ ဒေါက်တာ ရဲဇာနည်ဝင်း (လ/ထ ဆရာဝန်) နှင့် ဒေါက်တာ စုစန္ဒာဝင်း (လ/ထ ဆရာဝန်) တို့သည် (စိစစ်ဆဲ)ဆေးခန်း၌ လည်းကောင်း တာဝန်ကျရာ ဆေးရုံများတွင် ကုသခြင်းမပြုဘဲ CDM ပြုလုပ်၍ ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများတွင် သွားရောက်ကုသလျက်ရှိကြောင်း မှတ်တမ်းဓာတ်ပုံများနှင့်အတူ အောက်ပါအတိုင်း စိစစ်တွေ့ရှိရပါသည်။



ဒေါက်တာ သိမ့်သိမ့်အေး (လ/ထ ဆရာဝန်၊ ကျိုင်းတုံပြည်သူ့ဆေးရုံ) အား ဆေးကုသခွင့်ပေးထားသည့်"စေတနာ" ဆေးရုံမှတ်တမ်းဓာတ်ပုံ



ဒေါက်တာ သိမ့်သိမ့်အေး




ဒေါက်တာ ရဲဇာနည်ဝင်း နှင့် ဒေါက်တာ စုစန္ဒာဝင်း (လ/ထ ဆရာဝန်၊ ကော့ဘိန်းတိုက်နယ်ဆေးရုံ) တို့ဆေးကုသနေသည့် အမည်မရှိဆေးခန်းမှတ်တမ်းဓာတ်ပုံ





ဒေါက်တာ ရဲဇာနည်ဝင်း ဒေါက်တာ စုစန္ဒာဝင်း

အဆိုပါအမှုဖွင့်လှစ်ထားသော ဆရာဝန်များအား ဖမ်းဆီးရမိရေးဆောင်ရွက်လျက်ရှိရာ လက်ခံထားသူများအား တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည့်အပြင် ၎င်းတို့ကိုလက်ခံ၍ ဆေးကုသခွင့်ပေးထားသည့် ပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများကိုလည်း လုပ်ငန်းလိုင်စင်ပိတ်သိမ်းသွားမည်ဖြစ်ကြောင်း၊ ဆေးရုံ/ဆေးခန်းပိုင်ရှင်များကိုလည်း တရားဥပဒေအရ ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မည်သည့်ကျန်းမာရေးဝန်ထမ်းမဆို တာဝန်ကျရာ ဆေးရုံများ၌ CDM လှုပ်ရှားမှုတွင်ပါဝင်ကာ မူလတာဝန်များထမ်းဆောင်ခြင်းမရှိဘဲ အခြားပြင်ပပုဂ္ဂလိက ဆေးရုံ/ဆေးခန်းများသို့သွားရောက်၍ အခကြေးငွေရယူ ဆေးကုသခြင်း၊ ကူညီလုပ်ဆောင်ခြင်းများ ပြုလုပ်ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆရာဝန်များနှင့် ကျန်းမာရေးဝန်ထမ်းများအား လက်ခံထားသည့် ပုဂ္ဂလိက ဆေးရုံ/ ဆေးခန်းပိုင်ရှင်များအား CDM လှုပ်ရှားမှု၌ ပါဝင်သူများကို ထောက်ခံအားပေးခြင်းအရ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

သတင်းစဉ်

# လက်ရှိစည်းကြပ်ကောက်ခံလျက်ရှိသည့် အခွန်အကောက်အမျိုးအစားများ

## ပြည့်ဖြိုးအောင် (စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန)

မိမိတို့နိုင်ငံ၌ အများသိရှိထားပြီးဖြစ်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ-၁၀၀ (ခ)ပါ ပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့ကသာ ဥပဒေကြမ်းများရေးဆွဲ၍ ပြည်ထောင်စုလွှတ်တော်သို့ တိုက်ရိုက်တင်သွင်းပြီးနောက် ဆွေးနွေးအတည်ပြုချက်ရယူရသော ဥပဒေကြမ်း (၃) ခု ရှိပါသည်။ ယင်းတို့မှာ နိုင်ငံတော်၏ အမျိုးသားစီမံကိန်းဥပဒေကြမ်း၊ ပြည်ထောင်စု၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းနှင့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကြမ်းတို့ပင် ဖြစ်ကြပါသည်။ ယင်းဥပဒေကြမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ကိုယ်စား စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ သတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံဆောင်ရွက်လျက်ရှိပြီး နှစ်စဉ် ပြည်ထောင်စုလွှတ်တော်သို့ အဆိုပြုပေးပို့၍ စိစစ်ဆွေးနွေးမှုများ ပြုလုပ်ကာ ဘဏ္ဍာရေးနှစ်တစ်နှစ် မစတင်မီ အတည်ပြုပြဋ္ဌာန်းထုတ်ပြန်လေ့ရှိပါသည်။ ၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် ၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေကို ပြည်ထောင်စုလွှတ်တော်က ၂-၉-၂၀၂၀ ရက်နေ့တွင် အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။

**လက်ရှိကောက်ခံလျက်ရှိသည့် အခွန်အကောက်အမျိုးအစားများ**

လက်ရှိအချိန်တွင် နိုင်ငံတော်မှ အခွန်အကောက်အမျိုးအစား (၂၂) မျိုးကို စည်းကြပ် ကောက်ခံလျက်ရှိပါသည်။ ယင်းအခွန်အကောက်များကို အုပ်စု (၄) မျိုးခွဲခြား၍ နားလည်သဘောပေါက်နိုင်ပါသည်။ (က) ပြည်တွင်းထွက်ကုန်နှင့် ပြည်သူပြည်သားများ သုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက် (၉) မျိုး၊ (ခ) ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ်ကောက်ခံသည့် အခွန်အကောက် (၁) မျိုး၊ (ဂ) အကောက်ခွန် (၁) မျိုးနှင့် (ဃ) နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ် ကောက်ခံသည့် အခွန်အကောက် (၁၁) မျိုးရှိသည်ကို တွေ့မြင်သိရှိနိုင်ပါသည်။ အဆိုပါ စည်းကြပ်ကောက်ခံလျက်ရှိသည့် အခွန်အကောက်အမျိုးအစား (၂၂) မျိုးမှာ-

**(က) ပြည်တွင်းထွက်ကုန်များနှင့် ပြည်သူပြည်သားများ၏ သုံးစွဲမှုအပေါ်ကောက်ခံသည့် အခွန်အကောက်**

(၁) ယစ်မျိုးခွန်
(၂) ကုန်သွယ်လုပ်ငန်းခွန်
(၃) သွင်းကုန်အတွက် လိုင်စင်ကြေး၊ ပါမစ်ကြေးများ
(၄) မြန်မာနိုင်ငံ အောင်ဘာလေသိန်းဆု
(၅) မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင် ဆိုင်ရာ အခငွေများ
(၆) ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်
(၇) ခရီးလှည့်လည်ရေးလိုင်စင်၊ ဟိုတယ်နှင့်တည်းခိုရိပ်သာ လိုင်စင်၊ ဧည့်လမ်းညွှန်လုပ်ငန်း လိုင်စင်များအတွက် လိုင်စင်ကြေး
(၈) အထူးကုန်စည်ခွန်
(၉) ရတနာခွန်

**(ခ) ဝင်ငွေနှင့် ပိုင်ဆိုင်မှုအပေါ်ကောက်ခံသည့်အခွန်အကောက်**

(၁၀) ဝင်ငွေခွန်

**(ဂ) အကောက်ခွန်**

(၁၁) အကောက်ခွန်

**(ဃ) နိုင်ငံပိုင်သယံဇာတများ ထုတ်ယူသုံးစွဲမှုအပေါ်ကောက်ခံသည့် အခွန်အကောက်**

(၁၂) မြေယာပေါ်တွင်ကောက်ခံသည့် အခွန်
(၁၃) ရေခွန်
(၁၄) တာတမံခွန်
(၁၅) သစ်တောများမှ ပစ္စည်းများ ထုတ်ယူသည့်အတွက် ကောက်ခံသည့်သစ်တောခွန်
(၁၆) ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်း၊ တွင်းထွက်နှင့် အလှဆင်ကျောက်များမပါ)
(၁၇) ငါးလုပ်ငန်းဆိုင်ရာ အခွန်အခ
(၁၈) ရေနံနှင့် သဘာဝဓာတ်ငွေ့ ထုတ်ယူသည့်အတွက် ကောက်ခံသည့်အခွန်
(၁၉) ဓာတ်သတ္တုခွန်နှင့် တွင်းဝခွန်
(၂၀) ဆက်သွယ်ရေး ဝန်ဆောင်မှု လုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ
(၂၁) ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အားထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ
(၂၂) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ကိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံရရှိသည့်အခွန်

**တာဝန်ယူ၍ စည်းကြပ်ကောက်ခံလျက်ရှိသည့် ဝန်ကြီးဌာနများ**

အထက်ဖော်ပြပါ အခွန်အကောက်အမျိုးအစား (၂၂) မျိုးကို ပြည်ထောင်စုဝန်ကြီးဌာန (၈)ခုနှင့် နေပြည်တော်ကောင်စီမှ တာဝန်ခွဲဝေ၍ စည်းကြပ်ကောက်ခံလျက်ရှိသည်ကို တွေ့ရှိရမည်ဖြစ်ပြီး အဆိုပါ ဝန်ကြီးဌာနများနှင့် ယင်းတို့မှ တာဝန်ယူကောက်ခံရသည့် အခွန်အခများမှာ အောက်ပါတို့ ဖြစ်ကြပါသည်-

| စဉ် | အမည် | စည်းကြပ်ကောက်ခံလျက်ရှိသည့် အခွန်အကောက်အမျိုးအစားများ |
|---|---|---|
| (က) | ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန | (၁) ယစ်မျိုးခွန်၊ (၂) မြေယာပေါ်တွင်ကောက်ခံသည့် အခွန်၊ (၃) တာတမံခွန်၊ (၄) ဓာတ်သတ္တုပစ္စည်းများထုတ်ယူသည့်အတွက်ကောက်ခံသည့်အခွန် (စက်မှုကုန်ကြမ်း၊ တွင်းထွက်နှင့် အလှဆင်ကျောက်များမပါ) |
| (ခ) | နေပြည်တော်ကောင်စီ | (၁) ရေခွန် |
| (ဂ) | စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန | (၁) ကုန်သွယ်လုပ်ငန်းခွန်၊ (၂) မြန်မာနိုင်ငံအောင်ဘာလေသိန်းဆု၊ (၃) ရုံးခွန်နှင့် တံဆိပ်ခေါင်းခွန်၊ (၄) အထူးကုန်စည်ခွန်၊ (၅) ရတနာခွန်၊ (၆) ဝင်ငွေခွန် ၊ (၇) အကောက်ခွန် |
| (ဃ) | စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန | (၁) သွင်းကုန်အတွက် လိုင်စင်ကြေး၊ ပါမစ်ကြေးများ |
| (င) | ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန | (၁) မော်တော်ယာဉ်၊ ယာဉ်မောင်းလိုင်စင်၊ လုပ်ငန်းလိုင်စင်ဆိုင်ရာ အခငွေများ ၊ (၂) ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်ခြင်းကြောင့် ကောက်ခံသည့် အခွန်အခ |
| (စ) | ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန | (၁) ခရီးလှည့်လည်ရေးလိုင်စင်၊ ဟိုတယ်နှင့်၊ တည်းခိုရိပ်သာလိုင်စင်၊ ဧည့်လမ်းညွှန်လုပ်ငန်းလိုင်စင်များအတွက် လိုင်စင်ကြေး |
| (ဆ) | သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန | (၁) သစ်တောများမှ ပစ္စည်းများထုတ်ယူသည့်အတွက် ကောက်ခံသည့် သစ်တောခွန်၊ (၂) ဓာတ်သတ္တုခွန်နှင့် တွင်းဝခွန် |
| (ဇ) | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန | (၁) ငါးလုပ်ငန်းဆိုင်ရာအခွန်အခ၊ (၂) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများလုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ရရှိသူများထံမှ ကောက်ခံရရှိသည့် အခွန် |
| (ဈ) | လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန | (၁) ရေနံနှင့် သဘာဝဓာတ်ငွေ့ထုတ်ယူသည့်အတွက် ကောက်ခံသည့် အခွန်အခ (၂) ရေအားအရင်းအမြစ်မှ လျှပ်စစ်ဓာတ်အား ထုတ်ယူသည့်အတွက် အခမဲ့ရရှိသည့် ဓာတ်အားခ |

၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အခွန်အကောက်အမျိုးအစား အားလုံးအပေါ် ခန့်မှန်းခြေအားဖြင့် ငွေကျပ် ၈၆၁၅ ဘီလီယံကျော် ကောက်ခံရရှိမည်ဟု လျာထားသည်ကို တွေ့မြင်နိုင်ပါသည်။ မိမိတို့နိုင်ငံတွင် ရငွေများ၏စုစုပေါင်းကို ပိုင်းခြားကြည့်မည်ဆိုလျှင် အခွန်အကောက် ရငွေသည် **၃၁.၃၆%** ရှိသည့်အတွက် ဒုတိယအများဆုံး ဖြစ်ပါသည်။ စည်းကြပ်ကောက်ခံရရှိသည့် အခွန်အကောက်ရငွေများ အားလုံးသည် နိုင်ငံတော်၏ဘဏ္ဍာရန်ပုံငွေများအဖြစ်သို့ ဝင်ရောက်ပြီး နိုင်ငံတော်အစိုးရ၏ ဘဏ္ဍာရေးကော်မရှင်မှ ရငွေ၊ သုံးငွေများကို စနစ်တကျစိစစ်ပြီး မိမိတို့နိုင်ငံ၏ အရေးပါသည့် ကဏ္ဍများဖြစ်ကြသည့် ကာကွယ်ရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အစရှိသည်တို့တွင် စနစ်တကျ ပွင့်လင်းမြင်သာမှုရှိစွာ ခွဲဝေ၍ အကျိုးရှိရှိ အသုံးပြုလျက်ရှိသည်ကို သိမြင်နိုင်ပါသည်။ နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပုဒ်မ (၃၈၉) နှင့်အညီ မိမိတို့နိုင်ငံသားတိုင်းသည် ဥပဒေအရပေးဆောင်ရမည့် အခွန်အကောက်များကိုပေးဆောင်ရန် တာဝန်ရှိသည်ဟု ဖော်ပြပါရှိပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတော်မှ နှစ်စဉ်အတည်ပြု ပြဋ္ဌာန်းလျက်ရှိသည့် ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေဆိုင်ရာပြဋ္ဌာန်းချက်များ၊ မိမိတို့နိုင်ငံမှ လက်ရှိကောက်ခံလျက်ရှိသည့် အခွန်အကောက်အမျိုးအစားများအား အလွယ်တကူသိရှိနားလည် ထားခြင်းအားဖြင့် မိမိတို့သည် နိုင်ငံတော်အတွက် မည်သည့်အခွန် အကောက် အမျိုးအစားကို ပေးဆောင်လျက်ရှိကြောင်း၊ မည်သည့်ဝန်ကြီးဌာနအဖွဲ့အစည်းများမှ မည်ကဲ့သို့သော အခွန်အကောက် အမျိုးအစားများကို တာဝန်ယူ၍ စည်းကြပ်ကောက်ခံလျက်ရှိကြောင်းနှင့် မည်ကဲ့သို့ ပြန်လည်ခွဲဝေအသုံးပြုသည်ကို ရှင်းလင်းလွယ်ကူစွာဖြင့် ပိုမိုနားလည်သဘောပေါက်လိမ့်မည်ဟု မျှော်မှန်းချက်ဖြင့် ဗဟုသုတရရှိစေရန် အလို့ငှာ တင်ပြလိုက်ရပါသည်။

**ရည်ညွှန်း -** **နိုင်ငံတော်၏ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)**
**၂၀၂၀ ပြည့်နှစ်၊ ပြည်ထောင်စု၏ အခွန်အကောက်ဥပဒေ**
**Citizen's Budget**

> ❒ **၂၀၂၀-၂၀၂၁ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အခွန်အကောက်အမျိုးအစား အားလုံးအပေါ် ခန့်မှန်းခြေအားဖြင့် ငွေကျပ် ၈၆၁၅ ဘီလီယံကျော် ကောက်ခံရရှိမည်ဟု လျာထားသည်ကို တွေ့မြင်နိုင်**
>
> ❒ **မိမိတို့ နိုင်ငံတွင် ရငွေများ၏ စုစုပေါင်းကို ပိုင်းခြားကြည့်မည်ဆိုလျှင် အခွန်အကောက် ရငွေသည် ၃၁.၃၆% ရှိသည့်အတွက် ဒုတိယအများဆုံးဖြစ်**

# မြို့နယ်အချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင်အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများကို လက်ဝယ်ထားရှိသူများနှင့်အတူ ဆက်လက်ဖော်ထုတ်ဖမ်းဆီး

နေပြည်တော် မေ ၁

**လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများအားပြုလုပ်သူ၊ လက်ဝယ်ထားရှိသူများအား ဆက်လက်ဖော်ထုတ် ဖမ်းဆီးလျက်ရှိသည်။**

ထိုသို့ ဆောင်ရွက်ခဲ့ရာတွင် ၂၀၂၁ ခုနှစ် ဧပြီ ၃၀ ရက်နှင့် ယနေ့တို့တွင် မြဝတီမြို့ အမှတ်(၄)ရပ်ကွက် ဆေးရုံလမ်းရှိ MIXUE ရေခဲမုန့်ဆိုင်အနီး၌ ဆူပူအကြမ်းဖက်မှုများတွင် ပါဝင်ခဲ့သည့် မဖြိုးစန္ဒာဦး (ဘ) ဦးကိုဦးနှင့် မသူဇာထွေး (ဘ) ဦးမြင့်သန်းတို့အားလည်းကောင်း၊ ပုလော မြို့နယ် ပလောက်မြို့နေထိုင်သူ တစ်ဦးအား အကြမ်းဖက်မှုများ လုပ်ဆောင်ခဲ့သည့် ပြည့်ဖြိုးအောင် (ဘ) ဦးသော်ဇင်နိုင်၊ မအေးအေးမူ (ဘ) ဦးဖိုးတီး၊ အောင်ကျော်စိုး(ဘ)ဦးမြတ်ထွေးနှင့် အေးနိုင်(ဘ)ဦးလှထွန်းရီတို့ လေးဦးအား ၎င်းတို့၏နေအိမ်များ အသီးသီး၌လည်းကောင်း၊ CDM လှုပ်ရှားမှုများအား သွေးထိုးလှုံ့ဆော်သူ တံတားမြို့ ကျွန်းတောရပ်ကွက်ရှိ ပြည်မိုး(ဘ)ဦးစိုးခိုင်အား ၎င်း၏နေအိမ်၌ လည်းကောင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် (၁၂၅)ရပ်ကွက် မြခေမာလမ်း၊ အိမ်အမှတ်(၄၃၆)ရှိ ယခင်မြို့နယ်အုပ်ချုပ်ရေးမှူးဟောင်းဖြစ်သူ ဦးစိုးမြင့်နေအိမ်၌ ဆူပူအကြမ်းဖက်မှုတွင်အသုံးပြုသည့် ပစ္စည်းများအား လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် မြို့မ (၄) ရပ်ကွက်နေ မျိုးဇော်ထွန်း (၄၀ နှစ်) (ဘ) ဦးတင်မောင်ဝင်း၏ နေအိမ်အား သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်းမှ မျိုးဇော်ထွန်းအား ယမ်းမှုန့်များထည့်ထားသည့် ထမင်းပေါင်းအိုး နှစ်လုံး၊ အင်ဂျင်ဝိုင်ဘူး ရှစ်ဘူး၊ သတ္တုကိုယ်ထည်လက်လုပ်မိုင်း နှစ်လုံး၊ အခြားဆက်စပ် ပစ္စည်းများနှင့် လည်းကောင်း ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။




ဖြိုးဇော်(ခ) အရှည်ကြီး၊ ကောင်းဆက်သူ၊ နိုင်လင်းထက်(ခ)ဝွေးယား၊ ကျော်မျိုးအောင်(ခ)ကောင်းမြတ်စိုး၊ ဝင်းထွဋ်(ခ) ရမ်ဇန်အလီ၊ ရဲထက်ထွန်း(ခ) ရဲထက်တို့ကို အကြမ်းဖက်ရာတွင် အသုံးပြုသည့် ဆက်စပ်ပစ္စည်းများနှင့်အတူ တွေ့ရစဉ်။

### ဖမ်းဆီးရမိ

အလားတူ မေ ၁ ရက်နေ့ နံနက် ၅ နာရီ ၅ မိနစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး ထီးချိုင့်မြို့နယ် ကြက်သွန်ခင်းကျေးရွာနေ စိုးမင်းအောင် (၄၅ နှစ်) (ဘ) ဦးအောင်ဝင်း၏ နေအိမ်အား သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်းမှ စိုးမင်းအောင်အား ဆူပူအကြမ်းဖက်မှုများတွင် အသုံးပြုသည့် ဒူးလေး နှစ်လက်၊ ဒူးလေးကိုယ်ထည် တစ်ခု၊ စတီးပြောင်း နှစ်ခု၊ ဓားရှည် တစ်ချောင်း၊ အခြား ဆက်စပ်ပစ္စည်းများနှင့် အတူ ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

### တွေ့ရှိသိမ်းဆည်း

အလားတူ နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် ရွှေလင်ပန်းကျေးရွာ၊ တော်ဝင်နှင်းဆီအိမ်ရာ၊ အခန်းအမှတ် (၁၁၁)ကို သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝင်ရောက်ရှာဖွေခဲ့ရာ အဆိုပါအခန်းအတွင်းမှ ရဲထက်ထွန်း(ခ) ရဲထွန်း (၂၁ နှစ်) (ဘ) ဦးထွန်းထွန်းလတ်ပါ အမျိုးသားခြောက်ဦးအားတွေ့ရှိရသဖြင့် ထိန်းသိမ်းခဲ့ပြီး အခန်းအတွင်း ဆက်လက်ရှာဖွေခဲ့ရာ ဆူပူအကြမ်းဖက်မှု လုပ်ရပ်များတွင် အသုံးပြုသည့် ဒူး၊ တံတောင်ကာ တစ်စုံ၊ ကျည်ကာအင်္ကျီ နှစ်ထည်၊ ဓား နှစ်ချောင်း၊ စကားပြောစက် တစ်လုံး၊ နိုင်ငံတော်ဆန့်ကျင်ရေး စာသားများပါ စာရွက် ၁၅၀၊ H.R.D.F စာတန်းပါ စတေကာ ၆၅ ခုနှင့် အခြားဆက်စပ်ပစ္စည်းများကိုလည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီး မြကန်သာ ရပ်ကွက် ကျွန်းတောလမ်းရှိ ပညာရေးဒီဂရီကောလိပ် ဆိုင်းဘုတ်၌ သွေးထိုးလှုံ့ဆော်စာများ လိုက်လံကပ်ခြင်း၊ ဆူပူအကြမ်းဖက်မှုများတွင် ကိုယ်တိုင်ပါဝင်ခဲ့သူများဖြစ်သည့် ဇော်လင်းမြင့် (ခ) မင်းခန့်(ဘ) ဦးခင်မောင်သောင်းနှင့် ကျော်ထူး (ဘ) ဦးကျွပ်ခွေတို့အား မြောင်းမြမြို့နယ် ဘုရားငုတ်တိုကျေးရွာ မြောင်းမြ-ကုန်းသာကားလမ်းပေါ်၌ လည်းကောင်း၊ မိုးကုတ်မြို့ ကျပ်ပြင်ဈေးရှိ ပတ္တမြားရတနာခန်းမအတွင်း၌ တရားမဝင်ဖွင့်လှစ်ထားသည့် ဆေးခန်းအတွင်းမှ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် ပစ္စည်းများ၊ ဆက်စပ်ပစ္စည်းများကို လည်းကောင်း၊ မိတ္ထီလာမြို့ စက်မှုဇုန်(၃)လမ်းရှိ လူနေထိုင်ခြင်းမရှိသည့် အိမ်အတွင်းမှ လက်လုပ်သေနတ် တစ်လက်နှင့် အခြား ဆက်စပ်ပစ္စည်းများကို လည်းကောင်း တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အထက်ပါဖြစ်စဉ်များမှ ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများကို လက်ဝယ်ထားရှိသူများနှင့် သိုဝှက်သိမ်းဆည်းထားရှိသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြို့နယ်အချို့၌ ဆူပူဆန္ဒပြမှုများအား ဖြိုခွဲထိန်းသိမ်းခြင်းနှင့် နိုင်ငံတော်ဆန့်ကျင်ရေးစာသားပါ စာရွက်များနှင့်အတူ တွေ့ရှိသူများအားဖမ်းဆီး

**နေပြည်တော် မေ ၁**

နိုင်ငံတော်အတွင်း ဆူပူအုံကြွမှုများဖြစ်ပေါ်စေရေးအတွက် နောက်ကွယ်မှ သွေးထိုးလှုံ့ဆော် နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိသကဲ့သို့ အဖျက်အမှောင့် ဆောင်ရွက်လိုသူအချို့မှလည်း နိုင်ငံတော်ဆန့်ကျင်ရေးစာသားများအား အများပြည်သူသုံးလမ်းမကြီးများ၊ နိုင်ငံတော်ပိုင်နှင့် အများပြည်သူပိုင် အဆောက်အအုံများပေါ်တွင် ရေးသားခြင်း၊ ဆန့်ကျင်ရေးစာသားပါ ဗီနိုင်းစများ၊ ပိုစတာများ၊ စာရွက်များကို ချိတ်ဆွဲခြင်း၊ လမ်းများပေါ်တွင် ဖြန့်ကြဲခြင်းတို့ဖြင့် နိုင်ငံတော်အတွင်း မတည်မငြိမ်ဖြစ်စေရန် ရည်ရွယ်ချက်ရှိရှိဖြင့် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရှိရပါသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နိုင်ငံတော်တည်ငြိမ်ရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးအတွက် ဆူပူဆန္ဒပြမှုများနှင့် အကြမ်းဖက်မှုဖြစ်စဉ်များကို ဥပဒေနှင့်အညီ ဖြိုခွဲထိန်းသိမ်းလျက်ရှိသကဲ့သို့ ဆန့်ကျင်စာ၊ လှုံ့ဆော်စာ၊ ရေးသားလှုံ့ဆော်ဖြန့်ဝေသူများကိုလည်း နိုင်ငံတော်တည်ငြိမ်ရေးအတွက်ရှေးရှုကာ ဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်း ဆောင်ရွက်လျက်ရှိသည်။

### သိမ်းဆည်းရမိ

ထိုသို့ဆောင်ရွက်ခဲ့ရာ ၂၀၂၁ ခုနှစ်၊ မေလ ၁ ရက်နေ့ နံနက် ၃ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် အမှတ်(၂)ရပ်ကွက်နေ စိုးဝင်း (၅၄ နှစ်) (ဘ) ဦးဖိုးတော၏ နေအိမ်ကို သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ၎င်းအား တွေ့ရှိရသဖြင့် ထိန်းသိမ်းခဲ့ပြီး ဆက်လက်ရှာဖွေခဲ့ရာ နေအိမ်အတွင်းမှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အမှတ်တံဆိပ်ပါ မြောက်ဥက္ကလာပမြို့နယ် အမှတ်(၂)ရပ်ကွက် မဲဆန္ဒရှင်စာရင်းစာရွက် ၁၂၉ ရွက်၊ Hand Speaker နှစ်ခု၊ စပရေးဘူး သုံးဘူး၊ နိုင်ငံတော်ဆန့်ကျင်ရေးစာသားများပါ စာရွက် နှစ်ရွက်၊ လက်ကိုင်ဆိုင်းဘုတ်ပြုလုပ်ရာတွင် အသုံးပြုသည့် ဝါးချောင်း ၁၅၀ နှင့် အခြား ဆက်စပ်ပစ္စည်းများကို တွေ့ရှိသိမ်းဆည်းရမိခဲ့သည်။

အလားတူ နံနက် ၈ နာရီတွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ အောင်ဇေယျရပ်ကွက်၌ လူစုလူဝေးအင်အား ၃၅ ဦးခန့်သည် စုဝေး၍ ရတနာမာန်အောင်ရပ်ကွက်မှတစ်ဆင့် ရေစဉ်ကြီးဘက်သို့ လမ်းလျှောက်ဆန္ဒပြနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လူစုခွဲနိုင်ရေး ဥပဒေနှင့်အညီ ညှိနှိုင်းမှုပြုလုပ်ခဲ့ရာ နံနက် ၈ နာရီ ၄၅ မိနစ်တွင် ဈေးအရှေ့ပြင်ရပ်ကွက် ဘူတာရုံအရှေ့အရောက်၌ လူစုကွဲသွားခဲ့ကြောင်း သိရသည်။



စိုးဝင်းကို နိုင်ငံတော်ဆန့်ကျင်ရေးစာသားပါ စာရွက်များနှင့်အတူ တွေ့ရစဉ်။

### လူစုခွဲရှင်းလင်း

အလားတူ နံနက် ၁၀ နာရီတွင် ပဲခူးတိုင်းဒေသကြီး ပဲခူးမြို့ ကျိုက်ပေါက်ကျေးရွာအတွင်း လူစုလူဝေးအင်အား ၅၀ ခန့် ဆူပူအကြမ်းဖက်ဆန္ဒပြနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်၍ လူစုခွဲရှင်းလင်းခဲ့ရာ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် လူစုကွဲသွားခဲ့ပြီး အဆိုပါလူအုပ်စုအတွင်းမှ ပဲခူးမြို့ မဟာစေတီ ရပ်ကွက်နေ သန်းထွဋ်အောင် (၂၁ နှစ်) (ဘ) ဦးစိန်ဝင်းပါ အမျိုးသား သုံးဦးနှင့် အမျိုးသမီး တစ်ဦးတို့အား ဖမ်းဆီးထိန်းသိမ်းခဲ့ကြောင်း သိရသည်။

အထက်ပါဖြစ်စဉ်များမှ ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၁

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

မိုး/ဇလ

# ဆူပူအကြမ်းဖက်သူ လူအုပ်စုများအနေဖြင့် အကြမ်းဖက်ဖျက်ဆီးမှုလုပ်ရပ်များအား လုပ်ဆောင်ခဲ့

နေပြည်တော် မေ ၁

**ဆူပူအကြမ်းဖက်သူလူအုပ်စုများအနေဖြင့် နိုင်ငံတော်ပိုင်အဆောက်အအုံများ၊ အေးချမ်းစွာနေထိုင်လိုသော ပြည်သူလူထုအချို့၏ နေအိမ်များ၊ အများပြည်သူ သွားလာလှုပ်ရှားနေသော လမ်းမကြီးများပေါ်တွင် လက်လုပ်ဗုံးများ ပစ်ဖောက်ခြင်း၊ ထောင်ထားခြင်းများအား လုပ်ဆောင်လျက်ရှိသည်။**





ထိုသို့လုပ်ဆောင်ရာတွင် ဧပြီ ၃၀ ရက် မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က ရန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၁)ရပ်ကွက် မေတ္တာလမ်းတွင် လုံခြုံရေးဆောင်ရွက်နေသည့် လုံခြုံရေးတပ်ဖွဲ့မော်တော်ယာဉ်ကို မေတ္တာလမ်း အတိုင်း မောင်းနှင်လာသော ယာဉ်အမှတ်(စိစစ်ဆဲ) Caldina အနက်ရောင်ယာဉ်ပေါ်မှ လက်ပစ်ဗုံး အမျိုးအစား (စိစစ်ဆဲ)ဖြင့် ပစ်ပေါက်၍ မောင်းနှင်ထွက်ပြေးသွားခဲ့ရာ ပေါက်ကွဲခြင်း မရှိသဖြင့် စစ်မြေပြင်အင်ဂျင်နီယာတပ်ရင်းမှ တပ်ဖွဲ့ဝင်များက စနစ်တကျ ဖောက်ခွဲဖျက်ဆီးခဲ့ကြောင်း သိရှိရသည်။

အလားတူ မွန်းလွဲ ၃ နာရီခွဲတွင် ဒဂုံမြို့သစ် (အရှေ့ပိုင်း)မြို့နယ် အမှတ်(၁၅၆)ရပ်ကွက် မင်းရဲကျော်စွာလမ်းနှင့် မောရဝတီလမ်းထောင့်ရှိ ဒဂုံအရှေ့မြို့မရဲစခန်းကို ဆိုင်ကယ်စီးနင်းလာသော အကြမ်းဖက်သူ အမျိုးသားနှစ်ဦးက လက်လုပ်ဗုံး တစ်လုံးဖြင့် ပစ်ပေါက်ထွက်ပြေးခဲ့ရာ အဆိုပါ လက်လုပ်ဗုံးမှာ ရဲစခန်း၏ တောင်ဘက် ပေ ၂၀ ခန့် အကွာတွင် ကျရောက်ပေါက်ကွဲခဲ့ပြီး ဒေါ်တင်တင်ဝင်း(၄၉ နှစ် )(ဘ)ဦးသောကြာအောင်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ဆေးဝါးကုသမှုခံယူနိုင်ရေး မြောက်ဥက္ကလာပဆေးရုံသို့ ပို့ဆောင်ထားရှိကြောင်း သိရသည်။

ထို့အတူ ညနေ ၄ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အမှတ် (၁)ရပ်ကွက် သမိုင်းဘူတာ ခုံးကျော်တံတားအောက်ရှိ အမှတ်(၁) ရပ်ကွက်၊ ရပ်ကွက်စီမံအုပ်ချုပ်ရေး အဖွဲ့ရုံးကို လည်းကောင်း၊ ည ၇ နာရီခွဲတွင် ခရမ်းမြို့နယ် အမှတ်(၂) ရပ်ကွက် နမ့်ဆန်လမ်းရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးကို လည်းကောင်း၊ နံနက် ၅ နာရီ ၂၅ မိနစ်တွင် တောင်ဥက္ကလာပမြို့နယ် အမှတ် (၁၀) ရပ်ကွက်နေ ဦးမင်းထွဋ် (၄၁ နှစ်)(ဘ) ဦးစိန်ထွဋ်၏ နေအိမ်နှင့်တွဲ၍ ဖွင့်ထားသော "ကောင်းထက်ကျော်" လက်ဖက်ရည်ဆိုင်အနီးကို လည်းကောင်း၊ နံနက် ၅ နာရီ ၄၅ မိနစ်တွင် တောင်ဥက္ကလာပမြို့နယ် အမှတ်(၁၀) ရပ်ကွက် ဇေယျာ(၈)လမ်း၌ ရပ်တန့်ထားသော ဦးသိန်းထွန်းဦး (၅၃ နှစ်) (ဘ) ဦးသိန်းဝင်း ပိုင်ဆိုင်သော 9Q-xxxx Suzuki Ciaz မော်တော်ယာဉ်ကို လည်းကောင်း၊ နံနက် ၈ နာရီ ၁ မိနစ်တွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် ဘုရင့်နောင်လမ်းနှင့် လေးထောင့်ကန်လမ်းထောင့်ရှိ မီးပွိုင့်အချက်ပြမီး ထိန်းချုပ်ရေး အဆောက်အအုံ၌ လည်းကောင်း **(အပေါ်ယာပုံ)**၊ နံနက် ၈ နာရီ မိနစ် ၄၀ တွင် သဃ်္ဃန်းကျွန်းမြို့နယ် (ဓ)မြောက်ရပ်ကွက် ပြည်သာယာလမ်းရှိ အမှတ် (၂) အခြေခံပညာ အထက်တန်းကျောင်းကို လည်းကောင်း ဆူပူအကြမ်းဖက်သူများက လက်လုပ်ဗုံးများ၊ လက်လုပ်မိုင်းများဖြင့် ပစ်ပေါက်ခဲ့ရာ နေအိမ်၊ ရုံးအဆောက်အအုံများ၊ မော်တော်ယာဉ်များအနည်းငယ် ထိခိုက်ပျက်စီးခဲ့သည်။

ထို့အတူ ယနေ့မွန်းလွဲ ၁ နာရီ ၁၅ မိနစ်တွင် ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ် (၅)ရပ်ကွက် စက်မှု(၁)လမ်း လမ်းလယ်ကျွန်းပေါ်၌ ပေါက်ကွဲမှုဖြစ်ပွားကြောင်း သတင်းအရ လုံခြုံရေး တပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးခဲ့ရာ အဆိုပါ လမ်းလယ်ကျွန်းပေါ်မှပေါက်ကွဲထားသည့် လက်လုပ်ဗုံးများမှ သံဘောစေ့များနှင့် မပေါက်ကွဲသေးသည့် ပလတ်စတစ်ဘူးဖြင့် ပြုလုပ်ထားသော လက်လုပ်မိုင်းနှစ်လုံးတို့ကို တွေ့ရှိခဲ့ရ၍ သက်မဲ့ပြုလုပ် သိမ်းဆည်းခဲ့ကြောင်းနှင့် ပေါက်ကွဲမှုကြောင့် အခင်းဖြစ်နေရာအနီးရှိနေသူ အမျိုးသမီးတစ်ဦးတွင် ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် ဆေးဝါးကုသမှုခံယူနိုင်ရေး တပ်မတော်ဆေးရုံသို့ ပို့ဆောင် ဆေးကုသမှုခံယူစေခဲ့သည်။

ထို့အတူ ဧပြီ ၃၀ ရက် ညနေ ၄ နာရီ ၁၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် မြို့သစ်(၂)ရပ်ကွက်နေ ဦးသိန်းကျော်(၆၂ နှစ်) (ဘ) ဦးဝင်းအောင်၏ နေအိမ်ကို လည်းကောင်း၊ ည ၆ နာရီ ၅၅ မိနစ်တွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ လယ်ဝေးမြို့ အမှတ်(၇)ရပ်ကွက်ရှိ အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးကို လည်းကောင်း၊ ယနေ့နံနက်၄ နာရီခွဲတွင် မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် အမှတ်(၄)ရပ်ကွက်ရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးမျိုးဝင်း၏ နေအိမ်ကို လည်းကောင်း၊ နံနက် ၁၁ နာရီခွဲတွင် ချမ်းမြသာစည်မြို့နယ် မြို့သစ်(၄) ရပ်ကွက် ၆၄ လမ်း ၁၁၁ လမ်းနှင့် ၁၁၃ လမ်းကြားရှိ ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံးအား လည်းကောင်း၊ မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင် မိတ္ထီလာမြို့ နန်းတော်ကုန်းရပ်ကွက် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းကို လည်းကောင်း၊ မွန်းလွဲ ၁ နာရီ ၅၅ မိနစ်တွင် ဗဟန်းမြို့နယ် အလယ်ရွှေဂုံတိုင်ရပ်ကွက် ရွှေဂုံလမ်းပေါ်ရှိ Fever Clinic ရုံးအား လည်းကောင်း ဆူပူအကြမ်းဖက်သူများက လက်လုပ်ဗုံးများ၊ လက်လုပ်မိုင်းများဖြင့် ပစ်ပေါက်ခဲ့ရာ နေအိမ်၊ ရုံး အဆောက်အအုံများ၊ မော်တော်ယာဉ်များ အနည်းငယ် ထိခိုက်ပျက်စီးခဲ့ကြောင်း သိရသည်။

အလားတူ ဧပြီ ၃၀ ရက် ညနေပိုင်းက ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ် ဘုရားကုန်းကျေးရွာအနီး ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၁၃၂ မိုင်၊ ၃ ဖာလုံနှင့် ၄ ဖာလုံအကြားရှိ ဘုန်းချောင်းကွန်ကရစ်တံတားအနီး ခရီးဆောင်အိတ်တစ်လုံးနှင့် ဆာလာအိတ်တစ်လုံးအတွင်းမှ လက်လုပ်မိုင်းနှစ်လုံးကို လည်းကောင်း၊ ယနေ့နံနက် ၈ နာရီ၄၅ မိနစ်တွင် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့ ကြက်မင်းတွန်ရပ်ကွက် ရပ်ကွက်စီမံအုပ်ချုပ်ရေးအဖွဲ့မှူး ဦးအောင်မျိုးအောင်၏ နေအိမ်အနောက်ဘက် ခြံစည်းရိုးအနီး၌ လက်လုပ်မိုင်းတစ်လုံးကို လည်းကောင်း၊ မွန်းလွဲ ၁ နာရီ မိနစ် ၅၀ ခန့်တွင် နေပြည်တော်ကောင်စီနယ်မြေ ပျဉ်းမနားမြို့ မင်္ဂလာရပ်ကွက် (၃)လမ်းရှိ အခြေခံပညာအထက်တန်းကျောင်းဝင်းအတွင်း၌ လက်လုပ်မိုင်းနှစ်လုံးကို လည်းကောင်း တွေ့ရှိခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်မဲ့ပြုလုပ်သိမ်းဆည်းခဲ့သည်။

တရားမဝင် အဖွဲ့အစည်းအဖြစ် ကြေညာထားသော NUG အဖွဲ့အနေဖြင့် နိုင်ငံတစ်ဝန်း ဆူပူအကြမ်းဖက်မှုများလုပ်ဆောင်ရန် ကြေညာချက်များ ထုတ်ပြန်ခြင်း၊ တိုက်တွန်းခြင်းများ ဆောင်ရွက်လျက်ရှိပြီး ယခုကဲ့သို့ အကြမ်းဖက်ဖြစ်စဉ်များဖြစ်ပွားအောင် ဆောင်ရွက်လျက်ရှိသဖြင့် အပြစ်မဲ့ပြည်သူများအနေဖြင့် ထိတ်လန့်ကြောက်ရွံ့စိုးရိမ်ပူပန်ခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။ လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေသူများအား ပြည်သူများနှင့်အတူ ပူးပေါင်း၍ ဖမ်းဆီးရမိရေးနှင့် တရားဥပဒေအရ ထိရောက်စွာအရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မြို့နယ်အချို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်လူအုပ်စုနှင့် လက်နက်ကိုင်သောင်းကျန်းသူများက လာရောက်ပစ်ခတ်တိုက်ခိုက်

**နေပြည်တော် မေ ၁**

ဧပြီ ၃၀ ရက် ညပိုင်းနှင့် မေ ၁ ရက်တို့တွင် မြို့နယ်အချို့ရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လုံခြုံရေးရဲစခန်းများကို အကြမ်းဖက်လူအုပ်စုများနှင့် လက်နက်ကိုင်သောင်းကျန်းသူများက လာရောက်ပစ်ခတ်တိုက်ခိုက်ခဲ့ကြောင်း သိရသည်။

ထိုသို့ တိုက်ခိုက်ခဲ့ရာတွင် ဧပြီ ၃၀ ရက် ည ၈ နာရီခွဲက မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် မရမ်းချောင်ကျေးရွာအနီး ရန်ကုန်-မော်လမြိုင်ကားလမ်းပေါ်ရှိ မရမ်းချောင်အမြဲတမ်း စစ်ဆေးရေးစခန်းကို အကြမ်းဖက်သူ အမျိုးသားနှစ်ဦးက ဆိုင်ကယ်တစ်စီးဖြင့် ရောက်ရှိလာကာ လက်နက်ငယ်ဖြင့်ပစ်ခတ်ခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခြောက်လှန့်ပစ်ခတ်ခဲ့ရာ အဆိုပါ အကြမ်းဖက်သူနှစ်ဦးမှာ ထွက်ပြေးသွားခဲ့ပြီး ထိုသို့ပစ်ခတ်မှုကြောင့် လူနှင့်အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။




ဖရူဆိုမြို့မရဲစခန်းအား အကြမ်းဖက်သူ နှစ်ဦးမှ လက်နက်ငယ်ဖြင့် လာရောက်ပစ်ခတ်သည့်နေရာပြပုံ။

အလားတူ ည ၉ နာရီ ၃၅ မိနစ်တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကွတ်ခိုင်မြို့နယ် နမ့်ခိုင်တံတားကို လုံခြုံရေး ရယူထားသော တပ်ဖွဲ့ဝင်များ အခြေပြုနေသည့် တောင်ကုန်းကို လက်နက်ကိုင်သောင်းကျန်းသူ အင်အား ၃၀ ခန့်က ၆၀ မမ လက်နက်ကြီးဖြင့် လေးကြိမ်ခန့် ပစ်ခတ်ခဲ့၍ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ခုခံပစ်ခတ်ခဲ့ရာ အဆိုပါသောင်းကျန်းသူများမှာ အနောက်ဘက်သို့ ဆုတ်ခွာသွားခဲ့ပြီး ထိတွေ့မှုဖြစ်စဉ်အတွင်း လူနှင့်အဆောက်အအုံ ထိခိုက်မှုမရှိကြောင်း သိရသည်။

အလားတူ မေ ၁ ရက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ကယားပြည်နယ် ဖရူဆိုမြို့နယ်ရှိ ဖရူဆိုမြို့မရဲစခန်းကို ရဲစခန်း၏အရှေ့ဘက် မြို့ရောင်လမ်းပေါ်မှ အကြမ်းဖက်သူ အမျိုးသားနှစ်ဦး မောင်းနှင်လာသော ဆိုင်ကယ်တစ်စီးမှ လက်နက်ငယ်ဖြင့် ပစ်ခတ်ခဲ့၍ လုံခြုံရေး တာဝန်ကျ တပ်ဖွဲ့ဝင်များက ပြန်လည်ပစ်ခတ်ခဲ့ရာ အဆိုပါ ဆိုင်ကယ်မှာ ရဲစခန်း၏အရှေ့ မြောက်ဘက် လောခုခူကျေးရွာဘက်သို့ မောင်းနှင်ထွက်ပြေးသွားခဲ့ပြီး ထိုသို့ပစ်ခတ်မှုကြောင့် လူနှင့်အဆောက်အအုံ ထိခိုက်ပျက်စီးမှုမရှိကြောင်း သိရသည်။

**သတင်းစဉ်**


### မွေးသက္ကရာဇ်အမှန်

ရမည်းသင်းမြို့နယ်၊ အင်ကြင်းကန်ကျေးရွာအုပ်စု၊ ကန်လှကျေးရွာနေ ဦးကြည်အောင်၏သား မောင်ပိုင်ဦးကို ၉/ရမသ(နိုင်)၂၂၂၄၆၈ ၏ မွေးသက္ကရာဇ် အမှန်မှာ ၅-၉-၁၉၉၉ ဖြစ်ပါကြောင်း။

### မြေကွက်ရောင်းမည်

မရမ်းကုန်းမြို့နယ်၊ အောင်သိဒ္ဓိလမ်းမကြီး အနီး ၂ ဒသမ ၀၇ ဧက ရောင်းမည်။

**ဖုန်း- ၀၉- ၆၉၅၀၀၁၃၄၆**

### အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၃-၂)၊ ဦးပိုင်အမှတ်(၁၁)၊ မြေဧရိယာ ၀ဒသမ၁၈၄ ဧကရှိ မြေကွက်အား မူလက ဒေါ်ထုလွမ် အမည်ဖြင့် ၃၀-၆-၂၀၂၀ရက်အထိ မြေငှားဂရန် သက်တမ်းရရှိခဲ့ပြီး ၁၀-၄-၂၀၀၈ ရက်တွင် ဒေါ်ထုလွမ်ထံမှ ဦးဇော်တူးက နှစ်ဦးသဘောတူ ခြံမြေ အရောင်းအဝယ် ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးဇော်တူး ၁၃/ နခန(နိုင်) ၀၃၅၉၇၁ အမည်ဖြင့် မြေငှားဂရန် ဦးပိုင်ခွဲ ၊ အမည်ပြောင်း ရရှိရေးအတွက် ၂၁-၈-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာ အမှတ်(၅၈၄/၂၀၂၀)ကို ၂၈-၈-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ် (၅၂၅/၂၀၂၀)အဖြစ် မှတ်ပုံတင်ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာပါသည့်ရက်မှ စ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံး လုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်း၊ အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အုပ်ချုပ်ရေးမှူး**
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**


### ကန့်ကွက်နိုင်ပါကြောင်း

ဥတ္တရသီရိမြို့၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ဥတ္တရသီရိ အလယ်ရပ်၊ မြေဧရိယာ ၀ဒသမ ၆၆၁ ဧကရှိ မြေကွက်အမှတ် ဥ-၄၁၀၃/ ဥ-၄၁၀၅၊ ဦးရဲမြန်မာအောင် (ဘ) ဦးသောင်းအေး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ် မြေကွက်ကို ဒေါ်ခိုင်သဇင် ၇/ဒဥန(နိုင်)၁၂၁၀၈၆ (ဘ) ဦးတင်မြမှ လှည်းကူးမြို့ စာချုပ် စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် VI-၇၄/၂၀၂၁ (၂၃-၂-၂၀၂၁)တင်ပြ၍ ဦးမင်းထက်ကျော် ၁၂/ မရက(နိုင်) ၁၅၁၀၄၂ (ဘ) ဦးစိုးနိုင်ဦး အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ် စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း








မော်ကွန်းတိုက်(၇၂×၃၀)ပေ ၁ လုံး-၈၈၄ သိန်း



ဂေါပကရုံး (၄၈×၂၄)ပေ ၁ လုံး-၄၂၃ သိန်း



ပုတ်တလုတ်ကန်(၁၉၆×၁၁၆)ပေ ၁ ကန်-၈၂၄၀ သိန်း



မြန်မာမှုစကျင်ကျောက်ဖြင့် တည်ဆောက်ပူဇော်ထားသော ဂန္ဓကုဋိတိုက်
(၅၄×၂၇)ပေ ၂၄ လုံး ၁ လုံးလျှင်- ၁၂၅၀ သိန်း



ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



သုဓမ္မာဇရပ်(၅၄×၃၀)ပေ ၆ လုံး ၁ လုံးလျှင်-၅၅၇ သိန်း

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့်(၇)ရက်သား၊ သမီး ၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

(၁) အဝင်မုခ်ဦး(၁၀၀×၄၀)ပေ ၁ ခု - ၈၂၀ သိန်း
(၂) အဝင်မုခ်ဦးငယ်(၇၅×၄၀)ပေ ၃ ခု၊ ၁ ခုလျှင် - ၆၇၆ သိန်း
(၃) ရေပန်းအကြီး(အချင်း ၇၅ ပေ၊ အမြင့် ၁၅ ပေ) ၁ ခု - ၄၃၂၁ သိန်း
(၄) ရေပန်းအသေး(အချင်း ၃၀ ပေ၊ အမြင့် ၉ ပေ) ၁၈ ခု၊ ၁ ခုလျှင် - ၈၀၅ သိန်း
(၅) မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေခန်း) ၂၀၀ ခန်း ၁ ခုလျှင် - ၇၂ သိန်း
(၆) မဟာရံတံတိုင်းစိန်တောင်စကျင်ကနုတ်ပန်း(မြန်မာမှုပါ) ၆၅၂ ခု၊ ၁ ခုလျှင် - ၇ သိန်း
(၇) မဟာရံတံတိုင်းရှိ စကျင်ထောင့်တိုင်(မြန်မာမှုပါ) ၅၀ ခု ၁ ခုလျှင် - ၁၅ သိန်း
(၈) မဟာရံတံတိုင်း၏အင်္ဂတေမြန်မာမှု ၂၁၈ ကျင်း၊ ၁ ကျင်းလျှင် - ၄.၁ သိန်း
(၉) မြန်မာမှု တစ်ဖက်လှခြံစည်းရိုး(၂၇ ပေခန်း) ၄၅၅ ခန်း ၁ ခန်းလျှင် - ၃၁ သိန်း
(၁၀) စကျင်ကျောက်ပြား ၂၁၂၀ ကျင်း၊ ၁ ကျင်းလျှင် - ၄.၇ သိန်း
(၁၁) ကြွေပြား ၁၇၃၆ ကျင်း၊ ၁ ကျင်းလျှင် - ၂ သိန်း
(၁၂) ကွန်ကရစ် ၈ လက်မထုခင်းခြင်း၊ ၅၉၁၀ ကျင်း ၁ ကျင်းလျှင် - ၃.၆ သိန်း
(၁၃) မြောက်ဘက်မုခ်ပင်မလှေကား(မြန်မာမှုပါ) ၁ စင်း - ၁၉၁၄ သိန်း
(၁၄) အရှေ့၊ အနောက်နှင့် တောင်ဘက်မုခ်လှေကား (မြန်မာမှုပါ) ၃ စင်း၊ ၁ စင်းလျှင် - ၄၉၀ သိန်း
(၁၅) ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ × ၁၇၆)ပေ၊ ၈၂ ခန်း ၁ ခန်းလျှင် - ၁၉၃ သိန်း
(၁၆) ရင်ပြင်တော် ပင်မတံတား(၁၀ ပေခန်း) ၉ ခန်း ၁ ခန်းလျှင် - ၁၃၂၂ သိန်း
(၁၇) လမ်းမီးတိုင် (၉ မီတာ) ၁ တိုင်လျှင် - ၁၀ သိန်း
(၁၈) High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင် - ၄၉၄ သိန်း
(၁၉) Garden Light(၁ မီတာ) ၁ တိုင်လျှင် - ၁.၂ သိန်း
(၂၀) ဆလိုက်မီး(၁၀ မီတာ) ၁ တိုင်လျှင် - ၁၈၅ သိန်း
(၂၁) ဂန္ဓကုဋိတိုက်(Solar) ၂၄ လုံး၊ ၁ လုံးလျှင် - ၄၈ သိန်း
(၂၂) ဓမ္မာရုံ(မီး/ရေ) ၁ လုံး - ၁၉၅ သိန်း
(၂၃) သုဓမ္မာဇရပ်(မီး) ၆ လုံး၊ ၁ လုံးလျှင် - ၄၁ သိန်း
(၂၄) မော်ကွန်းတိုက်(မီး) ၁ လုံး - ၄၁ သိန်း
(၂၅) ဇာတ်ရုံ(မီး/ရေ) ၁ လုံး - ၉၉ သိန်း
(၂၆) ဂေါပကရုံး(မီး/ရေ) ၁ လုံး - ၁၁၀ သိန်း

၃။ သို့ဖြစ်ပါ၍ စေတနာရှင်ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့် အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများကိုထည့်ဝင်လိုပါက **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆** နှင့် **ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** သို့ အလှူငွေများအား ငွေသားဖြင့်လည်းကောင်း၊ Account Transfer ဖြင့်လည်းကောင်း ထည့်ဝင်လှူဒါန်းနိုင်ပါရန်နှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော** **၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**
**(ခ) ဒေါ်အေးအေးကြည်** **၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေကန်ဒါယိကာမကြီး

## ဒေါ်ဝင်းကြည်

### အသက် (၆၇)နှစ်

ပြည်မြို့နေ (ဦးကျင်စိန်)-ဒေါ်ခင်ရွှေတို့၏သမီး၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ (၂၄)ရပ်ကွက်၊ သုဝဏ္ဏ၊ ရေနံ့သာလမ်း၊ အမှတ် (၁၃၇/၁) နေ ဦးစံသိန်း၏ ချစ်လှစွာသောဇနီး၊ (ကိုအောင်နိုင်)၊ ကိုစံမြင့်ထူး-မခိုင်ဆွေညွန့်တို့၏မိခင်၊ မောင်သန့်လွင်ထူး၊ မဝင့်ဖြူသန့်တို့၏အဘွားသည် ၁-၅-၂၀၂၂ရက် (စနေနေ့) နံနက် ၅:၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃-၅-၂၀၂၂ရက် (တနင်္လာနေ့) မွန်းတည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။ ကွယ်လွန်သူအားရည်စူး၍ ၇-၅-၂၀၂၂ရက် (သောကြာနေ့)တွင် အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဟိုတယ်ရောင်းမည်

မရမ်းကုန်းမြို့နယ်၊ ဘုရင့်နောင်ပွဲရုံတန်းအနီး အသင့်ဖွင့်လှစ်နိုင်သော ဟိုတယ်အဆောက်အအုံ၊ အခန်း (၂၉) ခန်းပါ ရောင်းမည်။

ဖုန်း- ၀၉- ၆၉၅၀၀၁၃၄၆

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8J/4273 YADANAR TUN BUS ယာဉ်လက်ဝယ်ရှိသူ ဒေါ်နီ ၇/ပခန (နိုင်)၀၂၆၆၀၉ က(ကမ-၃)ပျောက်ဆုံး၍မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး(ဟင်္သာတ)

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဟေမမာလာတောင်ရပ်ကွက်၊ အကွက်အမှတ် (၆၆၂)၊ ဦးပိုင်အမှတ်(၇၈-ဓ)၊ ၄၁လမ်းနှင့် ၇၉လမ်းထောင့်ရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဦးတင်လှိုင် ၉/မရတ(နိုင်)၀၁၈၈၅၀က ဂရန်စာချုပ်မူရင်းပျောက်ဆုံးကြောင်း ရဲစခန်းနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်၊ တရားရုံးကျမ်းကျိန်ချက်များနှင့်အတူ အမှုတွဲအမှတ် ၁၆၅၈/၂၀၂၀-၂၀၂၁ဖြင့် သက်တမ်းတိုး၊ ဂရန်ပျောက်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

သင့်စီးပွားရေး
လုပ်ငန်းများ
အောင်မြင်ဖို့
မြန်မာ့အလင်း
သတင်းစာတွင်
ကြော်ငြာစို့

## ဦးတင်ချို (ပုသိမ်၊ ရွှေခရား လက်ဖက်ရည်ဆိုင်)

### အသက်(၇၀)

(ဦးကုလား- ဒေါ်သန်းကြည်)တို့၏သား၊ (ဦးကြင်အောင်-ဒေါ်စောလှ)တို့၏သားသမက်၊ ရဲမှူးချုပ်ဝင်းမြိုင်(ငြိမ်း)၏ညီ၊ ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ ကြီးပွားရေးရပ်ကွက်၊ အနော်ရထာလမ်း၊ အမှတ် (၁၃၂/က)ပထမထပ်နေ ဒေါ်ခင်သန်းနွယ်၏ခင်ပွန်း၊ ဒေါ်အိအိငြိမ်း-ဗိုလ်မှူးဇော်ဦး(ငြိမ်း)၊ ဦးရဲမင်းထွန်း-ဒေါ်မျိုးမျိုးထွန်း(USA) တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၁-၅-၂၀၂၂ရက် နံနက် ၅:၂၅ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူ၏ ဆန္ဒအရ ယင်းနေ့ မွန်းတည့် ၁၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေး သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပြီးဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံအရှေ့ပိုင်းမြို့နယ်၊ (၈)ရပ်ကွက်၊ မြေကွက်အမှတ် (၆၃၀)ဟုခေါ်တွင်သော အကျယ်အဝန်း (အလျားပေ ၄၀xအနံပေ ၆၀)ရှိ ဦးထွန်းထွန်းလွင် အမည်ပေါက် နှစ် ၆၀ ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိလက်ဝယ် ပိုင်ဆိုင်အကျိုးခံစားခွင့်ရှိသူ ဦးကျော်မိုးသူအောင် ၁၂/ဒဂရ(နိုင်)၀၀၄၉၅၆မှ ရောင်းချရန် ကမ်းလှမ်း လာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးသော်တာဝန်း ၁၂/ဒဂတ(နိုင်)၀၉၁၁၁၁က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အထက်ပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း တိကျခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ မည်သူမဆို လာ ရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကိစ္စအား တရားဝင်ပြီးမြောက်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်မြင့်မြင့်ခင် (စဉ်-၁၂၅၅၇)
(LL.B, LL.M, DBL.DML)
တရားလွှတ်တော်ရှေ့နေ
ဖုန်း-၀၉-၄၂၁၀၉၈၇၈၅၊ ၀၉-၆၆၃၉၁၀၉၂၅

## အများသိစေရန် အသိပေးကြေညာချက်

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ရေကူးဘူတာရုံလမ်း၊ အမှတ် (၁၂၇)နေ ဒေါ်လှနွယ် ၁၂/မရက(နိုင်)၀၃၈၉၀၄၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၃/ကံဘဲ့၊ မြေကွက်အမှတ် -၂/ဃ၊ မြေရီယာ ဝ.ဒသမဝ၉၉ဧကရှိ နှစ် ၃၀ ဂရန်မြေဟုခေါ်တွင်သော ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၈)ရပ်ကွက်၊ ရေကူးဘူတာရုံလမ်း၊ အမှတ် (၁၂၇) ရှိ မြေကွက်နှင့် နေအိမ်တို့မှာ ကျွန်ုပ်မိတ်ဆွေ၏မိခင် ဒေါ်ကျင်အေး (ISN 183951) အမည်ဖြင့် အမည်ပေါက်ပိုင်ဆိုင်ထားပြီး မိဘများ ကွယ်လွန်ချိန်တွင် သားသမီး ခြောက်ဦးကျန်ရှိခဲ့ပါသည်။ မိခင် ဒေါ်ကျင်အေးနှင့် သားသမီး ခြောက်ဦးစလုံးမှာ ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်၍ မြန်မာဓလေ့ထုံးတမ်းဥပဒေအရ မိဘများကွယ်လွန်ပါက သားသမီးများမှာ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ခွင့်ရှိကြပါသည်။ ယခုအခါ သားသမီး ခြောက်ဦးအနက် ဦးလှမိုး၊ ဒေါ်လှနွယ်၊ ဦးလှစိုးတို့သုံးဦးသာ သက်ရှိထင်ရှားရှိနေပြီး ဒေါ်ဥမ္မာကြည်၊ ဦးကြည်စိုးနှင့် ဦးသဲမောင်တို့မှာ အသီးသီးကွယ်လွန်သွားကြပြီး ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ အထက်ဖော်ပြပါမြေကွက်မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီတွင် မိခင်ဒေါ်ကျင်အေး အမည်ဖြင့် တရားဝင်မှတ်သားတည်ရှိသောမြေကွက်ဖြစ်၍ မည်သူတစ်ဦးတစ်ယောက်ကမျှ ကျန်သားသမီးများဖြစ်သည့် ဦးလှမိုး၊ ဒေါ်လှနွယ်၊ ဦးလှစိုးတို့၏ခွင့်ပြုချက်မရရှိဘဲ မြေပုံ/မြေရာဇဝင်ကူးယူခြင်း၊ အမည်ပေါက်ပြောင်းလဲခြင်း၊ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းလှူဒါန်းခြင်း စသည့်မည်သည့်ကိစ္စတစ်စုံတစ်ရာကိုမျှ ပြုလုပ်ပိုင်ခွင့်မရှိပါကြောင်းနှင့် ပြုလုပ်ခဲ့ပါက တရားဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ခင်လင်းအေး
တရားလွှတ်တော်ရှေ့နေ (စဉ်-၉၇၃၁)
အခန်း (၃)၊ ၇-လွှာ၊ Strand Condo၊ မဟာဗန္ဓုလပန်းခြံလမ်းနှင့် ဘဏ်လမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊
ဖုန်း-၀၉-၅၀၇၂၁၈၅၊ ၀၉-၇၆၅၀၇၂၁၈၅

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် -၂၉(က+ခ)၊ ၃၃(က+ခ) လူနေရပ်ကွက်အမှတ်(မေခအိမ်ရာ)၊ သံလွင်လမ်း၊ ခြံအမှတ်(A-၁၆)၊ မြေကွက်အမှတ်(၁၄)၊ အကျယ်အဝန်း(၈၂ပေ၆လက်မ/ ၇၇ပေ၆လက်မ× ၇၉ပေ၆လက်မ/ ၈၇ပေ၈လက်မ)(၆၉၉၁-စတုရန်းပေ)(၀.၁၆၀)ဧက ရှိ ဒေါ်ခင်သူဇာ(၁၂/ သဃက(နိုင်)၁၃၄၄၂၄) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက် ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဦးကျော်အောင်စိုး (၁၂/ကမရ (နိုင်) ၀၁၃၉၈၀)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီး ဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထား မူရင်းများ ဖြင့် ယနေ့မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| ဦးခင်မောင်ဦး | ဦးထိန်လင်းသန်း |
| LL.B, D.B.L, D.I.L., | LL.B, D.B.L, D.I.L, D.M.L, |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၈၂) |
| Hein Htet San Law Firm | ၀၉၅၅၀၆၁၄၆၊ ၀၉၅၅၀၄၂၆၅ |

## ဦးစိန်တိုး B.A Dip(Ed)

### စိန်တိုး (လောင်းရှည်)

ပခုက္ကူ၊ အထက(၂)၊ တပ်မတော်ပညာရေး(မန္တလေး)
ဘီ.တီ. အမ် အထက(၁၅)/ အထက(၁၈) နန်းမြို့
လ/ထ ကြီးကြပ်ရေးမှူး(ပန်းချီ)ငြိမ်း၊ မန်းတိုင်းပညာရေးမှူးရုံး
န.၃/ ၄၆ မဟာမြိုင်

### အသက်(၉၀)နှစ်

မကွေးတိုင်းဒေသကြီး၊ ဆောမြို့နယ်၊ လောင်းရှည်အင်ဘူးနေ (သူကြီးကြီး ဦးတိုးထိန်း- ဒေါ်မင်းခြုံ) တို့၏မြေး၊ (အရေးပိုင် အတွင်းဝန်(ငြိမ်း) ဝဏ္ဏကျော်ထင် ဦးလှမောင်(၁)-ဒေါ်ခင်မူး(သူကောင်း) ) တို့၏တူ၊ (အင်ဘူးသူကြီး ဦးရွှေကြီး-ဒေါ်ကျော့ရှင်း) တို့၏သား၊ (မန္တလေးစာတိုက်မှူးကြီး (ငြိမ်း)ဦးဘမောင်-ဒေါ်အေးကြည်) တို့၏ သားမက်၊ ဒေါ်ကြည်ကြည်ပြုံး(ဆရာမ၊ ငြိမ်း)၏ခင်ပွန်း၊ ဒေါက်တာ လှမျိုးမြတ် (တွဲဖက်ပါမောက္ခ၊ မြန်မာစာ၊ စစ်ကိုင်းပညာရေး တက္ကသိုလ်)၊ ကိုကြည်တိုး (အင်/ယာ၊ ငြိမ်း)-မခင်မာဝေ (မြို့နယ် အင်/ယာ ကျောက်ဆည်)၊ ဦးအေးလွင်(ပြည်ထောင်စု တရားလွှတ်တော်ချုပ်ရုံး၊ ညွှန်ကြားရေးမှူး၊ ငြိမ်း)-ဒေါ်သိဂီတိုး(ပြည်နယ်ဦးစီးမှူး၊ ကညန၊ မွန်ပြည်နယ်၊ မော်လမြိုင်)တို့၏ ဖခင်၊ မောင်ပြည့်ဖြိုးမောင် (Izumi ခာတ်လှေကား ကုမ္ပဏီ)၊ မမေမြတ်နိုးဝေ(B.E Civil)၊ မဖြိုးသန့်သန့်အောင်(ICT Star)၊ မောင်ဘုန်းမြတ်ကျော်(နည်းပညာတက္ကသိုလ်)၊ မမေသူ(B.E Com-CPA)တို့၏အဘိုး ဦးစိန်တိုးသည် ၁-၅-၂၀၂၂ ရက် ၁၄:၄၅ နာရီတွင် ဘဝတစ်ပါးသို့ ပြောင်းရွှေ့သွားပြီဖြစ်ပါကြောင်းနှင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၃-၅-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် နေအိမ် ၃၈x ၃၉ ကြား၊ ၆၃ B လမ်းသွယ် 3-၆/၁၄ မှ တောင်အင်းမြောက်အင်း သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

### ဒုတိယဗိုလ်မှူးကြီး ဖြိုးဝေလင်း (DSA-၄၆)

### အသက် (၃၇)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊ ဥသျှစ်ပင်မြို့၊ ခရေလမ်း၊ အမှတ် (၂၉-ခ) နေ ဦးထွန်းသိန်း-(ဒေါ်ကြည်ကြည်ဝေ)တို့၏သား၊ ဒေါ်နီလာဝင်းလွင်၏ ခင်ပွန်း၊ မောင်ဘုန်းထက်၊ မောင်နေဆက်တို့၏ဖခင်သည် ၁၅-၄-၂၀၂၂ရက် နံနက် ၈:၄၅ နာရီတွင် တိုင်းပြည်တာဝန်ထမ်းဆောင်ရင်း ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ချစ်ညီမ
မအေးမြွေးနှင့် မသိဂီချစ်

## KB- Microfinance Myanmar Co.,Ltd ၏

## ရှယ်ယာရှင်အဖွဲ့ဝင်ပြောင်းလဲခြင်း

ကျွန်တော်များ KB Microfinance Myanmar Co.,Ltd ၏ ကုမ္ပဏီမှတ်ပုံတင်အမှတ် ၁၁၀၉၅၇၈၀၇၊ လုပ်ငန်းလိုင်စင် အမှတ် ၀၂၇/၂၀၁၈ (အမြဲတမ်း)၏ Mr. Kim Ik Heon နုတ်ထွက်ပြီး Mr.Shin Gyo Seo Passport No.M70594936 သည် ရှယ်ယာရှင်အဖွဲ့ဝင်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

Mr. Chang Kab Kyoung
Director, Chief Operating Officer
KB- Microfinance Myanmar Co.,Ltd

## အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၃-၂)၊ ဦးပိုင်အမှတ်(၁၀)၊ မြေရီယာ ဝ.ဒသမ၁၈၄ ဧကရှိ မြေကွက်အား မူလက ဦးဗင်းဗဟာဒူး အမည်ဖြင့် ၃၀-၆-၂၀၂၀ရက်အထိ မြေငှားဂရန် သက်တမ်းရရှိခဲ့ပြီး ၆-၁၁- ၁၉၉၈ ရက်တွင် ဦးဗင်းဗဟာဒူးထံမှ ဦးအောင်သာကလည်းကောင်း၊ ၈-၁-၂၀၀၀ ရက်တွင် ဦးအောင်သာထံမှ ဒေါ်နန်ဘောက်ကလည်းကောင်း နှစ်ဦးသဘောတူ အိမ်ခြံမြေ အရောင်း အဝယ်စာချုပ်ဖြင့် အဆင့်ဆင့်ဝယ်ယူပိုင်ဆိုင်ခဲ့ကြပြီး ဒေါ်နန် ဘောက် ၁/ မကန(နိုင်)၀၈၃၅၁၅ အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း၊ အသစ်ရရှိရေးအတွက် ၂၁-၈-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာ အမှတ်(၅၈၃/၂၀၂၀)ကို ၂၈-၈-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ် (၅၂၄/၂၀၂၀)အဖြစ် မှတ်ပုံတင် ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာပါသည့်ရက်မှ စ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံး လုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်း၊ အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြစ်ကြီးနားမြို့

## အများသိစေရန် အသိပေးကြေညာခြင်း

မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ်(၁၅/၂-၆)၊ ဦးပိုင်အမှတ်(၄၆)၊ မြေရီယာ ဝ.ဒသမ၁၈၄ ဧကရှိ မြေကွက်အား မူလက ဗိုလ်မှူးမြင့်ဆွေ အမည်ဖြင့် ၃၀-၆-၂၀၂၀ ရက်အထိ မြေငှားဂရန် သက်တမ်းရရှိခဲ့ပြီး ၉-၂-၁၉၉၃ ရက်တွင် ဗိုလ်မှူးမြင့်ဆွေထံမှ ဦးအယ်(လ်)ဇော်ဂျွန်းက နှစ်ဦးသဘောတူ အိမ်ခြံမြေ အရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ဦးအယ်(လ်)ဇော်ဂျွန်း ၁/ဝမန(နိုင်)၀၁၂၃၃၃ အမည်ဖြင့် မြေငှားဂရန် အမည်ပြောင်း၊ အသစ်ရရှိရေးအတွက် ၂၄-၈-၂၀၂၀ ရက်စွဲပါ ကျမ်းကျိန်လွှာအမှတ်(၅၈၈/၂၀၂၀)ကို ၃၁-၈-၂၀၂၀ရက်စွဲပါ ကျမ်းကျိန်လွှာ မှတ်ပုံတင်အမှတ် (၅၂၇/၂၀၂၀)အဖြစ် မှတ်ပုံတင် ပြုဆိုတင်ပြလျက် လျှောက်ထားလာခြင်းနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း ယခုကြော်ငြာပါသည့်ရက်မှ စ၍ (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အမည်ပြောင်း၊ အသစ်ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါ ကြောင်း အများပြည်သူသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အုပ်ချုပ်ရေးမှူး
မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

## အမည်မှန်

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ဓညဝတီ (ခ)ရပ်ကွက်နေ ဦးစောဒယ်နီယယ်၏ သား စောမူးကပေါနီယယ်၏ အမည်မှန်မှာ စောမူးကပေါ ဖြစ်ပါကြောင်း။

စောမူးကပေါ

## ဖခင်အမည်မှန်

စစ်တွေမြို့၊ အထက(၁)၊ ဒသမတန်းမှ မခင်ဝင်းသော် (ခ) မခင်ဝင်းသွယ်၏ ဖခင်အမည်မှန်မှာ ဦးစောနိုင်ဝင်း ၁၁/စတန(နိုင်)၀၉၀၃၇၀ ဖြစ်ပါကြောင်း။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ ရေတွင်း၊ ရေကန်၊ တံတိုင်း ဒါယကာကြီး

## ဦးစိန်မြင့်

ဒုတိယဗိုလ်မှူးကြီး (ငြိမ်း)
ဒုတိယညွှန်ကြားရေးမှူးချုပ် (ငြိမ်း)
အလုပ်သမားညွှန်ကြားမှုဦးစီးဌာန

### အသက် (၈၄) နှစ်

ဖျာပုံမြို့နယ်၊ (ဦးရွှေတိုး-ဒေါ်အေးသင်) တို့၏သား၊ ရန်ကုန်တိုင်းဒေသကြီး၊ လမ်းမတော်မြို့နယ်၊ အမှတ်(၅၁)နေ (ဒေါ်ခင်အေးကြူ)၏ခင်ပွန်း၊ ဦးသိန်းဦး၊ ဦးထိန်ဝင်း-ဒေါ်ဥမ္မာနိုင်၊ Capt မျိုးဝင်း-ဒေါ်စုလတ်စိုး၊ ဒေါ်သန္တာမြင့်-Capt စိုးသွင်ထွန်း တို့၏ဖခင်၊ မြေး (၄)ယောက်တို့၏အဘိုး ဦးစိန်မြင့် (၈၄)နှစ်သည် ၃၀-၄-၂၀၂၂ ရက် နံနက် ၄ နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ကွယ်လွန်သူဖခင်၏ ဆန္ဒအရ ၎င်းနေ့တွင်ပင် မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန

## ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန
## ရခိုင်ပြည်နယ်၊ စစ်တွေမြို့
## အဆောက်အဦဟောင်းများ လေလံခေါ်ယူခြင်း

၁။ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ကျောက်ဖြူခရိုင်ရုံးဝင်းအတွင်းရှိ အဆောက်အဦဟောင်း (၄)လုံးနှင့် စစ်တွေခရိုင်ရုံးဝင်းအတွင်းရှိ အဆောက်အဦဟောင်း (၃)လုံးတို့အား လေလံတင်ရောင်းချလိုပါသဖြင့် မြန်မာနိုင်ငံသား လုပ်ငန်းရှင်များသည် သတ်မှတ်ချက်နှင့်အညီ လေလံတင်သွင်းနိုင်ရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| (က) | အဆောက်အဦဟောင်း အဆင့်မြင့်ဧည့်ရိပ်သာ(၂၅' x ၃၀' x ၁၇') | Lot(1) |
| (ခ) | အဆောက်အဦဟောင်း ရုံးခန်း (၂၄' x ၂၀' x ၁၂') | |
| (ဂ) | အဆောက်အဦဟောင်း ဂိုဒေါင် (၆၀' x ၁၈' x ၁၂') | |
| (ဃ) | အဆောက်အဦဟောင်း ဝန်ထမ်းနေအိမ် (၂၀' x ၁၉' x ၁၂') | |
| (င) | အဆောက်အဦဟောင်း ရုံးခန်း (၄၀' x ၂၅' x ၁၅') | Lot(2) |
| (စ) | အဆောက်အဦဟောင်း ဂိုဒေါင် (၅၀' x ၂၀' x ၁၅') | |
| (ဆ) | အဆောက်အဦဟောင်း ဝန်ထမ်းနေအိမ် (၁၅' x ၁၅' x ၁၂') | |

၂။ လေလံပုံစံများနှင့် လေလံစည်းကမ်းချက်များကို ၃-၅-၂၀၂၂ ရက်မှ ရုံးချိန်အတွင်းစတင်၍ ရောင်းချမည်ဖြစ်ပြီး ၃-၆-၂၀၂၂ ရက် ညနေ (၁၆:၀၀)နာရီ နောက်ဆုံးထား၍ လေလံတင်သွင်းရမည်ဖြစ်ပါသည်။ လေလံပုံစံများကို ရခိုင်ပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ကျားမသောက်ကျေးရွာ၊ စစ်တွေမြို့၊ ကျောက်ဖြူခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံးနှင့် စစ်တွေခရိုင် လက်ထောက်ညွှန်ကြားရေးမှူးရုံးတို့တွင် ဝယ်ယူနိုင်ပါသည်။

၃။ လေလံတင်သွင်းရန် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ရုံးချိန်အတွင်း ရခိုင်ပြည်နယ်၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူးရုံး၊ ဖုန်း-၀၉-၂၅၄၆၄၆၂၆၀၊ ကျောက်ဖြူခရိုင်၊ လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဖုန်း-၀၉-၂၆၀၁၁၉၆၈၁ နှင့် စစ်တွေခရိုင် လက်ထောက်ညွှန်ကြားရေးမှူးရုံး၊ ဖုန်း-၀၉-၆၆၉၁၁၈၇၆၅ သို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

လေလံခေါ်ယူရေးလုပ်ငန်းကော်မတီ

## စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန
## အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်းမှ
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်းရှိ ရေယာဉ်(၄)စင်းအား Lot No တစ်ခုစီဖြင့် မျက်မြင်အခြေအနေအတိုင်း အိတ်ဖွင့်တင်ဒါ ခေါ်ယူရောင်းချမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

၂။ တင်ဒါပုံစံများနှင့် စည်းကမ်းချက်များကို အရည်အသွေးထိန်းသိမ်းရေးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ ရုံးအမှတ်(၁၄)၊ နေပြည်တော်တွင် ၃-၅-၂၀၂၂ ရက်မှ ၃-၆-၂၀၂၂ ရက်ထိ ရုံးချိန်အတွင်း အခွန်ထမ်းဆောင်ထားကြောင်း အထောက်အထားပြသ၍ ဝယ်ယူနိုင်ပြီး ၃-၆-၂၀၂၂ ရက် ညနေ (၁၆:၀၀)နာရီတိတိ နောက်ဆုံးထား၍ တင်ဒါပေးသွင်းရန် ဖြစ်ပါသည်။

ဆက်သွယ်ရန်ဖုန်း- ၀၆၇၃-၄၀၉၆၃၆

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဈ)ရပ်ကွက်၊ အကွက်အမှတ် (လလ-၉၁)၊ ဦးပိုင်အမှတ်(၃၅)၊ ၄၇လမ်းနှင့် ၄၈လမ်းကြား၊ ရွှေလုံဗိုလ်လမ်းနှင့် ပန်းပဲမင်းကြီးလမ်းကြားရှိ ဦးအောင်ကျော်ဦးအမည်ပေါက် ဂရန်မြေကွက်အား (ဦးလေး)ဖြစ်သူ ဦးအောင်ကျော်ဦး (လူပျိုကြီးဘဝ)၊ (ဖခင်) ဦးကျော်စိန်၊ (မိခင်)ဒေါ်သီသီတို့ အသီးသီးကွယ်လွန်၍ ကျန်ရစ်သော (တူ/သား)ဖြစ်သူ ဦးမောင်မြိုင် ၉/မနတ(နိုင်)၁၀၀၅၅၂က ဂရန်စာချုပ်၊ သေစာရင်း၊ တရားရုံးကျမ်းကျိန်ချက်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးထောက်ခံချက်များတင်ပြ၍ အမွေဆက်ခံစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၃)၊ အကွက်အမှတ်(၅-ကုလားတန်းရပ်)၊ ဦးပိုင်အမှတ်(၆-ည)၊ မြေရီယာ (ဝ.ဒသမ ၀၄၄)ဧကရှိ ပြင်ဦးလွင်ခရိုင်ရုံး မြေငှားဂရန်အမှုတွဲအမှတ် (၁၀၇၇/၂၀၁၆-၂၀၁၇)အရ ဦးတင်အုန်းအမည်ပေါက်ခဲ့သောမြေကွက်ကို ဦးမြင့်လေးနှင့် ဒေါ်မိမိစိုးတို့နှစ်ဦးမှ ပူးတွဲ၍ တရားဝင်မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၅/၂၀၂၁)အရ အပြီးအပိုင်ဝယ်ယူခဲ့ပြီး ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ အမည်ပြောင်းဂရန်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ပြင်ဦးလွင်ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဤကြော်ငြာစာပါသည့်ရက်မှအစပြု၍ (၁၄)ရက်အတွင်း လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါ ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၀)၊ အကွက် အမှတ်(၂-ပဒေသာ)၊ မြေကွက်အမှတ် (င-၂၆၅)၊ ဦးပိုင်အမှတ်(၁၅+၁၆)၊ မြေယာအမှတ် (15+16)၊ မြေရီယာ (ဝ.ဒသမ ၁၁၀)ဧကရှိ မြေကွက်ကို မြို့မြေနေရာချထားရေးကော်မတီ၊ ပြင်ဦးလွင်မြို့၊ မြေချထားပေးသည့် အမိန့်အမှတ်စဉ်(၀၅၀၃)အရ ဦးမောင်ပုအမည်ဖြင့်ချထားပေးခဲ့ပြီး ဦးမောင်ပုမှ ဆက်လက်၍ ပြင်ဦးလွင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဂရန်သစ်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်တကွ ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ဤကြော်ငြာစာပါသည့်ရက်မှအစပြု၍ (၁၄)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်

# COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၁၄ ဦး တွေ့ရှိ

## COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း ၁၄၂,၈၃၁ ဦးရှိ

### (၁–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

(၃၀–၄–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၁–၅–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၅၉၆) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁၄) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၇၇,၉၀၃) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၈၃၁) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၆) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၉၇၂) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

** ပြည်သူလူထုအနေဖြင့် COVID–19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် –

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကိုမကြာခဏဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာ နေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် COVID–19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း COVID–19 ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင် ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန

# မန္တလေး ဗဟိုအမျိုးသမီးဆေးရုံကြီး ပြန်လည်ဖွင့်လှစ်၍ လူနာများအား ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိ



မန္တလေး မေ ၁

မန္တလေးဗဟိုအမျိုးသမီးဆေးရုံကြီးကို ပြန်လည်ဖွင့်လှစ်ခဲ့ပြီး ပြင်ပလူနာများ အပါအဝင် အတွင်းလူနာများကို ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

“ဆေးရုံကို ပထမဆုံး ပြန်ဖွင့်တဲ့အချိန်တုန်းက ပြင်ပလူနာကြည့်ရှုတာကိုပဲ လက်ခံနိုင်ခဲ့ပါတယ်။ တဖြည်းဖြည်းနဲ့ မွေးခန်းမှာ မွေးနိုင်ဖို့ ပိုးသန့်စင်ပြီး သမားရိုးကျ မွေးဖွားမှုကို ဆောင်ရွက်ပေးပါတယ်။ အဲဒါပြီးတော့ နောက်တစ်ဆင့်တက်ပြီး ခွဲစိတ်ခန်းတွေကို ပိုးသတ်ပြီး ခွဲစိတ်ခန်းတွေ ဖွင့်နိုင်အောင် လုပ်ပါတယ်။ ဧပြီလဒုတိယပတ်မှာ ပြင်ပလူနာလည်း ကြည့်ရှုပေးနိုင်သလို အတွင်းလူနာလည်း ရှိနေပါပြီ။ ဆေးရုံမှာ ရိုးရိုးလည်း မွေးဖွားနိုင်သလို ခွဲစိတ်ခန်းတွေမှာ အရေးပေါ်လူနာတွေကို မွေးဖွားနိုင်အောင် ဆောင်ရွက်ပေးပြီး ဖြစ်ပါတယ်။ အခုဆိုရင် လာရောက်ပြသတဲ့ လူနာတွေလည်း များလာပြီဆိုတော့ မေ ၁ ရက်က စပြီးတော့ သက်ဆိုင်ရာ

*စာမျက်နှာ ၁၆ ကော်လံ ၁* ❖

## တိုကျိုကမ္ဘာ့ပါရာလံပစ်ပြိုင်ပွဲသို့ မြန်မာမသန်စွမ်းအားကစားသမားများ ပါဝင်ယှဉ်ပြိုင်မည်

ရန်ကုန် မေ ၁

ဂျပန်နိုင်ငံ တိုကျိုမြို့၌ ဩဂုတ် ၂၄ ရက်မှ စက်တင်ဘာ ၅ ရက်အထိ ကျင်းပမည့် တိုကျိုကမ္ဘာ့ပါရာလံပစ်ပြိုင်ပွဲသို့ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှ အားကစားသမားများ ပါဝင်ယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

“ဒီပြိုင်ပွဲက လေးနှစ်တစ်ကြိမ်ကျင်းပတဲ့ ပြိုင်ပွဲဖြစ်ပါတယ်။ တိုကျို ကမ္ဘာ့ပါရာလံပစ်ပြိုင်ပွဲနဲ့ ဗီယက်နမ်နိုင်ငံ၌ ကျင်းပမည့် (၁၁)ကြိမ်မြောက် အာဆီယံပါရာလံပစ်ပြိုင်ပွဲအတွက် လက်ရွေးစင်အားကစားသမားတွေကို မေလပထမပတ်မှ စတင်ကာ စခန်းသွင်းလေ့ကျင့်သွားမယ်။ အားကစားသမားတွေရဲ့ စံချိန်တွေလည်း ပို့ထားပြီးပါပြီ”ဟု မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီး မျိုးမြင့်(ငြိမ်း)က ပြောသည်။ တိုကျိုကမ္ဘာ့ပါရာလံပစ်ပြိုင်ပွဲသို့ မြန်မာမသန်စွမ်းအားကစားသမားများသည် သတ်မှတ်စံချိန်ဝင်နိုင်မည့် ပြေးခုန်ပစ်တွင် သက်ထူးအောင်၊ နန္ဒာလင်း၊ ရေကူးပြိုင်ပွဲတွင် အောင်မြင့်မြတ်၊ ကျော်ထူးတို့ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

ဒီဇင်ဘာ ၁၇ ရက်မှစတင်၍ အိမ်ရှင် ဗီယက်နမ်နိုင်ငံသည် (၁၁)ကြိမ်မြောက် အာဆီယံပါရာလံပစ်ပြိုင်ပွဲတွင် အားကစားနည်း ၁၁ နည်း ထည့်သွင်းကျင်းပရန် စီစဉ်ထားပြီး မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်အနေဖြင့် ပြေးခုန်ပစ်၊ ရေကူး၊ မျက်မမြင်စစ်တုရင်၊ ဂိုးဘော၊ ဘိုစီယာဘော၊ အလေးမနှင့် မြားပစ်အားကစားနည်းခုနစ်နည်းသာ ပါဝင်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း သိရသည်။

**အာကာလင်း**

အသိအမြင် ကြွယ်ဝ အမှန်မြင်ကြပါစေ ... ဆောင်းပါး စာ ၆

အစ္စရေးနိုင်ငံတွင် နောက်ထပ် ကိုဗစ်-၁၉ ကူးစက်ခံရသူ ၈၇ ဦးတွေ့ရှိ စာ ၁၃

မြို့နယ်အချို့၌ ဆူပူဆန္ဒပြမှုများအား ဖြိုခွဲထိန်းသိမ်းခြင်းနှင့် နိုင်ငံတော်ဆန့်ကျင်ရေးစာသားပါစာရွက်များနှင့်အတူ တွေ့ရှိသူများအား ဖမ်းဆီး စာ ၂၈

# မန်ယူနှင့် လီဗာပူးတို့ တွေ့ဆုံနေသည့် ပရီမီယာလိဂ်ပွဲစဉ် (၃၄) ယှဉ်ပြိုင်ကစားမည်

ပရီမီယာလိဂ် ပွဲစဉ် (၃၄) အဖြစ် မေ ၂ ရက် (ယနေ့)တွင် အသင်းကြီး မန်ယူအသင်းနှင့် လီဗာပူးအသင်းတို့ ပွဲစဉ်ကို မန်ယူအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ပရီမီယာလိဂ် ၃၃ ပွဲကစားပြီးချိန်တွင် အမှတ်ပေးဇယားကို မန်စီးတီးအသင်းက ၇၇ မှတ်ဖြင့် ဦးဆောင်ထားသည်။

မန်ယူနှင့် လီဗာပူးအသင်းတို့ ပထမအကျော့ လီဗာပူးအိမ်ကွင်းတွေ့ဆုံခဲ့စဉ်က ဂိုးမရှိ သရေကျထားသည်။

*စာမျက်နှာ ၁၆ ကော်လံ ၃* ❍

